


Scanned by CamScanner

# မယ်မင်းဘုံ

## မိုးလုံလေလုံ အိမ်ထောင်ပြုသည်

၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၅၅၇၃)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

မယ်မင်းဘုံ

မိုးလုံလေလုံအိမ်ထောင်ပြုသည်၊ မယ်မင်းဘုံ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၇၆-စာ၊ ၅×၇

(၁) မိုးလုံလေလုံအိမ်ထောင်ပြုသည်

Book Sharing

Scanned by CamScanner

## မယ်မင်းဘုံ၏ထွက်ပြီးစာအုပ်များ

၁။ အချစ်ခရီးယားပြင်ပသို့ရောက်ရှိနေပါသဖြင့် (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၂။ ချစ်ရင်...နှစ်မိနစ်တောင် (ရွှေဝင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)

၃။ ငွေတောင်ပြည်က မြူသု (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၄။ ချစ်သူလိုင်းဖို့ ဒေးကရင်ပ် (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည် (ရွှေဝင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)

၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၇။ ဆယ်ကျော်သက်ဂိမ်း

၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စွန့်ဆာပေးခဲ့သည်။ (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၉။ ကျွန်မသာ စိတ်ပကောက်ခဲ့ဘူးဆိုရင် (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၁၀။ နဂူးမှာရေးဖို့မေ့တဲ့စာ (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၁၁။ အနန်းပြိုကသတို့သား (မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ် (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသိပါ (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၁၅။ ပင်လယ်အဘေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည် (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၁၆။ ဘာညာသာရကာ (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၁၇။ ပျားရည်ဆမ်းဒွိဟ (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၁၈။ အနမ်း Equation (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၁၉။ တဆိတ်လောက်ခင်ဗျာ - ချစ်သူကို...ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၂၀။ အငြိုးကွန်ယက်နတ်သမီး (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၂၁။ မျိုလေးရည်းစား ငြိကြီးသား (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၂၂။ အမုန်းပြယ်ဝိုင် (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၂၃။ နှလုံးသား Hacker (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၂၄။ ကွန်းနိုဖြစ်သောမျက်ဝန်းလေးဆီ(အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၂၅။ သူစိတ်နှလုံးတဲ့ကြားဖြတ်အစီအစဉ်(အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၂၆။ 4 in 1 (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၂၇။ လရောင်ဝင်းဝင်းသမီးရည်းစား (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည် (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

၂၉။ နေမထိအလွမ်း၊ (အောင်သိဒ္ဓိဗီဒီယိုမှ ဝယ်ယူပြီး)

<u>ယခုလ</u>

၃၀။ မိုးလုံလေလုံ အိမ်ထောင်ပြုသည်

Scanned by CamScanner

မိန်းမတစ်ယောက်ကို
ချစ်ရတာဟာ
ကော်ဖီခွက်ထဲ ပြုတ်ကျသွားတဲ့
ယင်ကောင်လိုပဲ။
ယက်ကန် ယက်ကန်နဲ့
အဲဒီခွက်ထဲမှာတင်
ရေတိမ်နစ်ရတယ်။



Scanned by CamScanner

## (၁)

ဂုဏ်ရှိးက ရေချိုးပြီးသည့်နောက်မှာ ရေသုတ်သင်ပြီး တာနှင့် ဝတ်ဖို့အဆင်သင့်တင်ထားသည့် ရှပ်အင်္ကျီနှင့် စတိုင်လ်ပန် ကို ဝတ်ဆင်လိုက်ကာ နက်ခ်တိုင်ပါ စည်းလိုက်သည်။ ပြီးတော့ သူ့မျက်နှာကို အစိုဓာတ်ဖြည့်တင်းပေးတဲ့ ခရင်မ်လိမ်းလိုက်ကာ ဆံပင်ကို ပိရိသေသပ်စွာ ဖြီးသင်သည်။ နောက်ဆုံး သူ့စိတ်ကြိုက် Davidoff ရေမွှေးဆွတ် လက်ပတ်နာရီကောက်ပတ်ပြီးသွားလျှင် မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် သဘောကျကျေနပ်စွာကြည့်ပြီး အခန်း ထဲက ထွက်လာခဲ့သည်။

"ဟော ... ကိုကိုတောင် ဆင်းလာပြီ၊ လာ ..., ဒီနေ့တော့ ပေါင်မုန့်ကို မီးလေးကင်ပြီး စတော်ဘယ်ရီဂျမ်လေးသုတ်





ထားတယ်၊ ပြီးတော့ နွားနို့ပူပူလေး စီစဉ်ထားတယ်၊ လာ ထိုင် ကိုကို"

သူ့လက်မောင်းကိုဆွဲခေါ်ကာ သူ့ကို ထိုင်ခုံမှာနေရာ ချထားပြီး သူမက နွားနို့ခွက်ကို သူ့ရှေ့လာချပေးသည်။ ဂုဏ်ရှိးက တစ်ချက်ပြုံးလိုက်ပြီးနောက် နွားနို့တစ်ငုံသောက်လိုက်ပြီးတော့ မှ စစ ကိုယ်တိုင် ပြင်ဆင်ထားတဲ့ ပေါင်မုန့်ကိုယူကာ စားလိုက် ၏။

"ဘယ်လိုလဲ ... စားလို့ကောင်းလား ကိုကို"

"အင်း ... အရမ်းကောင်းတယ်၊ ဒါပေမဲ့ ဘရိတ်ဖတ်စ်ကို စစ ကိုယ်တိုင်စီစဉ်ရတာ ပင်ပန်းပါတယ်ကွာ၊ ဒေါ်ထွေးရှိ နေတာပဲ၊ နန်းကြီးသုပ်တို့၊ ထမင်းကြော်တို့ တစ်ခုခုဒေါ်ထွေး စီစဉ်ပေးမှာပေါ့ စစရဲ့၊ စစ ကိုယ်တိုင်မလုပ်ပါနဲ့"

"အာ ... ကိုကိုကလည်း၊ စစက ဘရိတ်ဖတ်စ်လောက်ပဲ ပြင်ပေးရတာ၊ ကျန်တဲ့ heavy စာတွေကို ဒေါ်ထွေးဘဲချက် နေတာပဲဟာ၊ ကိုတို့ကို စစလက်ရာ ဒီလောက်တော့ စီစဉ် ပေးရမှာပေါ့၊ ဘာလဲ ... ကိုကိုက ဒါတွေ မကြိုက်လို့ စစ ကို မလုပ်နဲ့လို့ ပြောတာလား"

စစက သူ့ကို ခပ်ဆတ်ဆတ် လေသံလေးဖြင့် မေးလိုက်တာမို့ သူ့မှာ တော်တော်ပြာသွားရသည်။ တောက် ... သူကိုက ရှည်ကြောမိတာ။

"အဲဒီလိုသဘောပြောတာ မဟုတ်ရပါဘူး စစရယ်၊ ကိုယ်က စစလုပ်ပေးထားတာတွေကို မကြိုက်ဘဲရှိပါ့မလား၊ ဒါပေမဲ့ စစကို မပင်ပန်းစေချင်လို့ ပြောတာပါကွာ၊ စစ စိတ်ညစ်ချင်တယ်ဆိုလည်း သဘော ... သဘော ... နော်"

ဂုဏ်ရှိးစကားကြောင့် စစက ကျေနပ်ပြုံးလေးတစ်ခု ပြုံးလိုက်ကာ ...

"အင်း ... အဲဒါဆိုလည်း ဆက်စား"

"ကောင်းပါပြီခင်ဗျာ"

ဂုဏ်ရှိးက နောက်ရွှတ်ရွှတ်လေးပြောကာ ပေါင်မုန့်ယိုသုတ်ကို အားရပါးရစားပြသည်။ အဲဒီပုံစံလေးကို စစက ချစ်မြတ်နိုးစွာ စိုက်ကြည့်နေတာမို့ ဂုဏ်ရှိးမှာ နှစ်သက်ကျေနပ်စွာ စားနေတာဖြစ်သည်။ ပြီးတော့ ဒီနေ့မှာ သူပြောစရာကိစ္စလေးတစ်ခုကို စစအား ဘယ်လိုပြောရမလဲဆိုပြီး တွေးနေတာဖြစ်သည်။

"ကိုကို ဘာဖြစ်နေတာလဲ။ ငိုင်တိ ငိုင်တိုင်နဲ့"





"အင်း ... ဩော် ... ဟိုဟာ ... ဟိုဟာပါ။ စစကို ကိုယ် ပြောစရာရှိလို့"

"အမ်း ... ပြောလေ။ ပြောစရာရှိတာများ ... ဘာတွေ ငိုင်စဉ်းစားနေရတာလဲ"

စစက စားရင်းသောက်ရင်းကမှ သူ့ကို အေးရာအေးကြောင်း မေးတာမို့ သူက အဆင်ပြေလောက်မည်ဟု တွက်ဆမိလိုက်သည်။ အဲဒါကြောင့် တက်ကြွသွားကာ စကားစရတော့တာဖြစ်သည်၊

"ဟို ... ကိုယ့်သူငယ်ချင်း သုံးယောက်ရှိတာ သွေးအောင်က နိုင်ငံခြားမှာဆိုတာ စစ သိတယ်မှလား"

"အင်း ... သိတယ်လေ"

"အဲဒါ မနေ့က အဲ့ကောင်ကြီး ပြန်ရောက်တယ်လေ စစရဲ့။ အဲဒါ သူ့ကိုကြိုပွဲလေးလုပ်ဖို့ ဘီယာဆိုင်ထိုင်ကြမလို့။ ကိုယ် နည်းနည်းလေး အိမ်ပြန်နောက်ကျမယ်လို့"

ဂုဏ်ရှိးက ပြောပြီးသွားတာနဲ့ စစကို အကဲခတ်ကြည့်သည်။ စစမျက်နှာက ခပ်တည်တည်လေး ဖြစ်နေတာမို့ သူက နည်းနည်းတော့ ရင်ခုန်သွားရသည်။



Scanned by CamScanner

"အခုဟာက ကိုကိုက စစကို အသိပေးတာလား။ ခွင့်တောင်းနေတာလား"

"အာ ... စစကလည်း။ ကိုယ်က ပြောပြတာလေ။ ဒီကောင်ကြီးက ကိုယ်တို့မင်္ဂလာဆောင်တုန်းကလည်း မလာဖြစ်ဘူးမှုလား။ အဲဒါကြောင့်လည်း ပါတယ်။ ပြီးတော့ ကိုယ်တို့မတွေ့ရတာကြာပြီ"

"မသွားရဘူး"

စစက အသံပြတ်ပြင် တစ်ခွန်းတည်း ပြောလိုက်တာမို့ သူက စိတ်တော့ နည်းနည်းရှုပ်သွားရသည်။ ဟာ ... ဘာလဲကွာ။

"စစရယ် ... အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ။ ကိုယ်က အကုန်ချိန်းထားပြီးသား ဖြစ်နေပြီ။ ကိုယ်မသွားရင် မျက်နှာပျက်စရာတွေ ဖြစ်ကုန်မှာပေါ့"

"ဖြစ်ပစေပေါ့။ ကိုကို ဘာလို့ချိန်းသေးလဲ။ ကိုကိုပဲ ကတိပေးထားတယ်လေ။ အရက်၊ ဘီယာ ဘာဆိုဘာမှ မသောက်ဘူးလို့ ကတိပေးထားတာ မေ့သွားပြီလား"





"အေးပါ ... ကိုယ် တစ်ခါတလေ။ အား ... ကတိပေးတယ်။ ကိုယ် တစ်ငုံတောင် မသောက်ခဲ့ဘူး။ သွားပဲသွားတွေ့မယ်။ ဟုတ်ပြီလား"

သူက စစ လွှတ်အောင် စွတ်ကတိတွေပေးလည်း စစက မျက်နှာထားတင်းတင်းပြင့်ပင် သူ့ကို နိုးငြင်း၏။

"မရဘူး။ မသွားရဘူး။ ကိုကို အိမ်ကို ငါးနာရီ အတိဆိုတာနဲ့ ပြန်ရောက်ရမယ်"

"ဟား ... ကွာ။ စစရာ ... ကိုယ် role ကျတာပေါ့။ ချိန်းပြီးသားကို ဘယ်လိုဖျက်လို့ ရမှာလဲ"

"မရဘူး ... အင်းလေ ... အဲဒါဆို စစပါလိုက်မယ်"

စစက မဖြစ်နိုင်တာကို တောင်းဆိုတာမို့ သူက လေသွားလေသည်။ စိတ်လည်း တော်တော်ညစ်သွားတာပဲဖြစ်၏။

"စစကလည်းကွာ။ ယောက်ျားလေးတွေပဲ သွားတဲ့ဟာ စစ လိုက်တော့ ဘယ်ကောင်းမှာလဲ"

"ဟင် ... ကိုကို ပြောတော့ စစတို့ မင်္ဂလာဆောင်တုန်းက မလာဖြစ်လို့ တွေ့တာဆို။ မင်္ဂလာဆောင်အတွက် ရည်ရွယ်မှတော့ စစ လိုက်မှ ဖြစ်မှာပေါ့"



Book Sharing

Scanned by CamScanner

"စစကလည်း လိမ္မာပါတယ်ကွာ။ ကိုယ် ဒီတစ်ခါလေးပဲ။ နောက်နေ့ ဒီကောင့်ကို အိမ်ခေါ်လာမှာ။ စစနဲ့ မိတ်ဆက်ပေးရဦးမှာလေ"

"ဟုတ်လား။ အဲဒါဆိုလည်း အိမ်မှာပဲ ကိုကို့သူငယ်ချင်းတွေကို ထမင်းစားဖိတ် ကြိုပွဲကျင်းပလိုက်ပေါ့။ စစ တကယ် ပြောတာနော် ကိုကို။ မသွားနဲ့လို့ ပြောထားရက်သားနဲ့ ကိုကို သွားလို့ကတော့ စစ စိတ်ဆိုးမှာနော်။ စစကို ချစ်တယ်ဆိုရင် ကိုကို အလုပ်ပြီးတာနဲ့ အိမ်တန်းပြန်ခဲ့။ ဒါပဲ"

"စစ"

"ကို ... ကို"

စစရဲ့လေသံတွေက အရမ်းကို တင်းမာလာတဲ့ကာလာတွေမို့ ဂုဏ်ရှိးက ဟူးခနဲ လေပူမှုတ်ထုတ်ကာ သက်ပြင်းချလိုက်ရင်း ခေါင်းသာညိတ်ပြလိုက်သည်။

စစကို ချစ်တော့လည်း စစ ငြိုငြင်မှာ စိုးတာနဲ့ စစ ဘက်လိုက်ပြီး မိုက်ဘက် ပါရတော့တာဖြစ်သည်။



ယောက်ျားတစ်ယောက်ကို
ချစ်တဲ့အတတ်ပညာမှာ
ထိန်းချုပ်ဆွဲဆောင်နိုင်ခြင်းဆိုတဲ့ သီအိုရီကိုနိုင်မှ
အချစ်နန်းသက် ရှည်လိမ့်မယ်။ ။



## ၂

စစက မင်းသမီးရဲ့ ပွဲတက်အင်္ကျီဒီဇိုင်းဖြစ်နေတာမို့ cutting က အစ ကိုယ်တိုင် ဝင်လုပ်နေတာဖြစ်သည်။ အလုပ်ကို လောဘကြီးတဲ့သူ ဖြစ်တာမို့ စစရဲ့ရည်မှန်းချက်က ဒီလောက်နဲ့ တင် မတင်းနိုင်သေး။ စစရဲ့ ကိုယ်ပိုင် Brand အမှတ်တံဆိပ် တစ်ခုဖြင့် အထည်ချုပ်တစ်ခုထောင်ကာ International တန်းဝင် အောင် ဆောင်ရွက်ဖို့အထိ ရည်ရွယ်ကြိုးစားနေတာဖြစ်၏။

"မမ ... ဧည့်သည်ရောက်နေတယ်တဲ့"

"ဘယ်သူတဲ့လဲ"

"မတွယ်တာတဲ့ မမ"





"အိုခေ ... တွယ်တာ့ကို အိမ်ထဲမှာ စောင့်နိုင်းလိုက်။ ငါ ဒါလေး လက်စသတ်ပြီး ထွက်လာမယ်။ ဒေါ်ထွေးကို သေချာအစားအသောက် စီစဉ်ခိုင်းလိုက်"

"ဟုတ်ကဲ့ ... မမ"

စစက ကောင်မလေးကို လှမ်းမှာပြီးနောက်မှာ cutting ကို လက်စသတ်လိုက်သည်။ ပြီးတော့ တပ်ထားတဲ့ မျက်မှန်လေးကိုဖြုတ်ကာ အင်္ကျီရင်ဘတ်မှာချိတ်ရင်း အလုပ်ခန်း ထဲကနေထွက်ကာ အိမ်ထဲကို ပြန်ဝင်လာသည်။ ဧည့်ခန်းထဲမှာ သစ်သီး၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းတစ်အိုး ရှေ့ထားကာ Fashion TV channel ကို စိတ်ဝင်တစား ထိုင်ကြည့်နေသော တွယ်တာ့ကို တွေ့ရသည်။

"ဟယ် ... ဆောရီး၊ နင် စောင့်နေတာ ကြာသွားတယ်။ ငါ ကိုယ်တိုင် Cutting ဝင်နေလို့ဟ။ ဘာကိစ္စ ... ဖုန်း မဆက် ဘာမဆက်နဲ့ ရောက်ချလာတာ"

"အမယ်လေး ... ဆက်စရာမလိုပါဘူးအေ။ စစတို့ တစ်နေ့ တစ်နေ့ အလုပ်တွေများနေတာ ဘယ်မှသွားလို့ မရဘူး ဆိုတာ သိနေလို့ ဖုန်းမဆက်ဘဲ တန်းလာခဲ့တာ။ ဘယ် လိုလဲ ... အစစ အဆင်ပြေတယ်မှလား"



Scanned by CamScanner

တွယ်တာက မျက်ခုံးလေးပင့်ကာ မေးလိုက်တာမို့ စစက အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ပြေတာပေါ့ဟာ၊ မပြေဘူး ဆိုတာ ထုံးစံမရှိဘူး။ ခင်ဦးသစ်စရဲ့ဘဝမှာ အဆင်ပြေတာတွေချည်းပဲလေ ဟိ ဟိ။ ဒါနဲ့ နင်လည်း အတော်ငြိမ်ချက်သား ကောင်းနေတယ်နော် မိန်းမ။ facebook မှာလည်းပျောက်၊ ဖုန်းလည်းမဆက်နဲ့။ ဘာတုံး ... ခုမှ ကောက်ကာငင်ကာ ထပေါ်လာတယ်လို့ သရဲလာခြောက်တာလား"

"ဟား ဟား ... မဟုတ်ပါဘူးဟယ်။ ငါက ဆရာမကြီးဆီက ပညာလာယူတာပါ"

"ဘာပညာတွေတုံးဟဲ့။ ငါလည်း မသိရပါလား"

"ငါက ကိုသူနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီဟ"

တွယ်တာက သူ့ရည်းစားနဲ့ လက်ထပ်တော့မှာမို့ စစ့ကို လာပြောတာဖြစ်သည်။

"ကောင်းပါတယ်ဟာ။ ကိုသူက နင်နဲ့လိုက်တာပဲဟာ။ သူ့မိဘတွေကကော သဘောတူတယ်မှုလား"





"အေး ... တူပါတယ်။ ဖြစ်နေတာက ငါ့အိမ်ကဟာ။ ကိုသူက ဘူတယ် အတယ်ဆိုပြီး အင်တင်တင် လုပ်နေတယ်လေ။ သူကလည်း သူပဲဟာ။ ငါကချည်း သွက်လက်နေတော့ မေမေတို့က ငါ့ဆူတာပေါ့"

"ဩော် ... ဖြစ်ရမယ်။ ကိုသူက အနေအေးတာပါဟဲ့။ နင်သူ့ကိုရတာ ကံကောင်းတယ်။ သိတယ်မှုလား ... ဒီခေတ်မှာ ယောကျ်ားတွေက ရတက်မအေးချင်စရာ စရိုက်တွေ တစ်ယောက်တစ်မျိုး ပိုင်ထားတာ။ ပြစ်ချက်အကင်းနိုင်ဆုံး အနည်းဆုံးလူမျိုး ရှာတွေ့ထားတုံး ယူလိုက်။ ငါ့အမြင်ပြောရရင် ကိုသူက မဆိုးပါဘူးဟယ်"

စစက ထုံးစံအတိုင်း ဆရာမကြီးဒီဇိုင်းဖြင့် တွယ်တာကို လက်ချာတွေ ရိုက်နေတာဖြစ်သည်။ စစတို့ သူငယ်ချင်းတွေထဲမှာ တွယ်တာပဲ အိမ်ထောင်ကျဖို့ ကျန်တာမို့ ဒီအပျိုကြီး အမြန်စွံအောင် တိုက်တွန်းနေရတာ ဖြစ်၏။

"ရည်းစားဘဝတုံးကသာ သူနဲ့ကိုယ် အဆင်ပြေရင်အားလုံး အိုခေတာ။ အိမ်ထောင်ပြုတော့မယ်ဆိုတော့ နှစ်ဖက်အသိုင်းအဝိုင်းပါလာတော့ စိတ်တူဖို့ဆိုတာ မလွယ်ဘူးဟ။ ငါလည်း

ယူတောင် မယူရသေးဘူး။ နှစ်ဖက်ညှိနှိုင်းနေတာကြည့်ပြီး စိတ်ဆင်းရဲလာလို့။ နင့်ဆီက idea လေး ဘာလေး လာတောင်းတာ။ ဘာလုပ်ရမလဲ စစ"

"ဘာကိုတုံး။ နင်တို့ ယူဖို့ဆုံးဖြတ်ပြီးပြီလေ။ ယူလိုက်တော့ပေါ့။ ကိုသူသာ နင့်ဘက်ပါပစေ။ သူ့နောက်က အသိုင်းအဝိုင်းဆိုတာ မကြည်ဖြူဘူးဆိုတောင် ရှေ့တည့်တည့်တော့ ထိုင်ငြိုငြင်ပြလို့ မရတော့ဘူး။ အရေးကြီးဆုံးကတော့ ဘယ်သူ ဘယ်သူမှ ဝင်စွက်တာ မခံရအောင် ကိုယ့်ဘာသာ သက်သက်နေ။ အဲဒါဆို ဘာမှမပူနေနဲ့"

စစက အေးရာအေးကြောင်း လက်ချာရိုက်နေတာတွေကိုနားထောင်နေပြီးမှ စစကိုမျက်စောင်းတစ်ချက်ကဲကြည့်ကာ...

"နင်ကျတော့ကော ကိုရိုးကို ဒီနည်းနဲ့ပဲ ကပ်ချုပ်နေတယ်ပေါ့"

အဲဒီမေးခွန်းအတွက် စစက ရယ်တောင်ရယ်မိသွားသည်။ ကိုကိုက အရမ်းကို ချစ်ဖို့ကောင်းတဲ့ယောကျ်ား ဖြစ်၏။ အရာရာကို စစရဲ့ Control အတိုင်း နေတာကိုပဲ ဘာမှအထွန့်မတက်တာတွေက ချစ်စရာ ဖြစ်နေလေသည်။





"ကိုကိုက ငါ့သဘောချည်းပဲ။ ငါက ဒါဆို ဒါပဲ။ အဲဒါကိုပဲ ကြည့်လေ။ ကိုကိုနဲ့ ငါ့အိမ်ထောင်ရေးက ဒီလောက်အိုခေမယ်လို့ ငါလည်း မျှော်မှန်းခဲ့တာ မဟုတ်ဘူး။ နင်နဲ့ကိုသူကမှ ချစ်ကြလို့ လက်ထပ်တာ။ ကိုကိုနဲ့ ငါက လူကြီးတွေတွေ့ပေးမှ ရည်စားသက်တမ်း ဘယ်လောက်မှ မကြာဘဲ လက်ထပ်လိုက်တာလေ။ အဓိက,ကတော့ ယောကျ်ားတစ်ယောက်ကို ချစ်တဲ့အတတ်ပညာမှာ ထိန်းချုပ်ဆွဲဆောင်နိုင်ခြင်းဆိုတဲ့ သီအိုရီပိုင်ဖို့လိုတယ်။ ငါတို့ အချစ်ရေးက ဘာမှခက်ခက်ခဲခဲမှ မရှိခဲ့တာပဲ ကြည့်လေ"

"အေးနော် ... နင်ကတော့ ကံကောင်းပါတယ်ဟာ။ ယောက္ခမတွေကလည်း ဖူးဖူးမှုတ်။ ယောကျ်ားကလည်း အရမ်းချစ်။ ဘာလိုသေးလဲ"

"လိုတယ် ... နင် မသိလို့"

"ဘာလဲ"

စစ စကားကြောင့် တွယ်တာက စိတ်ဝင်စားသွားဟန်ပေါက်သည်။ စစကို စိတ်ဝင်တစားဖြင့်ကို ဘာလဲဆိုတဲ့ အကြောင်းအရာကို မေးလာ၏။ စစက စိတ်ထဲက ဖြစ်နေတဲ့



Scanned by CamScanner

လူသိပ်မသိသေးတဲ့ အကြောင်းကိစ္စကို တွယ်တာကို ရင်ဖွင့်ချင်လာတာမို့ ပြောပြဖြစ်သွားသည်။

"ကိုကိုနဲ့ ငါက လူကြီးတွေပေးစားလို့ ယူကြတယ်ဆိုတော့ သူ့မိဘဘက်က ငါ့ကို မကြည်ဘူးတော့ ဘယ်ရှိပါ့မလဲ။ ဒါပေမဲ့ ငါ့စိတ်နဲ့ သိပ်သဘောမတွေ့တဲ့ သူတစ်ယောက်တော့ ရှိတယ်ဟ"

"ဟဲ့ ... အဲဒါ ဘယ်သူတုံး"

"အင်း ... ငါ့ယောက်မပဲ ဆိုပါစို့"

"ယောက်မ ... ဟုတ်လား။ ဟင် ... ကိုရိုးက တစ်ဦးတည်းသော သားဆို။ ဘယ်က ယောက်မက ပေါ်လာတာတုံး"

"ကိုကို့အစ်မအရင်း မဟုတ်ဘူးဟ။ ငါလည်း သူ့ကိုတစ်ခါမှတော့ မတွေ့ဖူးဘူး။ ဖုန်းတော့ တစ်ခါပြောဖူးတယ်။ ကိုကို ပြောတာကတော့ အဲဒီအမျိုးသမီးကို ငယ်ငယ်ကတည်းက မွေးစားခဲ့တာတဲ့။ အဲဒီအမျိုးသမီးရဲ့မိဘတွေက ကိုကို့မိဘတွေရဲ့ ကျေးဇူးရှင်လို့ ပြောတာပဲ။ သူက နိုင်ငံခြားမှာ နေတာဟ။ စကားပြောတဲ့ လေသံကတော့ အမြင့်စားပဲ"





"ဟင် ... နင်ကလည်း အဝေးကလူဟာကို၊ ပြီးတော့ ကိုရိုးအစ်မအရင်းလည်း မဟုတ်ဘဲနဲ့ စာရင်းမရှိပါဘူး စရယ်။ အဲဒါမျိုး ခေါင်းထဲကို ထည့်စရာ မလိုဘူး။ နင်က ဘာတွေပူပန်နေတာလဲ။ ဘာလဲ ... သူက နင်တို့ကြားထဲကို ကန့်လန့်တိုက်နေလို့လား"

"မတိုက်ပါဘူးဟ။ ဖုန်းတောင် ငါနဲ့ တစ်ခါပဲပြောဖူးတယ်။ ကိုနဲ့တော့ တစ်ခါ တစ်ခါ viber ပြောနေတာ တွေ့တာပဲ။ အင်း ... နင်ပြောသလိုပဲ တကယ်စာရင်းမရှိပါဘူး။ အခုဟာက ကြုံကြိုက်လို့ ပြောပြတာ။ နင်နဲ့ ငါတောင် မတွေ့ရတာ ကြာပြီဟာ။ ဪ ... နင်တို့မင်္ဂလာဆောင်အတွက် ငါ ဝတ်စုံစပွန်ဆာပေးမယ်"

တွယ်တာက စပွန်ဆာရသွားပြီမို့ ကျေနပ်လေသောအပြုံးဖြင့် တဟီဟီ ရယ်မောကာ ...

"ဟီ ဟီ ... စပွန်ဆာကတော့ ပေးပြီ၊ ကိုသူနဲ့ညှိနှိုင်းလို့ အဆင်ပြေတယ်ဆို carry on မယ်ဟေ့။ မင်္ဂလာဆောင်ဖိတ်စာ ပို့လိုက်မယ်"



Book Sharing

Scanned by CamScanner

အဲဒီလိုဖြင့် မတွေ့တာ ကြာပြီဖြစ်တဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ဟိုအတင်း ဒီအတင်း ထိုင်ပြောရင်း အချိန်တွေကုန်အောင် ဖြတ်သန်းကြတာ ကိုကို ပြန်လာမှပဲ စကားစကပြတ်တော့တာဖြစ်၏။





ရည်းစားဟောင်းရဲ့ ဖုန်းနံပါတ်ကို
နောက်ဆယ်နှစ်ကြာရင်
မှတ်မိချင်မှ မှတ်မိလိမ့်မယ်။
ဒါပေမဲ့ ...
အဲဒီရည်းစားဟောင်းကိုတော့
တစ်သက်လုံး မှတ်မိနေတာ သေချာတယ်။
အချစ်ဆိုတာ ...
အဲဒီလိုမျိုး ထင်ကျန်စေတဲ့ ဂုဏ်သတ္တိရှိတယ်။



## ❦ ၃ ❦

ဂျက်ရီးက ipad တစ်လုံးနဲ့ အင်္ဂလိပ်ဒီဇိုင်းတွေကြည့်ကာ အလုပ်ရှုပ်နေသော သူ့ရဲ့ချစ်ဇနီးလေး စစကို ငေးကြည့်မိကာ သနားတောင် သနားမိလေသည်။ စစဟာ အရမ်းကိုထက်မြက်တဲ့ မိန်းမတစ်ယောက် ဖြစ်၏။ ဒီနေ့ ဖက်ရှင်လောကမှာ အအောင်မြင်ဆုံး ဒီဇိုင်နာတစ်ယောက်အဖြစ် ရပ်တည်နိုင်ကာ သူ့ရဲ့ပါရမီပြည့်ဖက်ကောင်းအဖြစ် သူ့ကို သိပ်ချစ်သူလေး ဖြစ်လေသည်။

"စစလေး ... တစ်နေ့ကုန်လည်း အလုပ်တွေလုပ် ညဘက်ကျတော့လည်း online တက်ပြီး ဒီဇိုင်းတွေကြည့်၊ ဒီဇိုင်းတွေဆွဲနဲ့ စစ တော်တော်ပင်ပန်းမှာပဲကွာ"





ဂျက်ရီးက ခေတနာပါပါဖြင့် စစရဲ့ဇက်ကြောလေးကိုဆွဲပေးရင်းက မေးလိုက်လျှင် စစက သူတပ်ထားတဲ့ မျက်မှန်လေးရဲ့အပေါ်ကနေ ကျော်ကြည့်ကာ ...

"ဩော် ... ကိုယ်ဝါသနာပါတာကို လုပ်နေရတာပဲ ကိုကိုရဲ့။ ဝါသနာအရ လုပ်ခဲ့တာလေးက အကျိုးပေးပြီး အောင်မြင်လာတော့လည်း ဒီအောင်မြင်မှုရဲ့ effect ကိုတော့ ပျော်ရွှင်စွာ လက်ခံနိုင်ရမှာပေါ့ ကိုကိုရဲ့"

"ဟား ဟား ... စစကိုတော့ နိုင်အောင်မပြောနိုင်တော့ပါဘူးဗျာ။ ကိုယ်က ကိုယ့်ရဲ့မိန်းမလေး ပင်ပန်းနေမှာစိုးလို့ပါကွ"

"မိန်းမလေး"

စစက သူ့စကားကို သံယောင်လိုက်ကာ ပြန်ပြောရင်း သူ့ကို ပေစောင်းစောင်းကြည့်လေလျှင် သူ စကားပြောမှားပြီဆိုတာ သူ သဘောပေါက်လေသည်။ စစက စကားကိုလည်း အထာအနကောက်တတ်သူလေးမို့ သူ ချစ်ဇနီးနဲ့ ခေါ်မိတဲ့ မိန်းမလေးကို တစ်မျိုးတစ်မည် တွေးနေပြီဆိုတာ သူ သဘောပေါက်တာမို့ ဂျက်ရီးက အမြန်ရှင်းရတော့သည်။



Scanned by CamScanner

"နိုး ... နိုး ... ကိုယ်က သဘောရိုးပြောတာနော်။ ကိုယ့်ရဲ့စစကို ချစ်စနိုးနဲ့ ခေါ်မိတာနော်"

"မသိပါဘူး။ မိန်းမလေးဆိုတော့ မိန်းမကြီးများရှိနေသေးလားလို့"

"ဟာ ... စစကလည်းကွာ။ ကိုယ့်မှာ စစ တစ်ယောက်တည်းပဲ ရှိတာပါကွာ။ ကျန်တာ အားလုံး ဖွဲ့နဲ့ဆန်ကွဲချည်းပဲ"

"ဟွန့် ... အပိုတွေ"

စစက ကျေနပ်သွားသော အပြုံးနုနုဖြင့် သူ့ပခုံးမှာနွဲ့ညွှတ်စွာ ခေါင်းမှီလေသည်။ ဂျက်ရီးက စစ ပခုံးလေးကို ပွေ့ဖက်ထားရင်းနဲ့ သူ့စိတ်က ဖြုန်းခနဲ ဟိုကောင်တွေဆီ စိတ်ရောက်သွားလေ၏။ ဒီအချိန်ဆို ဟိုကောင်တွေတော့ Pionner မှာ မြူးကြွတဲ့ beat တွေကြား လှုပ်ရင်းခါနေကြကာ သူ့ကိုတောင် မေ့နေကြမှာ ဖြစ်သည်။

"ကိုကို ... စိတ်က ဘယ်တွေရောက်နေတာလဲကွာ၊ စစ ပြောတာ မကြားဘူးလား"





ခပ်ဆောင့်ဆောင့်လေသံဖြင့် မေးကာ သူဖက်ထားတဲ့လက်ကို ဆတ်ခနဲ ဖြုတ်ချတာမို့ ဂျက်ရီးဟာ စိတ်ညစ်သွားရလေသည်။ ဟား ... သူကလည်း သူပဲကွာ။ စိတ်က ကလပ်ထဲက beat တွေကြားထဲ ရောက်သွားတာမို့ သူ့ဘေးက စစ ဘာပြောနေသလဲဆိုတာ သူ ရုတ်တရက်တော့ မကြားမိချေ။ စစ စိတ်ဆိုးမှပဲ သူ့စိတ်က ဒီပြန်ရောက်လာကာ စစကို ပျာပျာသလဲ တောင်းပန်ရတော့တာဖြစ်၏။

"ဆောရီး ... ဆောရီး စစရယ်။ ကို မနက်က အလုပ်ကိစ္စ ခေါင်းထဲရောက်သွားတာမို့ မကြားမိတာပါ။ ဘာ ... ဘာလဲဟင်"

"ကိုကို ဘာဖြစ်နေတာလဲ။ လူကသာ စစ အနားနေနေတာ စိတ်က ဘယ်သူ့ဆီ ရောက်နေရတာလဲ။ ခေါ်မကြား အော်မကြားနဲ့"

တိန် ... တိန် ... တိန် ...။ သေစမ်းကွာ။ သူကိုက အသုံးမကျတာပဲဖြစ်၏။ မိန်းမကို ဘေးနားထားပြီး စိတ်က ကလပ်ရောက်နေရတယ်လို့ကွာ။ အမှန်တိုင်းသာ စစ သိမယ်ဆိုရင် သူ့ရဲ့အရေးတော်ပုံကြီးက ပိုပြီးကြီးမားသွားမှာဖြစ်၏။



Scanned by CamScanner

"စစရယ် ... အဲဒီလို မဟုတ်ရပါဘူးကွာ။ ကိုယ် တကယ် အလုပ်ထဲ အတွေးရောက်သွားလို့ပါ။ တကယ် တောင်းပန်တယ်။ နောက်အဲဒီလို မဖြစ်စေရဘူး။ ကတိ ... ကတိ။ တောင်းပန်တယ်နော်။ စစ ဘာပြောတာလဲဟင်"

"ကျစ် ... ကိုကိုနော်။ ဒီကတော့ သူ သူ့အပေါင်းအသင်းတွေနဲ့ အခင်မင်ပျက်မှာစိုးလို့ ဟိုနေ့က စစကြောင့် ပျက်သွားတဲ့ ပွဲအတွက် ကိုကို့သူငယ်ချင်းတွေကို အိမ်မှာ တစ်ပွဲ စီစဉ်ပေးဖို့ ပြောမလို့ဟာ။ တော်ပြီကွာ"

ဟာ ...။ ဂုဏ်ရီးက ရှားမှရှား အခွင့်အရေးမို့ ဘယ်လိုမှ လက်မလွှတ်ခံနိုင်စွာ စစကို အသည်းအသန်တောင်းပန်ရလေသည်။

"ဟား ဟား ... အဲဒီလို မလုပ်ပါနဲ့ကွာ။ လုံးဝတောင်းပန်တယ်။ နောက် အဲဒီလို အတွေးလွန်တာမျိုး မဖြစ်စေရဘူး။ ဟို ... ခု ... ခုနကပြောတာက တကယ်ပဲလားဟင် စစ"

စစက ဖွေမယူတော့ဟန်ဖြင့် သူ့ကို မျက်စောင်းတစ်ချက် ကဲကြည့်ပြီးမှ ...





"အင်း ... မနက်ဖြန်ညနေလောက် စီစဉ်ချင် စီစဉ်လိုက်လေ၊ ကိုကို့ရဲ့ သူငယ်ချင်းတွေကို ဧည့်ဝတ်ကျေအောင် စစ စီစဉ်ထားမယ်။ ကိုကို ဖိတ်လိုက်လေ"

သူက ရေး–ခနဲ ထမခုန်မိအောင် ငြိမ်နေရတာဖြစ်သည်။ စစကို အဲဒါလေးတွေကြောင့် သူက ပိုချစ်ရလေသည်။ အဲ ... ဒါပေမဲ့ အခွင့်အရေး ရတုံးလေး ထပ်ပြီးတောင်းဆိုပါဦးမှ။ ဂုဏ်ရီးက ထမင်းစားဖိတ်ရုံလောက်နဲ့ ရင်မခုန်တတ်သောဘော်ဘော်တွေအကြောင်းကို သိနေတာမို့ စစ ဆီမှာ ကြိုတင်ပါမစ်တောင်းရလေသည်။

"ဟို ... စ ... စ ... ကိုယ့်ဘော်ဒါတွေက နည်းနည်းပါးပါးတော့ သောက်တတ်ကြတယ်။ ဟိုဥစ္စာလေ ... ကိုယ် ... ကိုယ်တို့က ထမင်းစား ဖိတ်တယ်ဆိုတော့ ..."

သူ့စကားစက အဲဒီမှာ မဆိုသလောက်လေး ရပ်တန့်သွားလေသည်။ စစ တစ်ယောက် သူ့ကို ဆတ်ခနဲ မျက်လုံးလှန်ကြည့်တာမို့ သူ့စကားမဆက်ရဲတော့တာဖြစ်သည်။ စစက အပြုံးတစ်ပွင့် ဖန်ဆင်းခြွေချရင်းက ...



Scanned by CamScanner

"ဘာဖြစ်လဲ ... ဆက်ပြောပါ ကိုကိုရဲ့"

"ဟို ... ကိုယ် ... ကိုယ်တို့ဘက်က ရေမီးအစုံ ညှော်ဝတ်ကျေသင့်တယ်လို့ ပြောမလို့ပါ"

"ရေမီးအစုံ ... ဘာကိုလဲ"

"ဟိုလေ ... စစကလည်း နည်းနည်းပါးပါး သောက်မယ်လို့ ဆိုလိုတာလေ"

"အင်းပေါ့လေ ... ကိုကို့ရဲ့ညှော်သည်တွေဆိုတော့ သည်းခံပေးလိုက်ပါ့မယ်"

အခြေအနေက ဂွတ်ထနေတာမို့ ဂုဏ်ရှိးက အဆစ်ကလေးပါ ထပ်တောင်းလိုက်သည်။ ဒီလို ရာသီဥတုက အင်မတန်ရှားမှ ရှားတယ်မဟုတ်လား။

"ကိုယ်လည်း နည်းနည်းလေး သောက်မယ်နော် စစ"

"ဟင်း ... ကိုကိုက ကုလားအုတ်ပုံပြင်ထဲကလို ဖြစ်နေပြီ။ ဒီတစ်ခါပဲ ရမယ်နော်။ အများကြီးလည်း မသောက်ရဘူး။ ကိုကို့ပုံစံ အချိုးမပြေရင် သောက်ခွင့်ပါမစ်ပါ ပိတ်မယ်။ ဒါပဲ"





စစက သဘောကောင်းသော တစ်ချက်လွှတ်အမိန့်ဖြင့် သူ့ကို အပြတ်ပြောလေလျှင် သူဟာ ဟုတ်ကဲ့ပါဗျဆိုပြီး စစကို ခပ်တင်းတင်း ပွေ့ဖက်ထားလိုက်သည်။ စစက အဲဒီလိုလေးလည်း ချစ်ဖို့ကောင်းပြန်သေးသည်။

❦ ○ ❦



Book Sharing

Scanned by CamScanner

"ဟာ ... မင်းကလည်းကွာ။ တစ်ဆိုင်ဆိုင်သွားလိုက် ပြီး တာပဲဟာကို။ သက်သက်မဲ့ အိမ်မှာအလုပ်ရှုပ်တာပေါ့"

လင်းသူ့ စကားကြောင့် ဂုဏ်ရှိးက ဘီယာတစ်ကျိုက်မော့ရင်း ပြုံးလိုက်မိသေးသည်။ ဒီကောင်တွေကတော့ သူ့ကို ဘာမှမသိဘဲ စွတ်အထင်တွေကြီးနေတာ။ သူကတော့ အိမ်မှာ ထမင်းကျွေးဖိတ်ဖို့ကိုတောင် စစကို ကတိအထပ်ထပ်ပေးရတာ ဒီကောင်တွေမသိ။

"မင်းကလည်း ... အိမ်မှာကျတော့ လွတ်လွတ်လပ်လပ် စကားပြောလို့ ရတာပေါ့ကွ။ ဟေ့ကောင်တွေ မင်းတို့ဆက်ဆက်လာကြနော်။ ညနေ မမေ့နဲ့ဦး"

"အေးပါကွ။ ဟေ့ကောင် ... ငါတို့ ပုလင်းဆွဲခဲ့ရဦးမလား"

"မလိုဘူး ... ရေမိီးအစုံ၊ မော်တာပါ တပ်ထားပေးတယ်ကွာ"





ဂုဏ်ရှိးက တမင်တကာ ပိုပိုသာသာလေး ပြောလိုက်လျှင် ဟိုကောင်တွေကတော့ ရေလည်ပျော်နေကြတာဖြစ်သည်။ နေ့ခင်းပိုင်း လင်းသူက သူ့ရုံးခန်းကို ရောက်လာတာကြောင့် သူက မိန်းမလစ်တုန်း အချိန်ရတုန်းလေး နေဇော်တို့ကိုပါ လှမ်းချိန်းကာ စားသောက်ဆိုင်သွားရင်း စားရင်းသောက်ရင်း စကားပြောနေကြတာဖြစ်သည်။

"မင်းကော မယူသေးဘူးလား နေဇော်။ ဘာလဲ ... နောက်ဆော်ရှာနေတာလား"

"ဟား ဟား ... မဟုတ်ပါဘူးကွာ။ ငါက လူပျိုလုပ်လို့ မဝသေးလို့ကွ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဟိုကောင် ဂုဏ်ရှိးလို အိမ်ထောင်သည်ကြီးဖြစ်ပြီး မင်းတို့ချိန်းတဲ့နေရာ မလာနိုင်ဖြစ်နေတော့ ဘယ့်နှယ်လုပ်မလဲ"

နေဇော်က ဟိုတစ်ခါချိန်းတဲ့ကိစ္စ သူပွဲဖျက်လိုက်တာကို နောက်ပြီး ပြောနေတာမို့ သူက သဘောတကျ ရယ်မိသွားသည်။

သူကလည်း သူပဲလေ။

"ဆောရီးပါကွာ။ ငါ နောက်တစ်ခါ မဖြစ်စေရဘူး။ မင်းတို့တွေ မိန်းမ မရဘူးသေးလို့ကွ။ အိမ်ထောင်သည် ဖြစ်



Scanned by CamScanner

လာပြီဆိုရင် လူက အလိုလို Mature ဖြစ်သွားတော့တာပဲ။ ငါက အခုချိန်မှာ အရင်တုန်းကလို သိပ်ဖလန်းဖလန်းတော့ ထလို့မရတော့ဘူးလေကွာ"

"မင်းကြည့်ရတာ ခင်ဦးသစ်စကို တော်တော်လေး ချစ်နေပုံပဲ။ ဘာလဲ သားကြီး မယကဘွဲ့ကိုတော့ ချစ်တာနဲ့မခံ ယူနဲ့ကွာ။ မင်းအမေ ငါမကြိုက်ဘူး"

ဒီကောင်တွေက နောက်ရွတ်ရွတ်ဖြင့် စကားတွေ ဖောင်ဖွဲ့နေချိန်မှာ စစဆီက ဖုန်းကဝင်လာတာမို့ သူက ဟိုကောင်တွေပါးစပ်ကို အမြန်လှမ်းပိတ်လိုက်ရလေသည်။

"ဟား ဟား ... ဟောကောင်တွေ ... ရှူး ရှူး ခဏလေး Silent zone လုပ်ပေးထားစမ်းပါကွာ"

"ဘာဖြစ်တာလဲ"

"ရှူး ... တိတ်တိတ်နေကွာ၊ ငါ့မိန်းမဆီက"

ဂုဏ်ရှိးက မျက်နှာရိပ် မျက်နှာကဲဖြင့် ပါးစပ်ပိတ်ဆိုတဲ့အထာပြကာ ဖုန်းကို ခပ်မြန်မြန်ကိုင်ရသည်။

"ဟယ်လို ... စစ 'ပြော"

"ကိုကို ... ဖုန်းကိုင်တာကလည်း ကြာလိုက်တာ၊ ဘာလုပ်နေလို့လဲ"





"သြော် ... ဒီမှာ ... အလုပ်ဖုန်းတကော ပြောနေရလို့ စစရဲ့။ အဲဒါ ဖြတ်ပြီး စစ ဖုန်းကိုကိုင်တာ။ စစ ပြောလေ"

"ကိုကို့ညီ့သည်တွေအတွက် ဒေါ်ထွေးလည်း စီစဉ်ထားတယ်။ ပြီးတော့ စစလည်း ဟိုတယ်က မှာပေးထားသေးတယ်။ ညနေ ကိုကို့သူငယ်ချင်းတွေလာဖို့ကိစ္စ Confirm ဖြစ်တယ်နော်"

"သြော် ... အေး ... ဟုတ်တယ်။ အဆင်ပြေတယ်လေ စစရဲ့"

"အင်း ... ပြီးရော ... ပြီးရော ... အဲဒါ လှမ်းပြောတာ။ ဒါနဲ့ ကိုကိုက အခု ရုံးမှာနော်"

ထပ်ပြီးမေးတဲ့ မေးခွန်းကြောင့် သူက ဒိန်းခနဲတော့ ဖြစ်သွားရသည်။ ဒါပေမဲ့ နည်းနည်း စိတ်အေးစရာတစ်ခုက စစ ဆက်နေတာ အိမ်ဖုန်းမို့လို့ သူ ဖိန့်ရဲတာဖြစ်သည်။ ဂုဏ်ရှိးက လေသံကို ပုံမှန်အတိုင်းထားကာ ခပ်တည်တည် ပြန်ဖိန့်ရလေသည်။

"ရုံးမှာပေါ့ စစရဲ့။ ကိုကို့မှာ အလုပ်တွေရှုပ်နေတာ။ ဘာဖြစ်လို့လဲ စစ"



Scanned by CamScanner

"ဩော် ... ဘာမှမဟုတ်ပါဘူး။ အဲဒါဆိုလည်း ဒါပဲလေ ကိုကို။ စောစောပြန်ခဲ့ဦး"

စစက သူ့ကို ယုံကြည်စိတ်ချသွားဖွာဖြင့် မှန်းချ သွားကာမှ သူ့မှာ ဟူးခနဲ သက်ပြင်းချနိုင်တော့သည်။ သူ့ရဲ့ ပုံစံတွေကို လေ့လာအကဲခတ်နေတဲ့ ဘော်ဒါဘော်ကြွပ်တွေက ဘီယာလေးသောက်ရင်း ပြုံးစိစိမျက်နှာပေးဖြင့် ...

"သယ်ရင်း ... ဂါတယ်ကွာ။ မင်းမိန်းမကို တော်တော် ကျွတ်ကြဲတာပဲကွ။ လေသံက အချိုးကို ပြေနေတာပဲ ဟား ဟား"

လင်းသူက နောက်ရွတ်ရွတ် ပြောလိုက်လျှင် သူက မခံနိုင် ဖြစ်သွားသည်။ ဒီကောင်တွေရှေ့မှာတော့ သူ ကျွတ်ကြဲပြ လို့ မဖြစ်ဘူး။

"ဟား ဟား ... ဟေ့ကောင် ဂုဏ်ရှိးမာန်ကွ။ မိန်းမကြောက် ရတယ်ဆိုတာ အိပ်မက်ထဲမှာတောင် မမက်ဖူးခဲ့ဘူး။ ပေါက် တယ်နော်။ ငါ့ဇကို သိပါတယ်"

"ဟား ဟား ... ငါတို့ ကြားနေရတာကတော့ လေသံ တွေက ပျော့နေတဲ့ ကာလာကြီးနဲ့ပါကွာ။ အဟားဟား"





"ဟေ့ကောင် ... အဲဒါ ကြောက်တာမဟုတ်ဘူး။ ချစ်တာ ... ချစ်တာ"

"ဟား ဟား ... အေးပါ ... အေးပါ ... ငါတို့စောင့်ကြည့် ပါ့မယ်"

"ကြည့်ပါ။ ကြည့်ပါ။ ကဲ ... သားကြီးတို့ လိမ့်ရအောင် ကွာ။ ညနေလည်း ပွဲရှိတဲ့ဟာ လစ်စို့"

သူကပဲ စတင်ကာ ပြန်ဖို့လော်ဆော်လိုက်တာဖြစ် သည်။ ဘေလ်ရှင်းပြီးနောက် ကားပါကင်မှာ ကားယူတုန်း သူ့ ကို တစ်ယောက်က လာခေါ်တာဖြစ်၏။

"ဂုဏ်ရှိး"

နူးညံ့ညင်သာသော ခေါ်သံကြောင့် သူကလှည့်ကြည့် မိသွားသည်။ ဖြန်းခနဲမို့ အဲဒီအမျိုးသမီးလေးကို သူက ဘယ်သူ မှန်းမသိ။ ဒါပေမဲ့ သူ့ဦးနှောက်မှတ်ဉာဏ်ဟာ စက္ကန့်ပိုင်းအတွင်း မှာတင် အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလကို ချိတ်ဆက် ဆက် သွယ်ပေးကာ ဘယ်သူဆိုတာ တန်းခနဲ မှတ်မိသွားကာ သူ့ပါးစပ် က အလိုလို ထွက်မိသွားလေသည်။

"နေခြည်"

ဂုဏ်ရှိးက သူ့အမူအရာ အနည်းငယ် အိုဗာဖြစ်သွားတာကို သူလည်း ကိုယ့်ဘာသာ သတိပြုမိသွားတာမို့ ပြန်ထိန်းလိုက်ရသည်။

"နေခြည်ပါလား။ မတွေ့ရတာ ကြာပြီနော်"

"အင်း … ဟုတ်တယ်နော်။ နေခြည်က တူပါတယ်ဆိုပြီး လှမ်းခေါ်လိုက်တာ။ ဘယ်လာတာလဲ။ လင်းသူတို့နဲ့တတွဲတည်း တွေ့လိုက်ပေလို့ သေချာတယ်ဆိုပြီး လှမ်းခေါ်တာ"

နေခြည်က ဟိုအရင်ကတိုင်း အဲမဟုတ်ဘူး ဟိုအရင်ကထက် ပိုမိုလန်းဆန်းလှပလာကာ ပိုပြီးတော့ အမိုက်စားဖြစ်လာ၏။

"အင်း … မတွေ့တာ ကြာပြီနော်။ ဘယ်လိုလဲ နေခြည်။ ခုထိ တစ်ယောက်တည်းပဲလား။ အမျိုးသားကော"

လင်းသူက ကြားထဲကနေ ဝင်လော်ပေးလေလျှင် သူက မျက်နှာတော့ ပူရလေ၏။ သူ လှမ်းဟန့်တာတောင်အချိန်မမီဘဲ နေခြည့်ကို သွားချုပ်နေတာ ဖြစ်၏။

"အမယ်လေး … နင်တို့နဲ့ မတွေ့ရတာ ဘယ်လောက်များ ကြာသေးလို့လဲ။ ငါ မင်္ဂလာဆောင်ရင် ဖိတ်မှာပေါ့ဟဲ့"





"ဟား … ဒါဆိုရင်တော့ အပျိုကြီးစာရင်းထဲ ဝင်နေပြီပေါ့။ နောက်ရက် အေးအေးတွေ့မယ်လေ။ ဟေ့ကောင် … ဂုဏ်ရှိး … မင်း ကတ်ပေးလေ။ နေခြည် … နင့်ကတ်ပေးဦးလေဟာ"

နေခြည့်ရှေ့မှာ တောင်းနေတာမို့ သူက မဖြစ်မနေထုတ်ပေးရတော့၏။ ပြီးတော့ သူ့လက်ထဲကို နေခြည့်ရဲ့ visiting card ရောက်လို့လာလေသည်။

"Ok နောက်မှ တွေ့မယ်လေ။ ဖုန်းဆက်လိုက်မယ်။ ခုတော့ နေခြည် နေခြည့်ညည်သည်တွေနဲ့ ချိန်းထားတာရှိသေးလို့ သွားလိုက်ဦးမယ်"

"ဩော် … အင်း … အင်း"

"တာ့တာ … နေခြည် ဖုန်းဆက်မယ်နော်"

နေခြည် ထွက်သွားတာကိုတောင် အနောက်ကနေ လင်းသူတို့က လှမ်းအော်ပြောနေသေးတာကြောင့် သူကလှမ်းဟန့်ရလေသည်။

"ဟေ့ကောင်တွေ … တော်တော့လေကွာ။ မင်းတို့ကလည်း"

"ဟေ့ကောင် … နေခြည်တစ်ယောက် အရင်ကထက်ပိုမိုက်လာတယ်နော်"

"ဟော့ ... မင်းတို့ စကားပြောဆင်ခြင်စမ်းပါ လင်းသူရာ။ ငါ အိမ်ထောင်ပြုလိုက်ပြီလေကွ။ စကားပြော ဆင်ခြင်စမ်းပါကွာ"

"ဟား ဟား ... မင်းတောင် တော်တော်ရင့်ကျက်လာပြီပဲ။ အေးပါကွာ ... မင်းရဲ့ရည်းစားဟောင်းလေးကို ငါတို့ပဲ ဆက်လက်ခင်မင်ပါတော့မယ်"

ဒီကောင်တွေ ပြောင်တွေမို့ ဆက်ပြောလည်း ထူးတော့မှာ မဟုတ်တာကြောင့် သူက ဆက်မပြောတော့ဘဲ ပြန်လာခဲ့တာဖြစ်သည်။ ဒီကောင်တွေ အာချောင်တာကို မေ့လျော့နေခဲ့သော သူဟာ စစနဲ့ မိတ်ဆက်ပေးဖို့ ညနေ အိမ်ကို ထမင်းစားအဖိတ်မှာ ထန်းရည်မူး၍ ကျွဲခိုးပေါ်ကုန်တော့တာ ဖြစ်သည်။

"ဟော့ကောင်တွေ ... မင်းတို့ များနေပြီ တော်တော့"

"အေးဆေးပါ ဂုဏ်ရှိးရာ။ ငါတို့က ဒီလောက်ကတော့ ပါးပါးလေး။ အားလုံး မှတ်မိတယ်။ မင်းနဲ့ နေခြည်ပန်တို့ ရည်းစားဖြစ်ခဲ့တာတွေကိုကော၊ ဒီနေ့ မင်းနဲ့တွေ့တာတွေကိုကော မှတ်မိတယ်"

"ဟား ... ဟော့ကောင်"





သူ့ဘေးနားက စစက သူ့ကို ဆတ်ခနဲ မျက်လုံးလှန်ကြည့်လေသည်။ ပြဿနာက မိုးမီးလောင်ပြီမို့ ဂုဏ်ရှိးဟာ အဲဒီကောင်တွေကို သတ်ပစ်ချင်စိတ်တောင် ပေါက်လေသည်။ စစကို သူက ခေါင်းသာခါယမ်းပြ၍ မဟုတ်ကြောင်း ငြင်းရုံငြင်းနိုင်ကာ ဟိုကောင်သုံးကောင်ရဲ့ပါးစပ်ပေါက်ကို အရင်ပိတ်ရလေသည်။

"ဟော့ကောင်တွေ ... မင်းတို့ မူးနေပြီ။ တော်တော့ ... ဘာတွေလျှောက်ပြောနေတာလဲ။ ပေါက်တတ်ကရတွေ"

"ဟား ... ငါမမူးပါဘူးကွာ။ ဟော့ကောင် ... ဘာလက်လေဘယ်လ်ကွ။ မူးရင်တောင် ညင်ညင်သာသာလေး မူးတာ။ မင်းက ဘာလဲ။ မင်းက ငါတို့ကို စည့်ခံရတယ်ဆိုပြီး ငြိုငြင်တာလား။ အချစ်ပေါ့တာလား"

"ဟော့ကောင်ကလည်း ... ဒီမှာ နေဇော် ... မင်းကလည်း သူလား နေခြည့်ကို အချစ်ပေါ့မှာ။ ကျောင်းတုန်းက သူပဲ နေခြည် နေခြည်နဲ့ အသည်းအသန် လိုက်နေတာလေ"

"ဟော့ကောင်တွေ ... မင်းတို့ ပေါက်ကရ မပြောနဲ့လေကွာ။ ငါ့မိန်းမရှေ့မှာ လာမကြပ်နဲ့နော်။ စစ ... အလကား ဒီကောင်တွေ လျှောက်ပြောနေတာ။ ဘာမှမဟုတ်ဘူး"



Book Sharing

Scanned by CamScanner

ဒီအချိန်မှာ သူဟာ ကျားနဲ့ဆင်ကြား ရောက်နေရသူလို ဖြစ်နေတာဖြစ်၏။ စစကလည်း သူ့ကို ရေရေလည်လည်ကို အဓိပ္ပာယ်တွေပါတဲ့ မျက်လုံးတွေနဲ့ ရှိုးနေပြီဖြစ်သည်။ အလိုက်ကန်းဆိုး တစ်စက်ကလေးမှ မသိတဲ့ ငမူးသုံးကောင်ကတော့ အလဲအကွဲပဲသောက်ကာ အမုန်းကို ပြောတော့တာဖြစ်သည်။ ချောလို့လည်းမရ ခြောက်လို့လည်းမရနဲ့ သူ့မှာ အကြီးအကျယ် ဒုက္ခတွေ့နေရတာဖြစ်သည်။

စစက သူ့ရဲ့ရှင်းလင်းထိန်းသိမ်းမှုကို ဘာမှကွန်ပလိန့် တက်မလာဘဲ သူ့ကို အဓိပ္ပာယ်တစ်မျိုးပါသော မျက်လုံးဖြင့် သာကြည့်၍ ဘာတွေ ဆက်ပြောဦးမလဲ နားစွင့်နေတာဖြစ်သည်။

"ဟေ့ကောင် ... မင်း ငြင်းဦးမလား။ ဟား ဟား ... ဒီကောင်ကွာ။ နေ့ခင်းတုန်းကကျ နေခြည် ကတ်ပေးတော့ မခုတ်တတ်တဲ့ကြောင် ဒီဖိုင်းနဲ့ ဟား ဟား ... အေ့"

"ဟေ့ကောင်တွေ ... သောက် ... သောက် ... ပြီးရင်ပြန်တော့ကွာ။ မင်းတို့မူးနေပြီ။ ငါ ကိုစိုးကြီးနဲ့ မင်းတို့ကို ပြန်ပို့ခိုင်းမယ်"

"ဟာ ... ငါတို့ မမူးပါဘူး။ မင်း နေခြည့်ကို စာလိုက်ပေး"

"နေဖော်"





"ကိုကို ... ညည့်သည်တွေ ပြန်သွားရင် စကားခဏပြောရအောင်။ အပေါ်ထပ်မှာ စောင့်နေမယ်"

စစက ရှုတည်တည်မျက်နှာပေးဖြင့် ပြောသွားကာ အပေါ်တက်သွားလေသည်။ စစ အပေါ်တက်သွားမှ သူက အဲဒီ ငမူးသုံးကောင်ကို နားရင်းအုပ်ရဲတော့တာ ဖြစ်သည်။

"သေကြစမ်း ... သေကြစမ်း ... မင်းတို့ ... ချီးထုပ်တွေ။ ငါ့ကို အရောက်ကို ကျေးဇူးဆပ်နေကြတာလား။ ထတော့ ... ထတော့ ... ဟေ့ကောင်တွေ။ မင်းတို့ ပြန်တော့ကွာ။ ကိုစိုးကြီး ... ကိုစိုးကြီး ... လာပါဦးဗျာ"

ဂုဏ်ရှိုးက သူ့ကို ရေရေလည်လည်မွှေသွားတဲ့ ဒီသုံးကောင်ကို ကိုစိုးကြီးနဲ့ သူတို့အိမ် သူတို့ အရောက်ပြန်ပို့ခိုင်းရလေတော့သည်။ သူ့မှာ သူ့လည်ပင်းသူ ကြိုးကွင်းစွပ်မိတဲ့ ဇာတ်ကို သွားစမိတာကြောင့် ပြဿနာကတော့ ကြီးပြီဖြစ်သည်။

ငမူးသုံးကောင် ပြန်သွားသောအခါ ဂုဏ်ရှိုးသည် စစကို ဘယ်ကစရှင်းပြရမလဲဆိုတဲ့ အတွေးတွေကြောင့် ရင်ခုန်လွန်း၍ အပေါ်ထောင်တက်ဖို့ အင်အားမရှိတော့ပါချေ။

စစက ပြောရင်းနဲ့မှ မျက်ရည်က ဝဲလို့လာလေသည်။ ပြောရမယ်ဆို ကိုကိုက စစရဲ့အချစ်ဦးဖြစ်၏။ အမြဲထက်ထက်မြက်မြက်နဲ့ မာရေကျောရေ ခပ်ရင့်ရင့်နေတတ်တဲ့ စစဟာ ဖေဖေမေမေတို့ စီစဉ်ပေးတဲ့ ကိုကို့ကို မြင်တဲ့အခါမှာ ကြွေခဲ့ရတာပဲဖြစ်သည်။ အခုတော့ စစ ချစ်ခဲ့ရသမျှ အားလုံး အလကားပဲ။ အဆိုးဝါးဆုံး ခံစားချက်ကတော့ သူ့ရည်းစားဟောင်းနဲ့ ဒီနေ့ ဆုံတယ်ဆိုတဲ့ ခံစားချက်ပဲ ဖြစ်၏။

"မဟုတ်ရပါဘူး စစရယ်။ ကိုကို လိမ်ခဲ့တယ်ဆိုတာ တမင်တကာ ရည်ရွယ်ချက်ကြီးနဲ့ မဟုတ်ပါဘူး။ ပြီးတော့ အဲဒါက ကျောင်းတုန်းကကိစ္စတွေ။ ကြာခဲ့ပြီ"

"ရှင် ရီးသားတယ်ဆို ပြောရမှာ။ စစ ရှင့်ကို မယူခင်ကတည်းက မမေးခဲ့ဘူးလား။ ရည်းစားရှိသလားဆိုတော့ ရှင်ဘဲ မရှိပါဘူး ဖြေခဲ့တာလေ။ မယူခင်ကတည်းက စပြီးလိမ်တဲ့ ယောကျ်ား"

စစက ပြောရင်းနဲ့ကမှ ဒေါသတွေ ထွက်လာကာ ဘေးကခေါင်းအုံးဖြင့် သူ့ကို ကောက်ပေါက်၏။ သူက ခေါင်းအုံးကို လှမ်းဖမ်းကာ စစ ဘေးသို့ တိုးကပ်လာ၍ စစ လက်တစ်ဖက်ကို ဖမ်းယူဆုပ်ကိုင်လိုက်ကာ ...





စစက သူ့ဘေးနားကို တဲရွေ့ရွေ့ တိုးကပ်လာသော အခါ စိတ်ထဲက မကျေမနပ် ဖြစ်နေတဲ့ ဒေါသက ပိုကြွတက်လာတာကြောင့် သူ့ကို ဆတ်ခနဲ ထအော်ပစ်လိုက်သည်။

"ဘာလာလုပ်နေတာလဲ။ ရှင့်မျက်နှာကို တစ်စက်ကလေးမှမကြည့်ချင်ဘူး ... သွား"

"စ ... စစရယ်။ အဲဒီလို မလုပ်ပါနဲ့ကွာ။ ဟိုကောင်တွေက အလကား မူးလို့လျှောက်ပြောနေတာ"

"ထန်းရေမူးလို့ ကျွဲခိုးပေါ်တဲ့။ ဒီမှာ ကိုဂုဏ်ရီး၊ ရှင်ကျွန်မကို ပြောတုန်းကတော့ စစကို အချစ်ဆုံးပဲဆို။ ဘာအရှုပ်အရှင်းမှ မရှိခဲ့ပါဘူးဆို။ ရှင် လူလိမ်။ စစကိုလိမ်ယူတာ။ ရှင့်မှာ ရည်းစားကြီးရှိရက်နဲ့။ တောက် ... အခု အဲဒီရည်းစားနဲ့ ရှင်ပြန်တွဲခုတ်နေတာမှလား"



Scanned by CamScanner

"စိတ်မဆိုးပါနဲ့ စစရယ်။ ကိုယ် အရင်တုန်းက မှားခဲ့တာတွေရှိတယ်။ ဒါပေမဲ့ ကိုယ် ဒီအချိန်မှာ စစကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး။ ရည်းစားဟောင်း ရှိခဲ့ဖူးတာ မှန်ပါတယ်၊ ကိုယ် မေ့တောင် မေ့နေပါပြီ စစရာ။ ဒီကောင်တွေ သက်သက်မဲ့ အချွန်နဲ့ မ,သွားတာ။ သူ့ကို ကိုယ့်စိတ်ထဲမှာ ရှိတောင် မရှိတော့ဘူး"

စစကတော့ စိတ်ထဲမှာ ဘယ်လိုမှ ကျေနပ်ခြင်းမရှိပေ။ အဲဒါဟာ အခုမှ စစ ကျေနပ်အောင် နှစ်သိမ့်နေတာ။ စစက ဒီလောက်ထိ သဘောထား သေးသိမ်တတ်တဲ့ သူမျိုးလည်း မဟုတ်။ ရှိခဲ့လား မေးတုန်းက ဟင့်အင်း ပြောပြီး အခုကျမှ။

"မယုံဘူး။ ရှင် ဖုံးကွယ်ထားတယ် ဆိုကတည်းက ရှင့်စိတ်ထဲမှာ ရှိနေလို့ပဲ ..."

ဒီမှာ ... ကိုဂုဏ်ရှိးမာန်။ ရည်းစားဟောင်းရဲ့ဖုန်းနံပါတ်ကို နောက်ဆယ်နှစ်ကြာရင် မှတ်မိချင်မှ မှတ်မိလိမ့်မယ်။ ဒါပေမဲ့ အဲဒီရည်းစားဟောင်းကိုတော့ တစ်သက်လုံး မှတ်မိနေတာ သေချာတယ်။ အချစ်ဆိုတာ အဲဒီလိုမျိုး ထင်ကျန်စေတဲ့ ဂုဏ်သတ္တိရှိတယ်။ ကျွန်မ ဒီကိစ္စကို အရမ်းစိတ်ဆိုးတယ်"





စစက ဒေါကြီးမောကြီးဖြင့် ဆောင့်အောင့်ပြီးပြောပစ်လိုက်လျှင် သူက ဟွူးခနဲ လေပူမှုတ်ထုတ်ကာ ထိုင်ရာမှထသည်။ ပြီးတော့ စစကို ကျော့ခိုင်းအနေအထားဖြင့် ...

"စစရယ် ... ဘာမှ ကြီးကြီးမားမား ဖြစ်တဲ့ကိစ္စလည်း မဟုတ်ဘူး။ နေခြည်ကလည်း ကိုယ့်အတွက် စစပြောသလိုမျိုး ထင်ကျန်စေတဲ့ ဘာဂုဏ်သတ္တိမှ မရှိခဲ့ဖူးဘူး။ စစက သက်သက်မဲ့ရစ်တာကွာ၊ ကိုယ့်ဘက်ကတော့ အရှင်းဆုံး ပြောပြီးပြီ။ ကိုယ် စစကိုပဲ သစ္စာရှိရှိ လက်ထပ်တယ် ...

အဲဒါ ကိုယ့်သစ္စာပဲ။ မယုံလည်း မတတ်နိုင်တော့ဘူး"

ကိုကို့အသံက မာလာတာမို့ စစက စိတ်ထဲမှာ ဒေါသက ပိုဖြစ်မိသွားသည်။ ဒါပေမဲ့ စစ တတ်နိုင်သမျှ စိတ်ကိုလျှော့ချလိုက်တော့သည်။ ကိုကိုက အနည်းငယ်သောက်ထားတာဖြစ်၍ မူးတယ်လို့ မပြောလောက်သော်ငြားလည်း အယ်လ်ကိုဟောဓာတ်က ဝင်နေတာမို့ စစ ဆက်ပြောလျှင် ရန်ပွဲကဆက်နေဦးမည်။ အဲဒီအတွက် စစဟာ စကားအပြတ်ပြော၍ ကိစ္စဖြတ်လိုက်ရတော့သည်။

"တော်ပြီ ... ဆက်စကားမပြောချင်တော့ဘူး။ ဒီမှာပဲရပ်တော့"

စစက စကားစဖြတ်ကာ ဘာမှမပြောတော့လျှင် သူ့ဘက်ကလည်း ဘာမှ ထပ်အထွန့်တက်မလာတော့ပေ။ စကားစကို ဖြတ်လိုက်ရတယ် ဆိုသော်လည်း ရင်ထဲမှာ ဖြစ်နေတဲ့စိတ်တွေဟာ ကလိ ကလိဖြင့် အရမ်းကို နေရထိုင်ရ ခက်ခဲပါသည်။

❦ ○ ❦





အချစ်နဲ့ပတ်သက်လာရင်
ချစ်သူရဲ့အရှုံးပေးမှုကို
ကျေနပ်ကြည်နူးတတ်တာ
မိန်းကလေးတွေရဲ့ဗီဇပဲလေ။
အမှန်တော့
အဲဒီကျေနပ်ကြည်နူးမှုမှာတင်
ကိုယ်အရှုံးကြီး ရှုံးသွားပြီး
သူပြောသမျှ ယုံတတ်တာလည်း
မိန်းကလေးအချစ်ဘဲ။



## ( ၄ )

ဒီတလောမှာ စစက သူ့ကို စကားကောင်းကောင်း မပြောဘဲ ရှောင်ဖယ် ရှောင်ဖယ် လုပ်နေသောအခါ သူလည်း စိတ်ထဲတော့ မကောင်းဖြစ်ရသည်။ ဘာပဲဖြစ်ဖြစ် ဒီပြဿနာရဲ့ စနက်တံကို မီးရှို့သူက ဟိုသုံးကောင်ပဲ ဖြစ်သည်။ အခုဆို စစက သူ့ကို ခပ်တန်းတန်းသာ ဆက်ဆံတာမို့ သူလည်း နေရခက်ပါသည်။

"စစ ... စိတ်ဆိုးမပြေသေးဘူးလားကွာ"

သူ့ရဲ့ မဝံ့မရဲမေးခွန်းကြောင့် စစက သူ့ကို စာအုပ်ဖတ်နေရင်းကမှ တစ်ချက် သုံ့ဘက်ကိုကြည့်သည်။ ပြီးတော့မှ စာအုပ်တောင် အဖက်မပျက်ဘဲ ပြန်စကားပြောသည်။

Book Sharing



"စိတ်ကဆိုးချင်စိတ်ကို မရှိတော့တာ"

"စစရယ် ... ကိုယ့်ကို အဲလိုကြီး ပြောနေတာကိုက ရက်စက်လွန်းပါတယ်။ စစ ကျေနပ်အောင် စိတ်ဆိုးပြေအောင် ကိုယ် ဘာလုပ်ပေးရမလဲပြော။ စစက ကိုယ့်ကို စကားမပြောဘဲနေတော့ စိတ်ထဲမှာ ဘယ်လိုကြီးမှန်း မသိဘူး။ နေလို့ ထိုင်လို့ကို မရဘူး။ ကိုယ့်ကို ကြင်ကြင်နာနာလေး ဆက်ဆံပါ စစလေးရာ။ စစက အဲဒီလိုကြီး စိမ်းစိမ်းကားကားနေတော့ ကိုယ် ဘယ်လောက် ခံစားရလဲ ရက်စက်သူကြီး"

ဂျဏ်ရီးက နည်းနည်းလေး ပိုပိုသာသာပြောကာ စစကို ပြုံးစေချင်တာကြောင့် အိုက်တင်လေးပါ ထုတ်လိုက်လျှင် စစရဲ့မျက်နှာက နည်းနည်းတော့ ပြုံးစိစိ ဖြစ်လာလေသည်။ ဒီလောက်ဆို အခြေအနေက မဆိုးပေ။ သူက အဲဒါကြောင့်မို့ စစရဲ့ပခုံးသားလေးတစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ကာ ...

"ကိုယ် တောင်းပန်ပါတယ် စစရယ်။ ကိုယ့်ကို စိတ်ဆိုးပြေပါတော့နော်"



Scanned by CamScanner

"အဲဒါဆို ကတိပေးရမယ်"

"ကတိ ... ဘာကတိလဲ။ ကိုယ် ပေးမယ်"

"အဲဒီလို လွယ်လွယ်ပြောရင် လွယ်လွယ်ပျက်မှာပဲ။ သေချာတယ်ဆိုမှ ပေး"

စစက သူ့ကို အတည်ကြီးပြောနေတာမို့ ဂုဏ်ရှိးက ကိုယ်ရှိန်သတ်ကာ စစရဲ့မျက်ဝန်းတွေကို သေချာစိုက်ကြည့်ပြီးမှ သေချာပြောလိုက်သည်။

"ကိုယ် သေချာနားထောင်နေတယ်။ ဘာကတိပေးရမှာလဲ"

"ဘယ်တော့မှ မလိမ်ဘူး။ စစ ကိုကို့ကို ယုံလို့ရတယ်ဆိုတဲ့ကတိ"

"Ok ... ကိုယ်ပေးတယ်။ စစ ကိုယ့်ကို တစ်ဘဝလုံး ယုံကြည်လို့ရတယ်"

ဂုဏ်ရှိးက ခပ်မြန်မြန်ပင် ကတိပေးလိုက်၏။ အဲဒီကတိလောက်ကတော့ သူ အမြဲတည်နိုင်မယ်လို့ ယုံကြည်ထားလို့ပဲဖြစ်သည်။ စစက သူ့ရဲ့ကတိစကားအတွက် အနည်းငယ်ပြုံးယောင်သမ်းကာ ကျေနပ်သွားဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြကာ ...





"ဟုတ်ပါပြီ၊ အဲဒီကတိကိုတော့ ကိုကိုတည်နိုင်မယ်လို့ ယုံပါတယ်။ စိတ်ထဲမှာ သိပ်တော့ ကျေနပ်သေးတာမဟုတ်ဘူးနော်။ ဒါပေမဲ့ လျှော့ပေးလိုက်ပါမယ်။ စစရဲ့စကားကို ကိုကို နားထောင်မယ်လို့ ယုံကြည်နေတဲ့အတွက် ခွင့်လွှတ်ပေးလိုက်တာ"

သူက စစရဲ့ အဲဒီချစ်စဖွယ် အပြုံးလေးကို အရမ်းကို ချစ်မိသွားကာ စစကို သူ့ရင်ခွင်ထဲ ထွေးပွေ့ထားလိုက်သည်။ စစ ယုံကြည်တဲ့ ယောကျာ်းအဖြစ် သူကလည်း စစ ယုံကြည့်အောင် နေတတ်မှဖြစ်မည်။

❦ ○ ❦



Scanned by CamScanner

"စစက ယောက်ျားရ ကံကောင်းပါတယ်။ မောင်ဂုဏ်ရှိးက အေးအေးဆေးဆေး ရည်ရည်မွန်မွန်လေးပါ။ တချို့ဆိုဟောဟောရမ်းရမ်းနဲ့"

အန်တီထက်က ကိုကို့အကြောင်း ချီးမွမ်းခန်းဖွင့်နေလျှင် စစမှာ အကျေနပ်ကြီး ကျေနပ်နေရတာဖြစ်သည်။ ကိုကိုက perfect ပဲဆိုပြီး အမြဲချီးမွမ်းခံရတာမို့ ပိုပြီးတော့ ဂုဏ်ယူလေသည်။ စစက အန်တီထက် လာပြတဲ့ စိန်ထည်တွေ ရွေးနေရင်းကမှ ကိုကို့ချီးမွမ်းခန်းဖွင့်လျှင် တပြုံးပြုံးဖြင့် အန်တီထက်ပြောတာ နားထောင်ရင်း ပစ္စည်းကြည့်နေတာပဲ ဖြစ်သည်။

"ဒါနဲ့ ကောင်လေးဘက်က မြနဲ့တိုက် လက်ဖွဲ့တယ်မှလား။ စစ်တို့က ဘာလို့မနေတာလဲ"

"ဟုတ်တယ် အန်တီထက်ရဲ့။ အိမ်မှာက စစ အလုပ်တွေက အထိုင်ကျပြီးသားလေ။ ဟိုဘက်မှာ ပြောင်းနေရင်





ကသိမှာ။ အခုကျတော့ အိုးမကွာ အိမ်မကွာပဲလေ။ ကိုကိုက စစသဘောပဲဆိုတော့ စစ အလုပ်ရှိတဲ့ စစအိမ်မှာပဲ လိုက်နေဖို့ သဘောတူတာ။ ဟိုခြံနဲ့တိုက်ကိုတော့ လောလောဆယ် ဒီလိုပဲ ပိတ်ထားရတာပေါ့"

"အမယ်လေး ... စစတို့များတော့ ယောက်ျားရ သိပ်ကံကောင်းတာပဲ"

"သိပ်မမြှောက်ပါနဲ့ အန်တီထက်ရယ်။ စစက မမြှောက်ရင်တောင် ဒါတွေဝယ်ဖို့ ဆုံးဖြတ်ထားပြီးသား။ အန်တီထက်က မြှောက်နေတော့ ဈေးဆစ်ရမှာတောင် အားနာသွားပြီ"

စစက ကျေနပ်မဆုံး တပြုံးပြုံးဖြင့် စကားပြောတုန်းမှာ ဖုန်းက ဝင်လာလေတာကြောင့် စစက ဖုန်းအရင်ကိုင်ရလေသည်။

"ဟယ်လို ... ကိုကို ပြော"

"စစရေ ... ကိုကို့သူငယ်ချင်းတစ်ယောက်နဲ့ ဒီနေ့ညနေတွေ့ဖို့ ချိန်းထားလို့။ အဲဒါ ဒီနေ့ ကိုကို ညနေပြန်တာနောက်ကျမယ်လို့။ စစကို လှမ်းပြောတာ"

"ဘယ်ကိုသွားမှာလဲ ကိုကို"

"ဟို ... အေးဆေးရှိတဲ့ ဆိုင်တစ်ဆိုင်ဆိုင်ပေါ့ကွာ။ သူတို့က လော်လောဆယ် ကိုယ့်ရုံးမှာပဲ စုရပ်လာလုပ်ကြမှာ။ ပြီးမှ တစ်နေရာရာသွားမှာ။ ကိုကို ဖုန်းပြန်ဆက်လိုက်မယ်လေ"

ကိုကို့အသံက အရမ်းကို တက်ကြွရွှင်မြူးနေဟန်ပေါက်၏။ စစက ကိုကို့သူငယ်ချင်းတွေကို တစ်ယောက်မှကြည့်လို့မရတာ မဟုတ်ပေ။ ဟိုတစ်ခါဖြစ်တဲ့ ကိစ္စမှာလည်း ကိုကို့သူငယ်ချင်းတွေရဲ့ စနက်ကြောင့် အများကြီးပါဝင်တာမို့ စစက စိတ်ထဲမှာ မကျေမလည် ဖြစ်နေတာဖြစ်သည်။

"အဲဒီကို မသွားရဘူး ကိုကို"

"ဟမ် ... ဘာ ... ဘာဖြစ်လို့လဲ စစရဲ့။ ကိုယ့်သူငယ်ချင်းတွေအားလုံး ဆုံကြမှာဟာကို"

ကိုကိုက မသွားရဘူး တစ်ခွန်းမှာတင် အသည်းအသန် အံ့အားသင့်ဟန်ဖြင့် ပဌာဖြစ်လဲဆိုတဲ့ ကွန်ပလိန့်တက်လာလျှင် စစက ငိုပြီးဒေါကန်ရလေသည်။

"ကိုကို မသွားရဘူးလို့ ပြောနေတာကို ဘာလို့ အထွန့်တက်နေရတာလဲ။ ငါးနာရီ တိခနဲ ဆိုတာနဲ့ အိမ်ပြန်ရောက်တာပဲ လိုချင်တယ်။ ဒါပဲ"





"စ ... စစ"

စစက ကိုကို့ဘက်က အပြောကိုတောင် မစောင့်ဘဲ ဖုန်းချပစ်လိုက်တော့သည်။ ဘာပါလိမ့်ဆိုတဲ့ စူးစမ်းသည့် မျက်ဝန်းတွေနဲ့ အန်တီထက်က အကဲခတ်နေတာမို့ စစက ကိုယ့်ရိုးလ်ကို ထိန်းတဲ့အနေဖြင့် အန်တီထက်ကို အပြုံးလေးဖြင့် ရှင်းပြလိုက်သေးသည်။

"အဟင်း ... ကိုကိုလေ ... ကုမ္ပဏီရုံးခွဲအတွက် အလုပ်တွေများနေတာ။ အဲဒါ သူပင်ပန်းမှာစိုးလို့ မသွားဘဲ အိမ်ပြန်လာခိုင်းရတာလေ။ ဟင်း ဟင်း"

"မောင်ဂုဏ်ရှိးတို့များ တယ်အလုပ်ကြိုးစားတာပဲ။ အဲဒါကြောင့်မို့လည်း စစတို့က စိန်နဲ့ ကျောက်နဲ့ တကယ့်ကို အခန့်နေနိုင်တာပဲ။ ကံကောင်းလိုက်တာ။ ဒါနဲ့တောင် အပင်ပန်းခံပြီး ဒီဖိုင်နာလုပ်နေသေးတယ်"

"အဟင်း ဟင်း ... ယောကျ်ားလုပ်စာ ထိုင်စားပြီး လောကကြီးမှာ ယောကျ်ားအလိုကျ ဟုတ်ကဲ့လိုက်နေရတဲ့ အိမ်ရှင်မမျိုးတော့ ခင်ဦးသစ်စတို့က ဘယ်တော့မှမလုပ်ဘူး။ အန်တီထက်ရဲ့ ... စစကလည်း အစွမ်းအစရှိတဲ့

မိန်းမပဲဟာ။ ကိုကိုနဲ့ညားမှ အန်တီထက်ဆီက စိန်တွေ ဝယ်နိုင်တာ မဟုတ်ပါဘူးနော်"

စစက ခပ်ချေချေ လေသံလေးဖြင့် တမင်တကာကို ပြောလိုက်လျှင် အန်တီထက် တစ်ယောက်တော့ အောင့်သီး အောင့်သက် ဖြစ်သွားမှာ သေချာပေသည်။ စစကို ပြောတဲ့လေသံမှာ အနည်းငယ်ချဉ်နေတဲ့ လေသံတွေ ပါဝင်နေတာမို့ စစက အကြောကြီးနဲ့ ပြန်ပြောလိုက်တာဖြစ်သည်။ သိတယ် မှလား ... စစတို့က ကိုယ့်ကို လုံးကြီးတင်ဖို့ မပြောနဲ့။ သေးသေးတင်ရင်တောင် ငြိမ်ခံတတ်တဲ့ အစားမျိုးထဲက မဟုတ်ပေ။

စစ ခပ်ကြောကြောလေး ပြောလိုက်မှပဲ အန်တီထက် တစ်ယောက်က ငြိမ်သွားကာ ကိစ္စပြတ်လေသည်။ စစက လိုချင်နေတဲ့ လက်စွပ်အတွက် ငွေချေပြီး ဝယ်ပြီးသွားသောအခါ အန်တီထက် ပြန်သွားမှ စစရဲ့ စိတ်ပူမှု ရစ်သမ်က ပြန်လည်စတင် လာရတော့သည်၊ အန်တီထက် အရှေ့မှာမို့ ကိုယ့်ယောက်ျားကို ရိုးလ်တင်ပေးတဲ့အနေဖြင့် overtime တွေ ဘာတွေ ရှိုးပေးနေခဲ့တာ ဖြစ်ပေမယ့် စိတ်ကတော့ အရမ်းပူနေရသည်။ ကိုကိုဟာ ဟိုနေခြည်ဆိုတဲ့ မိန်းမနဲ့ contat ရပြီဆိုတော့ ...။ တစ်ခါမှ





အိမ်ပြန်နောက်ကျမယ် မပြောဘူးတဲ့ ကိုကိုဟာ ဒီတစ်ခါတော့ နောက်ကျစရာ အကြောင်းတွေ ပြနေပြီဆိုတော့ မဟုတ်မှလွဲရော။ စစက တွေးရင်းနဲ့ ရင်ပူလာကာ ကိုကို့ဖုန်းကို ထပ်ခေါ်ရလေသည်။

"လူကြီးမင်း ခေါ်ဆိုသောဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်"

ဟင် ...။ စစရဲ့စိုးရိမ်မှုဒီဂရီမှာ အဆုံးစွန်အထိ မြင့်တက်ကုန်လေပြီဖြစ်သည်။ စစက မသွားရဘူးလို့ အပြတ်ပြောထားတာတောင် သူက စစကို အပြတ်ဆန့်ကျင်တဲ့သဘောဆောင်ကာ ဖုန်းပါပိတ်ထားလိုက်တယ်ပေါ့။ စစက စိတ်တွေလည်းပူ ဒေါသလည်းထွက်ကာ ကုမ္ပဏီရုံးဖုန်းကို ချက်ချင်းဆက်ပစ်လိုက်လေသည်။

"ဟယ်လို ... အမိန့်ရှိပါ ခင်ဗျာ"

"ဟယ်လို ... ကိုကျော်ဖေယျလား။ ကျွန်မ ခင်ဦးသစ်စပါ။ ကိုကို ရှိလား။ ကိုကိုနဲ့ ပြောချင်လို့"

ကိုကိုရဲ့အတွင်းရေးမှူး ဖုန်းကိုင်တာမို့ စစက ကိုကို့ကို မေးလိုက်လျှင် တစ်ဖက်က ဘော့စ်ရဲ့ကတော် ဖြစ်တယ်ဆိုတဲ့ အသိကြောင့် တရိုတသေ ပြန်ဖြေပေးလေသည်။



Scanned by CamScanner

"သြော် ... ဟုတ်ကဲ့ ... ဆရာကတော်။ ဆရာက ခုနလေးကတင် ပြန်သွားပါပြီ"

"ဘာ ... ပြန်သွားပြီ"

စစက ဒေါသတွေ ငယ်ထိပ်ဆောင့်တက်ပြီဖြစ်သည်။ တောက် ... ဒါ သက်သက် ကလန်ကဆန်လုပ်တာ။ မသွားရဘူးဆိုတာတောင် ဖုန်းတောင်ပိတ်ပြီး သင်းက လုပ်ချင်ရာလုပ်သွားတယ်ပေါ့။ ဟား ... သေချာနေပါပြီ။

"သူ ထွက်သွားတာ ကြာပြီလား"

"မကြာသေးပါဘူး ဆရာကတော်။ ထွက်သွားတာ ဆယ့်ငါးမိနစ်လောက်ပဲ ရှိပါသေးတယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ။ ကျေးဇူးပါဘဲ"

စစက စကားတောင် ဆက်မပြောနိုင်တော့ဘဲ ဖုန်းပြန်ချလိုက်တော့သည်။ တောက် ... ကိုကို ... ကိုကို ... သူ သက်သက်မဲ့ အကြီးကြီးကို ရွဲ့ချပစ်လိုက် ဘာ။ အလုပ်ဆင်းချိန်ထက် နာရီဝက် စောပြန်ပစ်လိုက်တဲ့ အထိကို စစ စကားကို နားမထောင်တာ။ စစက ပိတ်ထားတယ်ဆိုတာ သိနေသော သူ့ဖုန်းကိုအဆက်မပြတ် ထပ်ခါ ထပ်ခါ ခေါ်ပစ်နေတာဖြစ်၏။ ခေါ်မရလေ စိတ်

ကတိုလေ ဖြစ်နေချိန်မှာ ခြံထဲကို ကားဝင်လာ၍ လှမ်းကြည့်လိုက်လျှင် ကိုကို ဖြစ်လို့နေသည်။

အမ် ...။ စစက အံ့သြကြီးစွာ ငေးကြည့်နေချိန်မှာ ကိုကိုက ပြုံးမြမြမျက်နှာထားဖြင့် အိမ်ထဲဝင်လာကာ ...

"ဟား ... ကြွေတယ်ကွာ။ ယောကျ်ားကို ထွက်တောင်မကြိုဘူး။ ဒီမှာ ကိုယ်တို့စားဖို့ ကြေးအိုးဝယ်လာတယ်။ ဒေါ်ခွေးရေ ... ရော့ ... ဒီမှာ ... ကျွန်တော် ကြေးအိုးတွေ ဝယ်လာတယ်"

ကိုကို့ရဲ့ပုံစံကို အကဲခတ် ကြည့်ရတာဟာ အားလုံးက normal ပဲ ဖြစ်နေ၏။ စစကို အကဲပြန်ခတ်ရင်းက ကိုကိုက ဒေါ်ထွေးဆီ ကြေးအိုးထုပ်ပေးပြီး စစအား ဝင်ထိုင်ကာ ...

"စစ ... ဘာဖြစ်နေတာလဲ"

"ကိုကို့သူငယ်ချင်းတွေဆီ မသွားဘူးလား"

စစ မေးခွန်းကြောင့် ကိုကိုက အံ့သြသလို အပြုံးတစ်ချက်ဖြင့် စစ နဖူးကို လက်သီးဖြင့် အသာထု၍ ...

"ကိုယ့်ကို နောက်နေတာလား။ သူပဲ မသွားရဘူးဆို။ ဘာလဲ ... သွားရမှာလား"





Book Sharing

Scanned by CamScanner

အဲဒီ အဖြေစကားကြောင့် စစက စိတ်ထဲကနေ အရမ်းကျေနပ်မိသွားသည်။ ကြည့်စမ်း ... ကြည့်စမ်း။ ဒါဆို ကိုကိုက စစ စကားကို တစ်သဝေမတိမ်း နားထောင်တယ်ပေါ့။

"ဟေး ... စစ၊ ဘာတွေ တွေးနေတာလဲ"

ကိုကိုက စစ ငိုင်ငေးနေတာကို သတိပေးတဲ့သဘောဖြင့် စစရဲ့လက်မောင်းကို အသာလှုပ်လိုက်လျှင် စစက ကိုကို့ကို တစ်ချက်ပြန်ကြည့်ကာ ...

"ကိုကို့ဖုန်းက ဘာလို့ ပိတ်ထားရတာလဲ။ ရုံးဖုန်းကိုဆက်ကြည့်တော့ ပြန်ချိန်ထက် နာရီဝက်စောပြီး ကိုကိုကထွက်သွားတယ်။ အဲဒါ ဘာဖြစ်တာလဲ"

"အဟော ... အဲဒါကို စိတ်ကောက်တော့မှုလို့ ခင်ဗျားလေးက ကျုပ်ကို အိမ်ရှေ့ထွက်မကြိုတာပေါ့လေ၊ ဟုတ်လား"

ကိုကိုက စစ မေးခွန်းကို ပြုံးစစ မျက်နှာပေးဖမ်းကာ အမေးပြန်ပြုပြီးမှ ရှင်းလင်းချက် ပြန်ထုတ်လေသည်။

"ကိုကို ဖုန်းဆက်တော့ စစက မသွားရဘူးဆိုပြီး အပြတ်ပြောပြီး ဖုန်းချသွားတာလေ။ ကိုယ့်မှာ စစ စိတ်ဆိုးမှာစိုးလို့ ကြေးအိုးပါ ဝင်ဝယ်ရသေးတယ်လေ။ နာရီဝက်စော





ထွက်လာတာက စစ သိတဲ့အတိုင်း Traffic Jump လေကွာ။ စစပဲ ငါးနာရီ တိခနဲဆိုတာနဲ့ အိမ်ပြန်ရောက်တာ လိုချင်တယ်ဆို၊ ကိုယ်သာ သတ်မှတ်ချိန်ထက် နောက်ကျသွားရင် စစက စိတ်ဆိုးတော့မှာလေ။ အဲဒါကြောင့် ကိုယ်က ကြေးအိုးဝင်ဝယ်ချိန်၊ Traffic Jump ဖြစ်မယ့် အချိန်တွေကိုတွက်ပြီး နာရီဝက် စောထွက်လာတာ။ ဒီလို စောထွက်လာတာတောင် ဆယ်မိနစ်လောက်ပဲ စောရောက်တာ။ ကဲ ... ဘိုလဲ ...။ ပြေလည်ပြီလား"

အားလားလား ... ကြွေတယ်ကွာ။ စစက အဲဒီစကားကိုတော့ စိတ်ထဲကပဲ ပြောဖြစ်ပေမယ့် အပြင်မှာတော့ ထွက်မလာဘဲ ချစ်ရည်ရွှန်းလဲ့မျက်ဝန်းဖြင့်သာ ကိုကို့ကို ကြည့်လိုက်မိလေသည်။ ကိုကိုက တကယ်ပဲ အများက သတ်မှတ်ထားသလို စစ ယောကျ်ားရ ကံကောင်းတယ် ပြောရလောက်အောင် တော်နေတာဖြစ်၏။

ပုံမှန်ဆို ကိုကိုနဲ့ စစဟာ ရန်ဖြစ်ရမယ်လို့ တွက်ယူရအောင် အခြေအနေရှိနေတာကနေ စစ မျက်နှာနဲ့ဘဲ ကိုကိုက သူ့ဘော်ဒါတွေ လျှော့ခဲ့ကာ စစ ဘက်ပဲ လိုက်တာမို့ ပိုပြီးချစ်မိသွားလေ၏။

"ကိုကို့သူငယ်ချင်းတွေကိုကော ဘယ်လိုပြောပြီး ပွဲဖျက်လိုက်လဲ"

"သြော် ... ငါ့မိန်းမနဲ့ ဘုရားသွားရမယ်။ မင်းတို့နဲ့ ဘီယာဆိုင် မသွားနိုင်ဘူးလို့ ပြောလိုက်တာပေါ့ စစလေးရဲ့။ ကိုယ်က ကိုယ့်မိန်းမ မကြိုက်တာဆို ဝေးဝေးရှောင်တယ်"

အရမ်းရမ်းကို ချစ်ဖို့ကောင်းနေတဲ့ ဒီကိုကို့ကို စစက ချစ်မြတ်နိုးစွာ သူ့ရဲ့ပါးလေးတစ်ဖက်ကို ခပ်နာနာလေး ဆွဲဖျစ်ညှစ်လိုက်ကာ ...

"အဟိ ... ကိုကိုက တအားချစ်ဖို့ ကောင်းတာပဲ။ ကဲ ... ရေသွားချိုး။ စစ ကြေးအိုးသွားထည့်ထားလိုက်မယ်"

"ကောင်းပါပြီ ခင်ဗျာ"

ကိုကိုက တက်ကြွစွာ အပေါ်တက်သွားလျှင် စစကလည်း နှလုံးပီတိ ဖွမ်းဆီထိသကဲ့သို့ ကျေနပ်မိကာ ပျော်နေလေသည်။ စစကို ကိုကိုက သိပ်ချစ်တယ်ဆိုတာ ယုံကြည်ရသလို စစ စကားတစ်ခွန်းဆို တစ်ခွန်း မီးသေတယ်ဆိုတာ အပြတ်အသတ် ယုံကြည်ရလေသည်။

❦ ○ ❦





ချစ်တတ်တဲ့ ယောကျ်ားအတွက်
မိန်းကလေးဆိုတာ
ချစ်စရာ။ ။
သစ္စာရှိတဲ့ ယောကျ်ားအတွက်
မိန်းမဆိုတာ
မြတ်နိုးတန်ဖိုးထားစရာ။ ။



## ၁

ဒီကနေ့လို Super Sunday လို နေ့မျိုးမှာ သူဟာ အေးရာအေးကြောင်း ဆန်းဒေးကို ပိုင်ဆိုင်သူဖြစ်တာမို့ နောက်ကျမှ အိပ်ရာက နိုးထလေသည်။ ထုံးစံအတိုင်း တစ်ကိုယ်ရေ သန့်ရှင်းမှုပြုပြီးနောက်မှာ သူက ဗိုက်ထဲဟာနေပြီမို့ အခန်းထဲထွက်ကာ ဘရိတ်ဖတ်စ်ဝိုင်းကို အရင်ဝင်လေ၏။

"မောနင်း ... မိန်းမရေ။ ဗိုက်ဆာပြီ"

"ဟော ... နိုးလာပြီလား။ လာ ... ကိုကို ... ထိုင် ... ကော်ဖီဖျော်လိုက်ဦးမယ်"

သူက ထမင်းစားဝိုင်းမှာ ဝင်ထိုင်ရင်း စီစဉ်ထားတဲ့ ပေါင်မုန့်ကြက်ဥကြော်ကို ကြည့်ကာ မာတ်ပျက်သွားသည်။ အခု





ဘဲ ဆယ်နာရီခွဲနေပြီ။ အရမ်းကြီး မောနင်းဆန်တဲ့ ဘရိတ်ဖတ်စ်မျိုး သူ မစားချင်တော့ပါ။

"နေပစေ ... စစ။ မဖျော်နဲ့တော့။ ကိုကို ဒါတွေမစားတော့ဘူး"

"ဟင် ... ဒါ မစားလို့ ကိုကိုက ဘာစားချင်လို့တုန်း"

"ထမင်းပဲ စားတော့မယ်လေ။ ဆယ်နာရီတောင်ခွဲပြီဟာ။ ထမင်းပဲ ထည့်ပေးတော့"

"အယ် ... ဘရိတ်ဖတ်စ်ဟာကို။ ထမင်းစားလိုက်တော့ ကိုကို ထမင်းစားချိန်ကျရင် ဘယ်စားနိုင်တော့မလဲ။ ပေါင်မုန့်ကြက်ဥကြော်လေးပဲ စားလိုက်ပါ"

ဟာ ... စစကတော့ သူ့ရဲ့စာအုပ်ကြီးထဲကအတိုင်း လုပ်ပြီကွာ။

သူက စားတဲ့သောက်တဲ့ကိစ္စမှာ ရေးကြီးခွင်ကျယ် ပြောနေရတာကိုက မဟုတ်သေးဘူးလို့ ထင်မိသည်။

"ရပါတယ်ကွာ။ ဆယ်ခွဲလည်း ထမင်းစားချိန်ပဲဟာ"

"အာ ... မဟုတ်ဘူးလေ ကိုကိုရဲ့။ ခု ကိုကို ထမင်းစားလိုက်တော့ အဲဒါက lunch time ဖြစ်သွားမှာပေါ့။ လူ

တစ်ယောက်ဟာ နံနက်စာကို ပြည့်ဝစွာ စားသောက်ရတယ် ကိုကိုရဲ့။ ဘရိတ်ဖတ်စ်ကိုကျော်ပြီး နေ့ခင်းရောက်မှ ပေါင်းစားတာတို့ .ဘာတို့ ဆိုတာ စနစ်မမှန်တဲ့ပုံတွေ၊ ကျန်းမာရေးနဲ့လည်း မသင့်တော်ဘူး။ ဒါပဲစားပါ ကိုကိုရာ"

"အာ ... စစကကွာ၊ ကိုယ် ဗိုက်ဆာနေပြီ။ ဒီကြက်ဥပေါင်မုန့်လောက်က မတင်းတိမ်ဘူးကွ။ ကိုယ်က ခုနှစ်နာရီ ရှစ်နာရီလောက်မှာပဲ ဒါတွေ စားတတ်တာ"

"ဟင်း ... မရဘူး။ ဒါပဲ စားရမှာ။ ကိုကိုနော် ... အစားအသောက်ကို အဲဒီလို ပရမ်းပတာစားတာ စစ မကြိုက်ပါဘူး။ ဘရိတ်ဖတ်စ်က ဘရိတ်ဖတ်စ်၊ lunch က lunch time ပဲ။ သူ့အချိန်နဲ့သူ စားမှ ကျန်းမာရေးနဲ့ ညီညွတ်တော့မှာပေါ့။ ခန္ဓာကိုယ် weight မျှဖို့ဆိုတာ အစားအသောက်က အများဆုံး အရေးပါနေတာ"

အား ... သေမှာပဲကွာ။ ဂုဏ်ရှိုးက နည်းနည်းတော့ စိတ်ညစ်လာရသည်။ အစားအသောက် စားတဲ့နေရာမှာပါ စစက ကွန်ထရိုး ဝင်လာပြီဆိုတော့ နည်း၊နည်းများသွားပြီထင်သည်။





"စစရယ် ... လူကြီးတွေဆို မနက်စာကို ပဲပြုတ်ထမင်းတို့ ဘာတို့တောင် စားကြသေးတာပဲကွာ။ ကိုယ် မနက်စာ ထမင်းစားတာ ဘာဖြစ်မှာမို့လို့လဲ"

"ဖြစ်တာပေါ့ ကိုကိုရဲ့၊ မလိုအပ်တဲ့ကယ်လိုရီတွေ ပိုလာမယ်။ အဲဒီတော့ ကိုကို body weight တက်လာမယ်။ ကိုကို့ကို စစက လှတပတဖြစ်အောင် ထိန်းသိမ်းပေးနေတာ။ အဲဒါကြောင့် ဘီယာ၊ အရက်မသောက်ခိုင်းတာ။ ဒါတွေသောက်နေရင် ကိုကို့ရဲ့ six part ဘဝကနေ ကြာတော့ကား အဲဒီဘယ်ရီအကွက်တွေပျောက်ပြီး အဆီတွေ ဖုံးနေတဲ့ ဘီယာဗိုက်ကြီး ဖြစ်လာမှာစိုးလို့။ ဟင်း ... ရှင်းပြရတာ မော်လိုက်တာ ကိုကိုရယ် ...

ကဲ ... ရော ... ကိုကိုက လိမ္မာပါတယ်။ ဒါပဲစားနော်။ ခင်ဦးသစ်စ ယောကျ်ားက အမိုက်စား ဖြစ်နေအောင် လို့ပါ လိမ္မာပါတယ်နော် ... နော်။ ခဏနေမှ စစနဲ့တူတူ မံမံစားမယ်နော်"

စစက သူ့ပါးနှစ်ဖက်ကို သူမ လက်ဖဝါးနှစ်ဖက်ကြားညှပ်ကာ သူ့ခေါင်းကို ယမ်းပေးကာ ချွဲလိုက်တာမို့ သူ့မှာ

cross တိုက်ချင်စိတ်လည်း မရှိတော့။ cross တိုက်ချင်စိတ် မရှိတော့တာထက် cross တိုက်လည်း နိုင်မှာမဟုတ်ဘူးဆိုတာ သူသိနေတာဖြစ်သည်။ အဲဒါကြောင့်မို့ သူဟာ အောင့်သီးအောင့်သက်နဲ့ပဲ အင်းလိုက်ကာ စစ စီစဉ်ပေးတဲ့ ပေါင်မုန့်ကြက်ဥကြော်နဲ့သာ ဘရိတ်ဖတ်စ် စားရလေသည်။ တစ်ခါတစ်ခါတော့ သူစဉ်းစားမိလေသည်။ စစနဲ့သူဟာ လူကြီးတွေ စီစဉ်ပေးလို့ တွေ့ကြတာဖြစ်ပေလို့ပဲ။ သူတို့ဘာသာ အပြင်မှာတွေ့ကြ ချစ်ကြည်းစားသက်ရှည်မှသာ အိမ်ထောင်ပြုဖြစ်ရင် သူတော့ ဘယ်လိုမှ လှုပ်လို့ရတော့မှာ မဟုတ်ပေ။ စစကပဲ ကွန်ထရိုးကောင်းတာလား။ ဒါမှမဟုတ် သူကပဲ အလျှော့ပေးလွန်းတတ်တာလားတော့ သူလည်း မပြောတတ်တော့ပေ။

ဂုဏ်ရိုးက ဘရိတ်ဖတ်စ်စားရင်းက သူ့ဖုန်း အင်တာနက်ဖွင့်ကာ facebook ခဏသုံးနေ၏။ facebook သုံးရင်း ဘရိတ်ဖတ်စ်စားရတာက အရသာတစ်မျိုးရှိတယ်လို့ သူက ယူဆလေသည်။ အဲဒီအချိန်မှာပဲ Viber Call က ဝင်လာတာမို့ နံပါတ်ကြည့်လိုက်လျှင် မမဆီကဖုန်း ဖြစ်နေတာမို့ သူက ဖုန်းပြောလိုက်၏။

Book Sharing



"ဟယ်လို ... မမ"

"အေး ... ရိုးရယ်၊ မင်းကို online မတက်လာလို့ ဘာများဖြစ်လို့လဲ။ အခု ဘယ်မှာလဲ"

"ကျွန်တော် အိမ်မှာ မမ။ ဒီနေ့က ဆန်းဒေးလေ။ ခုနလေးကမှ အိပ်ရာနိုးတာ။ အဲဒါ ဘရိတ်ဖတ်စ်စားရင်း facebook ခဏသုံးနေရင်း မမဆီက call ဝင်လာတာ"

"ခင်ဦးသစ်စကော"

"စစလား ... ရှိတယ်လေ မမရဲ့။ ခု နောက်ဖေးမှာကော်ဖီသွားဖျော်နေတယ်"

သူ့စကားအဆုံးမှာ စစက ကော်ဖီခွက်ယူလာကာ သူ့ကို ဖုန်းပြောနေတာမြင်လေလျှင် ဘယ်သူလဲ မေးတဲ့ဟန်ဖြင့် မေးဆတ်ပြလေသည်။ သူက လေသံမထွက်ဘဲ မမဆီကဆိုပြီး ပြောလိုက်လျှင် စစက ခေါင်းတစ်ချက်ညိတ်ပြကာ Fashion Catalogue တစ်ခုယူ၍ သူ့ဘေးနားမှာထိုင်ကာ ဒီဇိုင်း ထိုင်ကြည့်နေ၏။

"အေးဟယ် ... ထူးထူးထွေထွေ ကိစ္စတော့ မရှိပါဘူး။ ရိုးလေးကို သတိရလို့ ဆက်လိုက်တာ။ အစက ဖုန်းခေါ်

မလို့ဘဲ။ မင်းကို Online မှာ တွေ့လို့ Viber ကပဲခေါ်လိုက်တာ။ ဟဲ့ ... ဒါနဲ့ မင်းအသံကို ကြားရတာ ကြည်နေတာပဲ။ ကော်နက်ရှင်တွေ သိပ်ကောင်းနေပါလား"

"ဟင်း ဟင်း ... တစ်ခါတလေမှပါ မမရာ။ ကောင်းချင်ရင်လည်း ကောင်းနေတာပဲ။ မကောင်းပြန်ဘူးဆိုလည်း ကျွန်တော်တို့မှာ အဲဒီအဝိုင်းလည်တာ ထိုင်စောင့်ရင်း bill အတက်ခံရတာလေ။ နေကောင်းတယ်မှလား မမ"

"ကောင်းပါတယ်။ မင်းကော ဖေဖေတို့ဆီ မှန်မှန်သွားရဲ့လား။ ကောင်မလေးကိုကော ခေါ်သွားတာလား"

စစက ဘေးမှာထိုင်နေတာမို့ ဂုဏ်ရှိးက အပြောရနည်းနည်းခက်လေ၏။ မမက သူ့ကို စစနဲ့ သဘောတူဟန်မပြပေ။ အဲဒါကြောင့်မို့လို့လည်း အင်္ဂလန်ကနေ သူတို့မင်္ဂလာပွဲကို မလာနိုင်ဘဲ ဟိုကနေ လက်ဖွဲ့ပဲ ပို့ပေးခဲ့တာဖြစ်သည်။

"အင်း... သွားပါတယ်။ ဒီရက်တွေက ကျွန်တော် အလုပ်နည်းနည်းများနေလို့ တစ်ရက်ခြား တစ်ခါပဲ ရောက်ဖြစ်တယ်။ မမ်ကော အလည်တောင် ပြန်မလာတော့ဘူးလား"





"အဟင်း ... လာမှာပေါ့ ရှိးလေးရယ်။ မမ ပြန်လာဖို့ အစီအစဉ်ရှိပါတယ်။ ကဲ ... ကဲ ... မင်းလည်း လုပ်စရာ အလုပ်တွေ ရှိဦးမယ်။ ဒါပဲလေ။ နောက်မှ မမ ပြန်ဆက်မယ်"

"ဟုတ်ကဲ့ မမ"

ဂုဏ်ရှိးက ဖုန်းချလိုက်တာနှင့် စစက သူ့ကိုပေ စောင်းစောင်းပုံစံဖြင့် ကြည့်ကာ ...

"ကဲ ... ကော်ဖီလေး သုံးဆောင်တော် မူပါဦး ကိုကို"

တမင်ရွဲ့နေမှန်း သူသိတာမို့ ဂုဏ်ရှိးက ပြုံးမိသွားသည်။

"ဘာလဲ ... ကိုယ်ဖုန်းပြောတာ ကြာသွားလို့လား။ စိတ်မကောက်ပါနဲ့ကွာ။ မမက ကိုယ့်အစ်မလေ။ ဒီလိုပဲ သာကြောင်း မာကြောင်းလေးတော့ ပြောရသေးတာပေါ့။ ကဲ ... ကဲ ... အချစ်ဆုံးလေး။ တစ်နေရာသွားရအောင်လေကွာ။ ဒီနေ့ လျှောက်လည်ကြမယ် ... ဘိုလဲ။ လက်ခံမှာလား"

"မသွားချင်ပါဘူး။ ရှင်တို့ ယောကျ်ားတွေက ရည်းစားဘဝ တုန်းကသာ နှစ်ယောက်တွဲလို့ ကမ္ဘာပတ်ချင်တာ။ အိမ်ထောင်လည်းကျသွားရော အိမ်က မိန်းမကလွဲရင် ကျန်တဲ့ သူနဲ့ အားလုံးသွားမယ် ဖြစ်သွားပြီလေ။ ဟွန်း … မသိရင် ခက်မယ်"

နှုတ်ခမ်းကို စုချွန်ကာ ဒေါကြီး မောကြီးဖြင့် ပြောနေတဲ့ စစပုံစံက တကယ့်ကို သက်တမ်းရင့် အိမ်ထောင်ရှင်မကြီးပုံ ပေါက်နေတာမို့ ဂုဏ်ရီးက သဘောကျလွန်း၍ တဟားဟား အော်ရယ်မိကာ စစရဲ့ဆံပင်တွေကို ရှုပ်ဖွပစ်လိုက်ရင်း …

"ဟား ဟား … အဲဒီထဲမှာ ကိုကိုက ပါစရာလားကွာ။ အဲဒီလို ဖြစ်တယ်ဆိုတာ သူတို့မိန်းမတွေက မလှလို့ဖြစ်မှာ။ ကိုယ့်မိန်းမက ဘယ်လိုကြည့်ကြည့် ဘယ်အချိန်ဖြစ်ဖြစ် ဘလင်း ဘလင်း ဖြစ်နေတာ။ ကဲပါ … ကဲပါ … ကောက်တာလေးတွေ ပြန်ဖြောင့်လိုက်တော့။ လျှောက်သွားကြမယ်မှလား"

စစက သူ့ကို မျက်လုံးများ မှေးစင်း၍ ခပ်ကြာကြာ စိုက်ကြည့်ပြီးမှ ခေါင်းညိတ်ပြသည်။





"Ok … သွားမယ်လေ"

စစက ပြင်ဖို့ဆင်ဖို့အတွက် သူ့ဘေးကနေ ထွက်သွားလေတော့သည်။ စစဟာ အရမ်းကိုချစ်ဖို့ကောင်းလေသည်။ တစ်ခါတလေ တားမြစ်ချုပ်ချယ်မှုတွေ များတာကလွဲရင် သူတို့ရဲ့အိမ်ထောင်ရေးဟာ သာသာယာယာ ရှိလေသည်။

❦ ○ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါသျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဝဇ္ဇိန္ဒာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**



Scanned by CamScanner

"ဟောကောင် ... တကယ်မရလို့ပါကွာ။ ငါ့ကို ပြဿနာမရှာစမ်းပါနဲ့။ ငါ တကယ်လာလို့ မရဘူး သားကြီးရ"

သူက စိတ်ပျက်သံကြီးဖြင့် လင်းသူ့ကို ပြောလေလျှင် လင်းသူက သူ့ကို လေတယ်ဆိုသော အကြည့်ဖြင့်ကြည့်ကာ...

"ဟောကောင် ... မင်း ဘာဖြစ်သွားတာလဲ။ မင်းကွာ ... ငါတို့နဲ့ ပွဲတိုင်းဖောင်းလ်တာတွေများနေပြီကွ။ ငါ့မွေးနေ့ကိုတောင် မင်းက bravo မပေးနိုင်တော့ဘူးဆိုတဲ့ သဘောလား။ အဲဒါဆို ရတယ် ဟောကောင် ... စိတ်ဓာတ်ပဲ"

လင်းသူကလည်း သူ့ကို pressure တွေ ထပ်ပေးလာတာမို့ သူက ရေလည်ကြေကွဲရလေသည်။ အမှန်တော့ ဒီပွဲကို သူလည်းနွှဲချင်တာမို့ တော်တော် အားခဲထားတာဖြစ်သည်။ ဒါပေမဲ့ သူ့ရဲ့ချစ်ဇနီးချော စစက သွားပြောလျှင် ဘယ်လိုမှ လက်သင့်ခံမှာ မဟုတ်ပေ။ ဒါပေမဲ့ သူမှမလာရင်လည်း လင်းသူ





တို့နဲ့က မိတ်ပျက်ရဦးမည်။ တကယ်တော့ သူ့ခများမှာ သွားဖို့ကိုတောင် စစဆီမှာ ခွင့်မတောင်းရဲတာဖြစ်သည်။

"စိတ်မဆိုးပါနဲ့ သားကြီးရာ။ ငါ လာနိုင်အောင် ကြိုးစားပေးမယ်လေကွာ"

"တော်ပါကွာ။ မင်း ဒါနဲ့ပဲ ကိုင်ပေါက်နေတာ။ ကြိုးစားမယ် ပြီးရင် လာတာလည်း မဟုတ်ဘူး။ ကိုကြီးမင်းယံပါ လာမှာကွ။ မင်းကလည်း လာစမ်းပါကွာ။ ဟောကောင် ... ရေမီးအစုံနော်"

"အေးကွာ ... အမှန်တော့ ငါ လာချင်တာပေါ့ကွာ။ ဒါပေမဲ့ စစက လွှတ်မှာမဟုတ်ဘူးကွ။ ငါက မင်းတို့လို လူပျိုမဟုတ်တော့ဘူးလေကွာ။ မိန်းမက မလွှတ်ရင် ငါ ဘယ်မှသွားလို့ မရဘူးကွ"

ဂုဏ်ရှိးက အမှန်အတိုင်း ပြောလိုက်လျှင် လင်းသူက သူ့ကို ရင်လေးတယ်ဆိုတဲ့ သဘောဖြင့် ဟူးခနဲ လေပူမှုတ်ထုတ်ကာ ...

"ဟောကောင် ... မင်း စစကို အဲဒီလောက် ကြောက်နေရသလားကွာ"

"ဟ ... ကြောက်တာ မဟုတ်ပါဘူးကွာ။ ချစ်တာပါ။ မင်းတို့က ဒါမျိုးတွေ ဘယ်နားလည်ဦးမှာလဲကွ။ အိမ်ထောင်သည်ဘဝဆိုတာ facebook မှာ relationship ကြေငြာထားလို့ ရည်းစားဖြစ်တာမျိုးနဲ့ မတူဘူးကွ။ အများကြီး ပညာပါတယ်။ ပြီးတော့ လက်တွေ့ဆန်တဲ့ ဘဝဖြစ်သွားပြီလေကွာ"

ဂုဏ်ရှိးက လင်းသူကို လက်ချာတွေပါ ရိုက်နေလျှင် လင်းသူက အပြောကိုမခံတော့ဘဲ လာခဲ့ဖို့သာ တွင်တွင်ခေါ်နေတော့၏။

"ဟော့ကောင် ... မင်းလိုသာဆို အိမ်ထောင်သည်တွေ ဘာလူမှုရေးမှ ရှိမှာမဟုတ်ဘူး။ မင်းနဲ့ငါ ဆိုတာ ကျောင်းသားဘဝကတည်းက ပေါင်းလာကြတာ။ မင်း ငါ့ celebration ကိုမှ မလာနိုင်ဘူး ဆိုရင်တော့ မင်းကို ငါတို့က black list သွင်းဖို့ပဲ ရှိတော့တယ်"

ဖိတ်တဲ့သူကလည်း တကယ်ကို လာစေချင်လွန်း၍ တကူးတကဖိတ်ကာ ဒီလိုကဲရမယ့်ပွဲကို လက်လွှတ်မခံနိုင်တဲ့သူကလည်း လာဖို့ သေချာဆုံးဖြတ်လိုက်ကာ ကတိပေးလိုက်သည်။





"အေးပါကွာ ... လုံးဝကတိပေးတယ်။ မင်းပွဲကို ငါသေချာပေါက်လာမယ်"

"Ok ... ယုံကြည်နေမယ်နော်။ မင်း မလာလို့ကတော့ ..."

ဂုဏ်ရှိးက ခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ စကို လက်ခံခွင့်ပြုနိုင်မယ့် အကြောင်းတစ်ခုကို သူ စဉ်းစားဖို့ လိုပေလိမ့်မည်။

❦ ○ ❦



Scanned by CamScanner

ချစ်သူတွေဘဝမှာ
အနာဂတ်ကို ပစ္စုပ္ပန်ထဲမှာ မြှုပ်နှံထားတယ်။
အိမ်ထောင်သည်ဘဝမှာ
ပစ္စုပ္ပန်ကို အနာဂတ်အတွက် မြှုပ်နှံထားတယ်။





## ၆

"စိတ်ပျက်စရာ ကောင်းလိုက်တာ ကိုကိုရယ်။ တကယ်ပါပဲ"

မြတ်ချွာဖျား။ ဂုဏ်ရှိးက စစဆီက ဈေးဆွဲခြင်းကို ကူသယ်ပေးရင်းကနေ စစဆီက စိတ်ပျက်စရာကောင်းလိုက်တာ ဆိုတဲ့ စကားကြောင့် ရင်တော့ထိတ်သွားရလေသည်။ သူ့ကိုများ စောင်းပြောနေတာလား။

"ဘာ ... ဘာဖြစ်လို့လဲ စစရဲ့"

"ဘာဖြစ်ရမလဲ ကိုကိုရဲ့။ စစတို့ တစ်ခြံကျော်က မမရွှေကို ကိုကို သိတယ်မှလား"

"အင်း ... သိတယ်လေ။ ဘာဖြစ်လို့လဲ"



Book Sharing

Scanned by CamScanner

"ဘာဖြစ်ရမလဲ။ သူ့ယောကျ်ား ကိုလူလေးက စမောလ်ဆွဲလို့တဲ့။ မနေ့ကမှ ပက်ပင်းကို တိုးတာတဲ့လေ။ အဲဒီကိုလူလေးက သူ့မိန်းမကို သူ့မိတ်ဆွေအိမ်မှာ ဘုရားပင့်ဆိုပြီး လိမ်ထွက်သွားတာ။ ပြီးတော့ အဲဒီစမောလ်လေးနဲ့ shopping ပတ်နေတာတဲ့။ မမရွှေနဲ့ တော်ဝင်စင်တာမှာ တည့်တည့်ကို တိုးတော့ ပွဲကြီးပွဲကောင်းပဲပေါ့။ အဲဒီဦးလူလေးကလည်းလေ ဒီအရွယ်ကြီးရောက်မှ စိတ်ပျက်စရာကြီး"

သူက ထိတ်ခနဲတော့ ဖြစ်ရလေသည်။ ဟိုဘိုးတော်က သူ့စမောလ်လေးနဲ့ကဲဖို့ ဘုရားပင့်ဆိုပြီး အိမ်ကလိမ်ထွက်လေသတဲ့တဲ့။ သူနဲ့ idea ချင်း အနည်းငယ် သွားဆင်တာမို့ ဂုဏ်ရှိးက နည်းနည်းတော့ လန့်ရလေသည်။ ဒါပေမဲ့လည်း သူကသစ္စာမရှိတဲ့အလုပ်ကို လုပ်မယ့်သူ မဟုတ်တာကြောင့် ပြဿနာတော့ မရှိပေ။

"အေးလေ ... ဦးလူလေးက ခပ်အေးအေးသမားပါ။ ဘယ်လိုဖြစ်သွားတာပါလိမ့်"





"အဲဒါ သစ္စာဖောက်တာလေ ကိုကို့ရဲ့၊ မမရွှေမှာ ဘယ်လောက်သနားဖို့ကောင်းလိုက်လဲ။ မမရွှေက ကလေးတွေနဲ့ သူ့ခမျာ ဘယ်လောက် ခံစားရရှာမလဲ။ အဲဒီလူကြီးကိုက အကျင့်မကောင်းတာ"

စစက မိန်းမချင်း ခံစားပေးနိုင်သော ကိုယ်ချင်းစာစိတ်ဖြင့် ဒေါသတွေ ထွက်နေတာကို သူက စိတ်ပြေသွားအောင် စကားလွှဲပေးလိုက်၏။

"ကဲပါ ... ဒေါသတွေလျှော့။ ကိုကိုတို့ ဒီနေ့ ဘာချက်စားရင် ကောင်းမလဲ"

"အင်း ... ကိုကို ဘာစားချင်လဲ ပြောလေ"

"ပဲကုလားဟင်း စားချင်တယ်ကွာ။ ပြီးတော့ ဆိတ်သားခြောက်ကြော်မယ်။ ဒီနေ့ ကိုကိုပါ မီးဖိုချောင်ဝင်ပြီး စစကို ကူမယ်လေ"

"ဟင် ... ကိုကိုက ကူမွှာမသွားတော့ဘူးလား။ ဒီနေ့ ထူးခြားနေသလိုပဲနော်"

ဂုဏ်ရှိးက ပြုံးရုံပြုံးကာ စစရဲ့ပခုံးကိုဖက်၍ ဆက်လျှောက်လာခဲ့သည်။ ဒီကနေ့က ဟိုကောင် လင်းသူ မွေးနေ့ကို



Scanned by CamScanner

ညနေမှာ ထွက်နိုင်ဖို့အတွက် သူက စစကို ကပ်ချုပ်ဖို့ရာ သူက တမင်ရမယ်ရှာပြီး ကုမ္ပဏီမသွားဖို့ စဉ်းစားထားကာ ဈေးအတူတူ သွားဝယ်ဖို့ အေးရာအေးကြောင်း လမ်းလျှောက်လာတာဖြစ်သည်။ သူ့အမူအရာတွေက ထူးခြားနေတယ်ဆိုတာ ရိပ်မိလေသော စစ က သူ့ကို question တွေ အောက်လာပြီမို့ သူက ဖြေတတ်ဖို့ လိပါလိမ့်မည်။

"ဩော် ... ကုမ္ပဏီမသွားဘဲ ကိုယ့်မိန်းမနားနေတာက ဆန်းတယ်တဲ့လားကွာ။ ကိုယ်လည်း ချစ်စစလေးနဲ့တူတူ ဈေးသွားချင်တာပေါ့။ ဒါကြောင့်မို့ ဒီနေ့ ဒေါ်ထွေးကို တောင် ဈေးမသွားခိုင်းဘူး။ စစနဲ့အတူ မောင်တစ်ထမ်း မယ်တစ်ရွက် ဈေးတူတူသွား ပြန်လာရင် ဟင်းတူတူချက်။ လုံးဝ ဇနီးမောင်နှံဘဝ ဘယ်လောက်ကောင်းလဲ အသည်း လေး။ ဘာလဲ ... စစက ကိုကို့ကို ငြိုငြင်တယ်ပေါ့"

"အမယ်လေး ... အပိုတွေ။ အဲလိုမျိုး ကိုကိုရဲ့အချစ်တွေ တိုးသထက်တိုး ဆိုရင်တော့ ဝမ်းသာပါတယ်ရှင်။ အိမ် ထောင်သည်ဘဝ ရောက်ပြီဆိုရင် ယောကျ်ားတွေက သူ တို့ရဲ့အာရုံတွေကို အပြင်မှာ မြှုပ်နှံထားချင်တတ်တဲ့အမျိုး





လေ။ မိန်းမတွေကသာ အိမ်ထောင်သည်ဘဝရောက်တာ နဲ့ သူတို့စိတ်အာရုံတွေ အကုန်လုံးက ဒီအိမ်ထောင်ထဲမှာပဲ မြှုပ်နှံတတ်ကြတာ။ စစမှာ ကိုကို့ကိုပဲ စိတ်ဝင်စားနေရ တာ ဟွန်း"

"ကိုကိုကလည်း စစကိုပဲ စိတ်ဝင်စားပြီး ချစ်တာ။ ကျန် တာအားလုံး ဖွဲဆန်ကွဲ"

စစက ကျေနပ်စွာသော အပြုံးတစ်ခုဖြင့် သူနဲ့တူ ယှဉ်တွဲကာ ဆက်လျှောက်လာ၏။ သူတို့နေတဲ့ ရပ်ကွက်နဲ့ ဈေး က အတန်ငယ်လှမ်းတယ် ဆိုပေမယ့် လမ်းလျှောက်သွားလည်း ရတဲ့အခြေအနေမို့ သူကိုယ်တိုင်က ကားမယူဘဲ သဘာဝဆန်စွာ တူတူ ဈေးလိုက်ဝယ်တာဖြစ်သည်။ သူနဲ့စစဟာ ပျော်တပြုံးပြုံး ဖြင့် ဝယ်ချင်တဲ့ အသားငါး၊ ဟင်းရွက်တွေကို လိုက်ဝယ်ကြ သည်။ စစက ရှေ့ကဝယ်၊ သူက ဈေးခြင်းဆွဲတဲ့ ပျော်ပျော်ရွှင် ရွှင်ပုံစံလေးကို သူလည်း အရမ်းသဘောကျရ၏။

"ကိုကို ... ကြက်သားပါကြော်မယ်လေ။ လာ ... ကြက် သားပါ ဝယ်သွားမယ်"

"စစ သဘော ... စစ သဘော"

သူက အရာရာ စစ သဘောဖြစ်စေကာ စစနဲ့အတူ ကြက်သားသွားဝယ်ရာမှာ ပြဿနာက စ,တော့တာပဲဖြစ်သည်။

"ကြက်သား ဘယ်ဈေးလဲ"

"ခြောက်ထောင်ဈေး ညီမ။ လုံးဝရေမထိုးထားတဲ့ အမှန် အကန် ရှယ်ကြက်တွေနော်။ ဘယ်လောက်ယူမလဲ ညီမ"

"ငါးဆယ်သားပေး။ တစ်ခါတည်း ခုတ်ပေးလိုက်နော်။ ပိုပိုသာသာလေး ထည့်ဦး"

စစက ကြက်သားဝယ်နေချိန်မှာ သူဟာ သားစိမ်း ငါးစိမ်း ညှီနံ့တွေကြောင့် နည်းနည်း ခပ်လှမ်းလှမ်းမှာ နေနေချိန်မှာ သူ့ကို လာနှုတ်ဆက်သူနဲ့ တိုးတော့တာဖြစ်သည်။

"ဟယ် … ရီး …။ ဂုဏ်ရီး ဘယ်လိုဖြစ်ပြီး ဒီရောက်နေ တာလဲ"

ဟိုက် …။ သူဟာ ဘယ်လိုမှ ထင်မထားသောသူကို တွေ့ရတာကြောင့် တအံ့တသြကို ဖြစ်သွားရတာဖြစ်သည်။ နေခြည်ပါလား။ နေခြည်ကို သူမြင်တော့ သူက အံ့သြသလို နေခြည်ကလည်း သူ့ကိုမြင်တော့ အရမ်း အရမ်းကို အံ့အားသင့် နေပုံရသည်။ အေးပေါ့ … သူလိုလူမျိုးကို ဒီလိုဈေးထဲမှာ ဆုံရတာကို နေခြည် အံ့သြနေမှာပေါ့။





"နေခြည်ပါလား။ ဘယ်လာတာလဲ"

"နေခြည်က မနက်ဖြန် ဘုန်းကြီးကျောင်း ဆွမ်းချိုင့်အတွက် ဒီမှာ ဈေးလာဝယ်တာ ကောင်မလေးနဲ့။ ရီးက ဘယ်လို ဖြစ်ပြီး ဒီရောက်နေတာလဲ"

"ကိုကို"

ဂုဏ်ရီးက ဘာကြောင့်ရယ် ပြောမလို့ဘဲရှိသေး။ ကိုကို ခေါ်သံက ရောက်လာပြီမို့ သူက မိတ်ဆက်ပေးလိုက် တော့၏။

"ဒီမှာလေ … ကိုယ့်မိန်းမနဲ့ ဈေးလာဝယ်တာ။ မိတ်ဆက် ပေးရဦးမယ်။ စစ … ဒါ ကိုယ့်သူငယ်ချင်း နေခြည်ပန်တဲ့။ ကျောင်းတုန်းက တစ်တန်းတည်းလေ။ နေခြည် … ဒါ ငါ့မိန်းမ ခင်ဦးသစ်စုတဲ့"

စစက သူ့ရဲ့မိတ်ဆက်ပေးမှုကို မျက်နှာထားတည် တည်နဲ့သာ ခေါင်းသာဆတ်ပြသည်။ သူ့ဘက်က နေခြည့်ကို မိတ်ဆက်ပေးလိုက်တာနှင့် နေခြည် ဆိုတာ သူ့ရည်းစားဟောင်း မှန်း စစ မှတ်မိသွားပုံရသည်။ မျက်နှာကြောက ခပ်တင်းတင်းမို့ သူက ကြားထဲက အနေရခက်သည်။

"သြော် … တွေ့ရတာ ဝမ်းသာပါတယ်။ အဲဒါဆို သွားဦးမယ်။ ရိုး … သွားမယ်နော်"

နေခြည်က ထွက်သွားလေလျှင် စစက သူ့ကို ရှုတည်တည်ကြည့်ကာ …

"ချိန်းထားတာလား"

မေးတဲ့လေသံကိုက အေးစက်စက်မို့ သူက အကြောက်အကန် ငြင်းရလေသည်။ ဟုတ်လည်း ဟုတ်ပါ၏ တိုက်ဆိုင်ပုံများ။ နေခြည်က ဘာကိစ္စ ဒီဈေးမှ လာဝယ်ရတာလဲ၊

"အာ … နပါက်ကရတွေ စစရာ။ ချိန်းစရာလား"

"ရှင် ကြပ်ကြပ်သတိထား။ သွားမယ် … လာ"

စစက သူ့လက်မောင်းကိုဆွဲကာ ထွက်အလာမှာ အနောက်က ပွက်လောရိုက် ဆူညံအော်ခေါ်သံကို ကြားရလေသည်။

"ဟဲ့ … ဟဲ့ … ကြက်သားဖိုး မပေးဘဲနဲ့"

"စစ … ကြက်သားဖိုး ပိုက်ဆံမရှင်းရသေးဘူးလား"

"အယ် … ဟုတ်တယ်"

စစက နောက်ကြောင်းလှည့်ကာ ကြက်သားသည် ဆီသွားလျှင် သူကပါ ရှက်ရှက်နဲ့ လိုက်လာရ၏။





"ဆောရီး … ဆောရီး … ကျွန်မ မေ့သွားလို့။ ရော … ရော့"

စစက တစ်သောင်းတန်တစ်ရွက် ထုတ်ပေးလိုက်လျှင် ကြက်သားသည်က ယူလိုက်ကာ ပြန်အမ်းငွေပေးရင်းက …

"ဟင်း … ဒီလိုဇာတ်ကွက်တွေက ရိုးနေပြီ။ ရှူးချင်ယောင်ဆောင်ပြီး ပိုက်ဆံမပေးဘဲ ထွက်သွားတာ"

"ဘာ … ဘာပြောလိုက်တယ်"

ဟား … ဇာတ်လမ်းက အဲဒီမှာ စတာပဲဖြစ်၏။ အင်မတန်က အကြောရှည်ကာ အာပေါင်အာရင်းသန်သန်ဖြင့် အပြောခံလိုက်ရတာမို့ စစက သောင်းကျန်းပြီဖြစ်၏။ တစ်ဖက်က ကြက်သားသည်က ရိုးနေပြီဖြစ်တဲ့အလား မျက်နှာကြောကို မော်ချီကာ …

"ကြားတဲ့အတိုင်းပဲလေ၊ ဘယ့်နှယ်အေ … ပုံစံကြည့်ကော့ သားသားနားနားနဲ့။ မေ့ချင်ယောင်ဆောင်ပြီး အချောင်ရမလား"

"ဟဲ့ … ဒီမှာ … ရှင့်ကြက်သားဖိုးကို မေ့ပြီးမပေးမိတာလေ။ ရှင် ရိုင်းလှချည်လား။ ဒါကြောင့်မို့လည်း တူသော အကျိုးပေးနေတာ"



Scanned by CamScanner

"ဘာ ... ဘာပြောတယ်။ အောင်မယ် ... ညည်းကများ မိအေးကို စမ်းချင်တယ်။ ဟုတ်လား"

"လာစမ်းပါ ... လာလေ"

ကြက်သားသည်နှင့် စစရဲ့ရန်ပွဲက ကြီးလာပြီမို့ ဂုဏ်ရှိးမှာ အသေအကြေ ကြားဝင်ရတော့၏။

"စစရယ် ... လာပါ။ ဖြစ်မနေနဲ့"

"ရမလား ကိုကိုရဲ့။ ဒီလိုအခေါင်အတန်းက စစကိုများ စော်စော်ကားကား။ ဟဲ့ ... ဒီမှာ ရှင့်ကိုကော ရှင့်ကြက်တွေ ပါဝယ်ပြီး မီးရှို့ပစ်လို့ရတယ် နားလည်လား"

"ဘာ ... ညည်းကများငါ့ကို၊ ကြက်သူခိုးမ"

"တော်ပြီဗျာ။ ခင်ဗျားပါးစပ်ပိတ်တော့။ စစ ... လာကွာ... လာ ... လာ"

ဂုဏ်ရှိးက လူတွေဝိုင်းကြည့်နေတဲ့ ကြားကနေ စစကို မရမက ဖွတ်ဆွဲခေါ်ထုတ် လာခဲ့ရတော့သည်။ သူသာ ဝင်မဆွဲရင် ကြက်သားသည်နဲ့ နပန်းတောင် ထလုံးနိုင်မယ့် အခြေအနေမှာ ရှိနေတာကို သူ တော်တော်စိတ်ညစ်မိသွားသည်။

"ဘာကိစ္စ ရှင်က လိုက်ဆွဲနေရတာလဲ။ အသုံးကိုမကျဘူး"





"ဘာ"

ဂုဏ်ရှိးက စစကို ဈေးအပြင်ကို ခေါ်ထုတ်လာခဲ့လျှင် စစက သူ့လက်မောင်းကို ဖျတ်ခနဲရိုက်ကာ ပြောလိုက်တဲ့ စကားကြောင့် သူက ဒေါသမထွက်ဝံ့ဘူး ထွက်သွားရသည်။ ဆက်ပြောနေရင် ဒီပတ်ဝန်းကျင်မှာ အရှက်က ထပ်ကွဲတော့မှာမို့ သူက ဘာမှဆက်မပြောတော့ဘဲ စစကိုသာ ဆွဲခေါ်လာခဲ့တော့သည်။

"ကိုကို ဆွဲခေါ်လာလို့ပေါ့။ နို့မို့ဆို ဒီမိန်းမလား။ သေတောင်သွားဦးမယ်"

"ကဲ ... စစ တော်တော့ကွာ။ ရှက်စရာ ကောင်းတယ်ကွ"

သူက နားထဲမှာ cross ဖြစ်လာပြီမို့ ထအော်ပစ်မိသွားသည်။ သူ့စိတ်ထဲမှာ စုနက ဖြစ်သွားတဲ့ကိစ္စကြောင့် စိတ်ထဲ တနုံ့နုံ့ဖြစ်နေတာ ဖြစ်သည်။ အဆိုးဝါးဆုံးကတော့ နေခြည်မြင်သွားလေလားဆိုတဲ့ အတွေးကြောင့်ဖြစ်၏။

"ဘာ ... ဘာကို ရှက်စရာကောင်းတာလဲ ကိုကို။ ကိုယ့်ကို လာစော်ကားနေတာကို ဒီတိုင်း ငြိမ်ခံနေရမှာလား။ ဟမ် ... ပြောစမ်းပါဦး"



Book Sharing

Scanned by CamScanner

သူတို့ ပြန်လာတဲ့လမ်းမှာ ပြဿနာဖြစ်မှာစိုးလို့ သူ့ဘက်က လျှော့လိုက်တာတောင် အိမ်ပြန်ရောက်တော့ စစက အစပြန်ဆွဲထုတ်တာဖြစ်ကာ သူကလည်း စိတ်တိုနေတဲ့ အခံကြောင့် အော်ပြောမိသလို ဖြစ်သွား၏။

"ဟား ... ဘာပဲဖြစ်ဖြစ်ပေါ့။ မင်းအဆင့်အတန်းနဲ့ အဲဒီလို အော်ကြီးဟစ်ကျယ် ဖြစ်စရာ အကြောင်းကိုမရှိဘူး။ ဟားကွာ ... ရှက်ဖို့ကောင်းလိုက်တာ"

"ဘာ ... ရှက်တယ် ဟုတ်လား။ ရှင်က ရှင့်ရည်းစားဟောင်းနဲ့တွေ့ပြီးပြီဆိုတော့ ကျွန်မကို အပြစ်မြင်ပြီပေါ့။ အဓိက,က ရှင်နဲ့ အဲဒီမိန်းမကို တွေ့လိုက်လို့ ပိုက်ဆံရှင်းဖို့ မေ့သွားတာ။ ရှင် အဲဒီမိန်းမနဲ့ ချိန်းတွေ့ဖို့အတွက် ဒီနေ့ ကုမ္ပဏီကိုမသွားတာ"

စစရဲ့စွပ်စွဲချက်က လုံးဝကို အတိအကျကြီး ပြောတာမို့ သူက ဒေါပိုကန်ရလေသည်။

"ဘာကွ ... စစ၊ မင်း စကားကို ဆင်ခြင်ပြောရင် ကောင်းမယ်ကွ။ ဘာကို ငါက ချိန်းရမှာလဲ"



"ရှင် ဒီနေ့ အကြောင်းပြချက် မရှိဘဲ ကုမ္ပဏီကိုမသွားတာကိုက သက်သေပဲ။ အစကတည်းက မသင်္ကာဖြစ်နေတာ အခုတော့ဘူးပေါ်သလို ပေါ်လာတာဘဲ။ ဟွန်း ... ဟိုမိန်းမဆိုတာကလည်း သူများလင်ကို ကြောင်တောင်နိုက်ရဲတယ်။ အံ့ပါရဲ့"

"ဟော့ ... ဟော့ ... ခင်ဦးသစ်စ၊ စကားမရိုင်းနဲ့ကွ"

"ရိုင်းအောင်လုပ်တာ ရှင်ပဲ။ ဘယ့်နှယ်တော်။ ရေဘာလို့မပါလဲဘဲ မေးတတ်တယ်။ ရေဘူးပေါက်ရတဲ့ ရာဇဝင်ကိုတော့ လူမသိဘူးလေ။ ရန်ဖြစ်တော့ ကျွန်မကပဲ ရိုင်းတယ်တဲ့လား ဦးဂုဏ်ရိုးမာန်ရဲ့"

ဟာကွာ ...။ သူဟာ စကားဆက်ပြောချင်စိတ်ကို မရှိတော့ချေ။ ဒီအချိန်မှာ သူကော စစကော ဒေါသဖြစ်နေတဲ့ အချိန်မို့ ဆက်ပြောလည်း ရန်စကားပဲ ဖြစ်နေမှာမို့ သူကရှောင်ထွက်ဖို့ ဆုံးဖြတ်ကာ ကားသော့ကို လှမ်းယူလိုက်လျှင် စစက မာကြောရင့်သီးတဲ့ လေသံဖြင့် လှမ်းမေးလေ၏။

"ရှင် ... ဒါက ဘယ်လဲ"



Scanned by CamScanner

မေးတဲ့ပုံစံကိုက ရင့်ကြောကြောမို့ သူကလည်း စိတ်ပေါက်ပေါက်ဖြင့် လှည့်မကြည့်ဘဲဖြေကာ အမြန်ထွက်လာခဲ့တော့သည်။

"စိတ်တွေ အညောင်းမိနေပြီ။ ကိုယ် အပြင်ထွက်မှရမယ်"

ပြောချင်တာ ပြောခဲ့ပြီးနောက် ကားပေါ်ရောက်မှ သူ မှားများမှားသွားသလားဆိုပြီး တွေဝေမိသွားသည်။ အာ ... ဝေးစမ်း။ မယားနေစ ကြောင်သေမှတဲ့။ သူက ကြောင်တောင် သေခိုင်းစရာမလိုဘာမှ အာဖုံကြီးလုပ်စရာမလိုဘဲ လင်းသူ့ရဲ့ပါတီကို လာနိုင်ခဲ့ပြီဖြစ်သည်။

လူပျိုပြန်လုပ်ကြည့်ချင်လာတဲ့ သူ့စိတ်တွေကို ဒီတိုင်း လွတ်စကျွတ် လွှတ်ပေးထားလိုက်တော့သည်။

❦ ○ ❦



"မင်း မမှားဘူးကွ။ မှန်တယ်။ မိန်းမဆိုတာ အမြဲအချို တွေချည်းပဲကျွေးပြီး သူ့အလိုလိုက် သူ့အကြိုက်ချည်းပဲ ဆောင်နေရင် ရိုးသွားလိမ့်မယ်။ ရည်းစားဘဝမှာသာ အချစ်က အပေါ်ယံအချိုတွေပဲ ပေးရတာ။ သမီးရည်းစားဆိုတာ ၂၄ နာရီ အတူတူရှိနေနိုင်တာမျိုး မဟုတ်ဘူးလေကွာ။ ဒါကြောင့် တွေ့တုန်းခဏ ချိုရမယ်။ အိမ်ထောင်သည်ဘဝ ရောက်လာတော့ ၂၄ နာရီလုံး ဒီမျက်နှာပဲမြင်နေရပြီလေ၊ ချိုရမယ်၊ ချဉ်ရမယ်၊ ငန်ရမယ်၊ ဖန်ရမယ်။ အချစ်က ဟောဒီ ဝိစကီလို ရေခဲရယ်၊ ဆော်ဒါရယ်၊ ဝိစကီရယ် ပေါင်းမှ အကောင်းဆုံးအရသာကို ရသလိုမျိုးပေါ့ကွာ။ မင်း မှန်တယ် ဂုဏ်ရီး ...

မိန်းမဆိုတာမျိုးက သူတို့ယူထားတဲ့ ယောကျ်ားတွေကို မြားလို တင်းတင်းဆွဲထားရုံနဲ့ ပြီးပြည့်စုံပြီလို့ထင်



Scanned by CamScanner

ထားတာကွ။ အမှန်တော့ ယောကျ်ားဆိုတာ အဲဒီမြားလိုပဲ တင်းတင်းဆွဲပြီး ပစ်လေ ဝေးဝေးကို ရောက်လေပဲဆိုတာ သူတို့တွေ နားမလည်ဘူးကွ။ အဲဒီမှာ လင်မယားတွေရဲ့ ပဋိပက္ခဆိုတာ စပေါ်တာပဲ"

ဂုဏ်ရှိးက အစ်ကိုကြီးကိုမင်းယံကို တစ်ချက်တည်းနဲ့တင် ဂါသွားရသည်။ ကိုမင်းယံဟာ သူတို့ထက်အသက်ခုနစ်နှစ်ကျော်လောက် ကြီးတာမို့ အတွေ့အကြုံနဲ့ ဒိုင်ယာလော့ခ်တွေမှာလည်း လုံးဝလေးစားလောက်ဖွယ်တွေပဲဖြစ်၏။

"ဟား ... ကောင်းလှချည်လား။ ရှိတ်လိုက် အစ်ကိုကြီး။ ဒီနေ့ကစပြီး အစ်ကိုကြီးကို အရင်ထက် အဆပေါင်းများစွာ ဂါသွားပြီဗျာ။ ရှိတ်လိုက်"

သူက လုံးဝဂါနေတဲ့ respect တွေဖြင့် အစ်ကိုကြီးကိုမင်းယံကို ရှိတ်လိုက်သည်။ သူ့အဖို့တော့ ဒီနေ့က အသစ်တွေရနေတာပဲဖြစ်သည်။ အခုဆို ဆယ်နာရီတောင် ထိုးတော့မည်ဖြစ်၏။ Pioneer က ဖျပ်ဖျပ်ထနေတဲ့ ဆလိုက်တွေရယ်၊ DJ ရဲ့ မြူးကြွနေတဲ့ Beat တွေကြောင့် လူက လွန်စွာမှ လန်းဆန်းနေတာဖြစ်၏။ မနက်ကတည်းက အိမ်က ထွက်လာကာ ဖုန်းကို





လုံးဝကို Silent လုပ်၍ ဝဲထားတာဖြစ်၏။ တစ်နေကုန် လင်းသူတို့နဲ့နေကာ ဒီကောင့်အိမ်မှာပဲ ကဲချင်သလိုကဲထားကာ မှောင်တာနဲ့ ကလပ်မှာ လာလန်းနေကြတာဖြစ်၏။ စစနဲ့ ရန်ဖြစ်လိုက်တဲ့အတွက် သူက အော်တိုလွတ်လပ်ခွင့်ပါမစ် ရသွားတာမို့ သူက ရတုန်းလေး အမုန်းကဲနေတာဖြစ်၏။

"ဟား ဟား ... ဒီလို pro အဆင့် ရောက်ဖို့ကိုလည်း ရထားတဲ့ အတွေ့အကြုံတွေက အရင်းအနှီးတွေပဲကွ။ ဒီမှာ ညီလေး ... မိန်းမဆိုတာ ကြောက်ဖို့မဟုတ်ဘူး ချစ်ဖို့။ ချစ်လို့ ယူထားတဲ့မိန်းမကို ချဉ်သွားအောင် မကြောက်ရဘူးကွ။ သဘောပေါက်တယ်နော်"

"ဟား ... အစ်ကိုကြီးကိုတော့ တကယ်လေးစားသွားပြီဗျာ။ အစ်ကိုကြီးနဲ့ နောက်ရက်မှ သီးသန့်တွေ့ပြီး ပညာယူရမယ်"

"ဟား ဟား ... welcome ပါကွာ။ ကိုယ့်ညီတွေကို လက်ချာရိုက်ရမှာပေါ့ကွာ။ အချိန်မရွေး လာခဲ့"

"ဟုတ်ကဲ့ ... အစ်ကိုကြီး။ ဒါနဲ့လေ ... အဟဲဟဲ ... ကျွန်တော် ဒီညပြန်ရင် ဘာပြောရမလဲဟင်"



Scanned by CamScanner

ဂုဏ်ရှိးက အစ်ကိုကြီးကိုမင်းယံကို ဆရာတင်ကာ ဒီနေ့ည အိမ်ပြန်အဝင်အတွက် အကြံဉာဏ်တောင်းရတာဖြစ်သည်။ ဒီအချိန်မှာ ကဲနေပေမယ့် အချိန်တန်ရင် သူ အိမ်ကိုပြန်ရမှာမို့ သူဟာ စစကို ရင်ဆိုင်ရမှာ နည်းနည်းတော့ ရင်တုန်ရလေသည်။ အခုဆို စစ တစ်ယောက် အကြီးကြီးကို တင်းနေလောက်ပြီဖြစ်သည်။ သူလည်း စိတ်လိုက်မာန်ပါ ပြောမိခဲ့တာအတွက် အခုမှ စိတ်ထဲမကောင်း ဖြစ်မိသလို ဖြစ်နေ၏။

"ဟော့ကောင် ... မင်းကလည်း ပြန်ဦးမလို့လား။ မနက်မှ ပြန်ပါကွ"

"နိုး ... နိုး ... မောင်လင်းသူ ... အဲဒီလို မပြောရဘူး။ ဒါ ညီတို့လို လူပျိုတွေ သဘောမပေါက်သေးဘူး။ ဂုဏ်ရှိး ငါ့ညီ ... မင်း အိမ်ပြန်ကို ပြန်ရမယ်။ မှတ်ထားကွ ... အမှားဆိုတာ မှားခွင့်ရှိတယ်၊ ဖောင်းလိခွင့်ရှိတယ်။ ဒါပေမဲ့ ဖျက်လို့မရအောင် မမှားရဘူး။ မိန်းမစိတ်ဆိုးအောင် စိတ်ကောက်အောင်ပြုတဲ့ အမှားမျိုး လုပ်လို့ရတယ်။ စိတ်နာအောင် မလုပ်ရဘူး။ ဒီအချိန်လောက်ဆို သူ့မိန်းမက ဒီကောင်ကြီးလို စိတ်ဆိုးနေပြီ။ အေး ... တစ်ဖက်မှာလည်း





မင်းအတွက် စိတ်ဆိုးတာနဲ့ ဆတူပမာဏရှိတဲ့ စိတ်ပူတာတွေ စိုးရိမ်တာတွေ ရှိနေပြီ။ ဒီအချိန်ဟာ မောင်ရင်အိမ်ပြန်ဖို့ အသင့်ဆုံးအချိန်ပဲ။ စိတ်ဆိုးမှုရောတဲ့ စိုးရိမ်မှုဆိုတာ အရမ်းမိုက်တယ်ကွ"

"ဟား ... ဟုတ်ကဲ့ ... အစ်ကို။ ကျေးဇူးဗျာ။ ကျွန်တော် အိမ်ပြန်တော့မယ်"

ဂုဏ်ရှိးက အိမ်ကို ချက်ခြင်းပြန်ချင်လာတာမို့ ထိုင်ရာမှထလိုက်လျှင် အစ်ကိုကြီးက မပြန်ခင် မှတ်သားစရာလေး ပေးလိုက်သေးသည်။

"ခဏလေး ငါ့ညီ။ မင်း ဒီနေ့ည မင်းမိန်းမနဲ့ ပြေလည်ချင်ရင် မင်း ဒီနေ့သွားတာတွေကို အမှန်မပြောနဲ့။ ပြန်ခါနီး လက်ဆောင်ပါးလိုက်ဦးမယ်။ မိန်းမဆိုတာ သူတို့ကို လိမ်ရင် သိပ်မုန်းတယ်။ ယုံအောင်လိမ်တတ်ရင်တော့ ချစ်ပဘော်ကြတယ်ကွ။ အဆင်ပြေပါစေကွာ"

"ဟုတ်ကဲ့ ... ရှဲ့ရှဲ့အစ်ကိုရာ။ သွားပြီ ... ဟော့ကောင်တွေ ငါ လစ်ဦးမယ်။ မင်းတို့ကော၊ အစ်ကိုကြီးကော မပြန်သေးဘူးလား"

"မင်းကလည်း ဒီအချိန်မှလူစည်တဲ့ဟာ။ ငါတို့က dance ဦးမှာကွ။ မင်းသာ ဂိုးတော့"

ဂုဏ်ရိုးက ဘော်ဒါတွေကို ဘိုင့်ဘိုင် လုပ်ခဲ့ကာ အမြန်ဆုံး အိမ်ပြန်လာခဲ့တော့သည်။ သူဟာ ကိုမင်းယံဆီက လက်ချာတွေ ရခဲ့ပေမယ့် ကြောက်တာကတော့ ကြောက်တာပဲ ဖြစ်သည်။ စစဟာ ဒီအချိန်ဆို သူ့ကို ဘယ်လိုအနေအထားမျိုးနဲ့ စောင့်နေမလဲဆိုတာ သူလည်း မခန့်မှန်းရဲပေ။ အဲဒီလိုနှင့် ဂုဏ်ရိုးက စဉ်းစားရင်း တွေးရင်းဖြင့် အိမ်ကို ပြန်ရောက်လာခဲ့တော့သည်။ အိမ်ပြန်ရောက်လာလျှင် ဘယ်လို ဘယ်လိုမှ ထင်မှတ်မထားစွာ စစ ကိုယ်တိုင်ကပဲ ခြံတံခါးကို လာဖွင့်ပေးလေ၏။ ဂုဏ်ရိုးက စစရဲ့မျက်နှာကို ကားထဲကကြည့်ကာ အကဲခတ်လိုက်လျှင် သိပ်တော့ အစာကြေဟန်မပေါက်ပေ။ ဂုဏ်ရိုးက ရင်ဆိုင်ရတော့မယ့် အခြေအနေအတွက် ကားပေါ်က ဆင်းလာခဲ့လျှင် စကားစပြောသူက စစပဲ ဖြစ်၏။

"ဘယ်အချိန် ရှိပြီလဲ။ ရှင် တစ်နေကုန် ဘယ်ရည်းစားဟောင်းဆီ သွားနေတာလဲ ... ဟမ်"



ဒေါ်သထွေက်စရာ မေးခွန်းနဲ့အတူ မြန်လှသောလက်ကလည်း သူ့လက်မောင်းကို ဖြန်းခနဲရိုက်သောအခါ အားများတာကြောင့် သူဟာ နည်းနည်းနာသွားရသည်။ ပြီးတော့ သူကိုယ်တိုင်က ပြေလည်ချင်ပေမယ့် ဒီမဆိုင်တဲ့ ရည်းစားဟောင်းကိစ္စက ပါလာပြန်တာမို့ ဂုဏ်ရိုးက ဘုပြန်ပြောမိသွားသည်။

"ဘယ်သွားသွားပေါ့ကွ။ မင်းနဲ့ ဘာဆိုင်လဲ"

"ဘာပြောတယ် ... ရှင်"

"ကဲ ... ကဲ ... မိုးချုပ်နေပြီ။ တော်ကြပါတော့။ စစ အိမ်ထဲဝင်တော့။ မောင်ဂုဏ်ရိုးလည်း တော်တော့။ ပတ်ဝန်းကျင်ကို အားနာစရာ"

အိမ်ထဲက ဒေါ်ထွေးက အလျှင်အမြန်ထွက်လာကာ ဟန့်လိုက်မှ စစက သူ့ကို တောက်ခေါက်ကာ အိမ်ထဲကို ဆောင့်ကြီးအောင့်ကြီး ဝင်သွားလေသည်။

"ဘယ်တွေ သွားနေတာလဲ ရိုးလေးရယ်။ စစခမျာ မင်းကို စိတ်ပူနေပြီး ထမင်းတောင် မစားဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ်က ယောကျ်ားလေ။ နည်းနည်းတော့ လျှော့ပေးရမှာပေါ့။ စစလေးကို ချော့လိုက်ပါကွယ်။ သားတို့အဲလိုဖြစ်တော့ ဒေါ်ထွေးတို့လည်း ဘယ်လိုစိတ်ကောင်း



Book Sharing

Scanned by CamScanner

နိုင်ပါ့မလဲ"

ဟင် ...။ ဂုဏ်ရှိက ဒေါ်ထွေး ပြောတာနဲ့တင် စစကို တင်းထားတဲ့စိတ်တွေအားလုံး ပျောက်ရှကုန်၏။ သူဟာ ချက်ချင်း အိမ်ထဲလိုက်ဝင်လာကာ စစနောက် လိုက်လာခဲ့သည်။ စစ သူ့ကို ကြိုက်သလောက် အပြစ်ဆို စိတ်ဆိုးပါစေ သူချော့မယ်လို့တေးကာ အခန်းထဲ ဝင်လာလျှင် စစက သူ့ကို မီးဝင်းဝင်းတောက်နေသော မျက်လုံးဖြင့် ဆတ်ခနဲ ကြည့်တာမို့ သူနည်းနည်းတော့ တွန့်သွားရသည်။

"ဘာလဲ ... ဘာကိစ္စလဲ"

"စစ ... ထမင်းမစားရသေးဘူးဆို"

"အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ။ ရှင့်ရည်းစားဟောင်းကို သွားပြောပါလား"

ပါလာပြန်ပြီ ဒီရည်းစားဟောင်း။ စစ တစ်ယောက်ဟာ နေခြည့်အပေါ်ကို အရမ်း sensitive ဖြစ်ကာ အူတိုလွန်းနေပြီဖြစ်သည်။

ရတ်ကရက်တော့ စိတ်တိုသွားပေမယ့် အဲဒါ စစရဲ့ အချစ်ကို ဖော်ပြတဲ့ စကားဆိုတာ သိလိုက်တာကြောင့် ကျေနပ်ပြုံး ပြုံးမိသွားကာ သူ့ဘက်ကပဲ လျှော့ရတော့သည်။





"ကဲပါကွာ ... အဲဒါတွေ ပြောမနေပါနဲ့တော့။ စစ ထမင်းမစားရသေးဘူးဆို"

"အခုမှ လာမေးမနေပါနဲ့။ ကိုယ့်ကို မကြင်နာတဲ့ယောက်ျားကိုမှ စစက ယူခဲ့မိတာ။ ရှင် တစ်နေကုန် ဘယ်သွားမှန်းမသိ။ ဘယ်ရှာရမှန်းမသိနဲ့ စစ ဘယ်လောက် စိတ်ပူနေရတယ်ထင်လဲ။ ရှင် ဘာဖြစ်နေလဲဆိုပြီး စိတ်ပူရတာ သေတော့မယ်။ သူကျတော့ ... ဟင့် ..."

စစက ပြောရင်းနဲ့ အသံတွေတုန်လာကာ ငိုချလိုက်လျှင် သူ ခေါင်းနပမ်းကြီးသွားကာ စစ အနား ပြေးသွား၍ စစကိုထွေးပွေ့လိုက်ကာ ချော့ရတော့သည်။ ပြီးတော့ သူ့ရင်ထဲလည်း အရမ်းနင့်သွားရလေသည်။ စစ ခမျာတော့ သူ့ကို ချစ်လိုက်တာ။ သူ့မှာတော့ ...။ ကွာ ...။

"စစရယ် ... ကိုကို မှားပါတယ်ကွာ။ ကိုကို တောင်းပန်ပါတယ်။ ကိုယ် တကယ်မကောင်းတာ"

"စစလည်း မှားတာပါပဲ။ တကယ်ဆို ကိုကို့ကို စစ အဲဒီလို မပြောခဲ့သင့်ဘူး"

"စစရယ် ... ကိုယ့်မှာလေ စစကိုပဲ ချစ်ခဲ့ရတာပါကွာ။ နေခြည်နဲ့ အထင်မလွဲပါနဲ့နော်။ ကိုကို့ဘဝမှာ တကယ်ချစ်ခဲ့တာက စစကိုပဲ"



Scanned by CamScanner

"တကယ်နော်"

စစက ကျေနပ်သွားသော အပြုံးဖြင့် သူ့ကိုခေါင်းဆတ်ပြသည်။ ပြီးတော့ သူ့မျက်နှာကို တမေ့တမော ကြည့်ကာ...

"ကိုကို ဘာစားပြီးပြီလဲ။ တစ်နေကုန် ဘယ်တွေလျှောက်သွားနေတာလဲ။ စစ ရင်တွေပူလွန်းလို့ သေသွားနိုင်တယ်။ ကိုကို ဘယ်တွေ သွားနေတာလဲ ... ဟင်"

"ကိုကိုက ဟို ..."

ဟို ... ဆိုပြီး သူ့စကားက ခဏလေး ရပ်သွားမိသည်။ သူ အမှန်အတိုင်း ပြောရမလား။ လိမ်ပြောရမလား။ အစ်ကိုကြီးကတော့ လိမ်ခိုင်းထားသည်။ အဲဒါက ပြဿနာတက်မှာပါ။ အခုဟာက စစ ခမျာ ဘယ်လောက် သနားဖို့ကောင်းလဲ။ သူ ထင်နေခဲ့တာက သူ့ကိုတော့ ဒေါသူပုန်တွေ ထနေမယ်ပဲ ထင်ထားတာ။ အခုတော့ စစမှာ သူ့ကိုပဲ စိတ်ပူနေရှာတာ။

"ကိုကို ... ဘာလို့လဲဟင်။ ကိုကို ဘယ်သွားနေတာလဲလို့"

"ဟို ... စစကို အမှန်ပြောမယ်။ စစ စိတ်မဆိုးရဘူးနော်။ ကိုယ် လင်းသူတို့အိမ်မှာပဲ ရှိနေတာ။ ဒီနေ့က ဒီကောင့်မွေးနေ့လေ။ ကိုယ် ကလပ်ခဏသွားဖြစ်တယ်"

"ဘာ ... ကလပ် ... ဟုတ်လား"





စစ အသံက ခုနကလို ညွတ်ပျောင်းနေတာမဟုတ်တော့တာမို့ သူဟာ ရင်ခုန်သွားရသည်။ သွားခဲ့ပြီ။ အမှန်အတိုင်း ပြောတာ လုံးဝမှားပြီ။ ဂုဏ်ရှိးက သူ ဖောင်းလိခဲ့ပြီဆိုတာ သိနေတာမို့ စစကို အသည်းအသန် ချော့ရလေသည်။

"စိတ်မဆိုးပါနဲ့ စစရယ်။ ကိုကို့ကို ဟိုကောင်တွေက အတင်းခေါ်သွားလို့ပါ။ ကိုကို စစကို မလိမ်ဘူးလေကွာ။ စိတ်မဆိုးပါနဲ့တော့"

"ဟင်း ... ဒါပဲနော် ကိုကို။ ဒီကိစ္စကို လုံးဝမကျေနပ်ဘူး။ ဒါပေမဲ့ ကိုကို မလိမ်တဲ့အတွက် ခွင့်လွှတ်လိုက်မယ်။ နောက်ဆို စိတ်ဆိုးလို့ သွားချင်တဲ့နေရာ လျှောက်သွားလို့ကတော့ စစ လုံးဝခွင့်မလွှတ်ဘူး မှတ်ပါ"

ဒါဆို အခုကတော့ ခွင့်လွှတ်တယ်လို့ ရည်ရွယ်နေတာမို့ ဂုဏ်ရှိးသည် လိမ္မာတဲ့ သိုးငယ်လေးအလား ဟုတ်ကဲ့ဆိုပြီး ခေါင်းညိတ်လိုက်ကာ စစသဘော ဖြစ်စေခဲ့ပါသည်။

❦ ○ ❦



Scanned by CamScanner

ချစ်သူဆီက ဖုန်းလာတယ်ဆို
ပျော်တယ် (အတိုင်းအဆမရှိ)။
မိန်းမဆီက ဖုန်းလာတယ်ဆို
ရစ်တယ် (အတိုင်းအဆမရှိ)။
အချစ်ဆိုတာ
ပတ်သက်မှုပေါ် မူတည်ပြီး ကွဲပြားတတ်တယ်။
သိပ်ရင်းနှီးလာတဲ့အခါ
အချစ်တွေ လျော့တတ်သတဲ့လား။





## ၇

ဒီနေ့မှာ စစက မင်းသမီး ရွှေမိုးကျော်ရဲ့အိမ်ကို စပွန်ဆာပေးထားတဲ့ dress ကို ကိုယ်တိုင်သွားပို့ပေးပြီးနောက်မှာ အချိန်လည်း ရှိသေးတာမို့ စစက ကိုကိုနဲ့အတူတူ အပြင်မှာ တစ်ခုခု သွားစားဖို့ စိတ်ကူးရတာမို့ direction က ကိုကို့ဆီသို့ ဦးတည်ကာ မောင်းလာခဲ့တော့သည်။ စစက အစကဖုန်းခေါ်မလို့ လုပ်ပြီးမှ ကိုကို ဆပ်ပရိုက်စ် ဖြစ်သွားအောင် အကြောင်းမကြားဘဲ သွားဖို့ ဆုံးဖြတ်လိုက်တော့သည်။ စစက underground ထဲမှာ ကားရပ်ခဲ့ကာ lift ဖြင့် အပေါ်တက်လာခဲ့တော့၏။

ကိုကို့ကုမ္ပဏီရုံးခန်းက ခုနစ်လွှာမှာ ရှိတာမို့ စစက lift ဖြင့် အေးရာအေးကြောင်း တက်လာခဲ့လျှင် Reception မှာ

ဆီးကြိုနေတဲ့ ဝန်ထမ်းကောင်မလေးက စစကိုမြင်လျှင် ဘော့စ်ရဲ့ ကတော်မှန်း သိနေတာမို့ အပြေးတစ်ပိုင်း ဆီးကြိုလေ၏။

"ဟယ် ... မမ ... လာတယ်။ မတွေ့တာ ကြာပြီနော် မမ။ ပိုချောလာတယ်"

စစက အဲဒါ မြှောက်ပြောတာ မဟုတ်ဘူးဆိုတာ ယုံလေသည်။ ကိုကို့ရဲ့ဇနီး စစဟာ နာမည်ကြီး fashion designer တစ်ယောက်ပီပီ လူတကာငေးရလောက်အောင် ကိုယ်တိုင်ချုပ် ဒီဇိုင်းဆွဲထားတဲ့ ဝတ်စုံများကိုသာ စမတ်ကျကျဝတ်တတ်သူ ဖြစ်လေသည်။ ပြီးတော့ စစဟာ ခင်မင်ရင်းနှီးနေတဲ့ ရုပ်ရှင်ထုတ်လုပ်ရေးတွေ၊ ဒါရိုက်တာတွေကတောင် မင်းသမီးလုပ်ပါလားလို့ ပြောတဲ့အထိ လှတယ်လို့ ဆိုနိုင်သူဖြစ်၏။ ပြီးတော့ ကိုကို့လို gent ဖြစ်တဲ့ ယောကျာ်းနဲ့ ဖူးစာဆုံရသောအခါ စစဟာ ကိုယ့်ကိုယ်ကိုယ် perfect ဖြစ်တဲ့ ဘဝကို ပိုင်ဆိုင်ရတယ်လို့တောင် သတ်မှတ်လို့ ရလေသည်။

"Thank you ညီမလေး။ ကိုကို ရှိတယ်မှုလား"

"ဆရာ ... ဆရာ မရှိဘူး မမရဲ့"





"ဘယ်လို"

ကိုကို မရှိဘူးတဲ့။ စစက ဘယ်လို ဆိုတဲ့ အာမေဍိတ်အဆုံးမှာ ကိုကို့အတွင်းရေးမှူးက ရုံးခန်းထဲက အသည်းအသန်ပြေးထွက်လာကာ ...

"ဟာ ... ဆရာကတော် လာတယ်။ ဟဲ့ ... အီနွေး ... ဘာလုပ်နေတာလဲ။ ဆရာကတော်ကို ရုံးခန်းထဲခေါ်လေ"

စစက ရုံးခန်းထဲ လိုက်လာကာ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း မေးလိုက်သည်။

"ကိုကို မရှိဘူးဆို၊ ဘယ်သွားတာလဲ ကိုကျော်ဇေယျ"

"ဟို ... ဟို ... ဆရာက ခုနလေးကတင် သူ့သူငယ်ချင်း ကိုလင်းသူလာလို့ အပြင်ခဏသွားတာပါ"

မရဲတရဲ ပြောတာမို့ စစက ကိုကို့ကို ဒေါသပိုထွက်ရလေသည်၊ ဘာလုပ်တာလဲ။ စစကတော့ ယုံကြည်စွာနဲ့ လွှတ်ထားတယ်၊ ကိုကိုက အဲဒီလိုပဲ ကုမ္ပဏီကနေ လစ်နေကြပါလား။

"ကိုကျော်ဇေယျ ... ကိုကိုက အဲဒီလိုပဲ သွားနေကြလား။ အခုကော ဘယ်သွားမယ် ပြောသွားလဲ။ ကိုလင်းသူတို့ ကကော ဒီကို အဲလို အမြဲလာနေကြလား"



Scanned by CamScanner

စစရဲ့မေးခွန်းပေါင်းများစွာကို ကိုကျော်ဇေယျက ထိန်းပြီး ပြောနေတယ်ဆိုတာ စစက ရိပ်စားမိလေသည်။

"ဆရာက ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် သွားဖြစ်တာပါ။ အရင်ကုမ္ပဏီမှာပဲ ရှိတာပါ ဆရာကတော်။ ကိုလင်းသူက တစ်ခါတလေမှ လာတာပါ။ ဆရာကို အထင်မလွဲပါနဲ့ ဆရာကတော်"

"သူ ပြန်လာဦးမှာလား ကိုကျော်ဇေယျ"

"ဟို ... တစ်ခါတည်း အိမ်တန်းပြန်မယ် ပြောပါတယ် ဆရာကတော်"

တောက် ... ကိုကို ဒီလောက်ကဲနေတယ်ဆိုတာ ခုမှပဲ သိတော့တယ်။ ယုံကြည်ပြီး လွှတ်ထားမိတာတော့ မှားပြီထင်တယ်။ စစ ကိုယ်တိုင် ကုမ္ပဏီရောက်လာတဲ့အခါ ကိုကို မရှိဘူးဆိုတဲ့ အဖြစ်အပျက်အပေါ်မှာ ကိုကို့ ဝန်ထမ်းတွေ ပြောစရာဖြစ်ကုန်မှာ စိုးတာမို့ စစက အခြေအနေကို ပြန်ထိန်းရလေသည်။

"သြော် ... အင်း ... ရတယ် ကိုကျော်ဇေယျ။ ကိစ္စမရှိပါဘူး။ စစက အလုပ်ကိစ္စ အပြင်ထွက်ရင် ကိုကို့ဆီဝင်လာတာ။ ရတယ် ... ဖုန်းဆက်လိုက်မယ်။ အလုပ်လုပ်ရတာ အဆင်ပြေတယ်မှုလား"



"ဟုတ် ... ပြေပါတယ် ဆရာကတော်"

"အင်း ... အင်း ... အိုခေ ... အဲဒါဆို သွားတော့မယ်။ ရတယ် ... ကိုကျော်ဇေယျ။ လုပ်စရာရှိတာ ဆက်လုပ်ပါ။ စစပဲ ကိုကို့ဆီ ဖုန်းဆက်လိုက်တော့မယ်"

စစက ထွက်လာခဲ့လျှင် အလိုက်သိလေတဲ့ သူ့အတွင်းရေးမှူးက ကိုကို့ဆီ သေချာပေါက် ဖုန်းဆက်မယ်ဆိုတာ စစကသိနေတာမို့ စစက သူ့ကို ဘယ်ရောက်နေလဲ ဖုန်းဆက်ပြီး မမေးတော့ချေ။ စိတ်ထဲမှာတော့ မကျေနပ်မှုတွေ ဖြစ်နေတယ်ဆိုတာ သိလေသည်။ ဟာကယ်ဆို စစ စိတ်ကူးထားတာက ကိုကို့အလုပ်ကို အကြောင်းမကြားဘဲ ဆပ်ပရိုက်စ်ဖြစ်အောင် သွားမယ်။ ပြီးတော့ အပြန်မှာ ကိုကိုနဲ့အတူတူ တစ်ဆိုင်ဆိုင်မှာ ဒင်နာစားမည်။ နောက်ပြီး ကန်တော်ကြီးပဲဖြစ်ဖြစ်၊ အင်းလျားဖြစ်ဖြစ် သွားပြီး ကိုကို့ပခုံးပေါ် ခေါင်းမှီ၍ ကိုကို့လက်မောင်းကို ချိတ်တွယ်ကာ ညခင်းရဲ့အလှကို ခံစားမည်။ စသဖြင့် ကြည်နူးစရာလေးတွေကို စိတ်ကူးယဉ်ပြီး လာခဲ့တာ။ အခုတော့ ...။

စစက ဖုန်းကိုပါဝါပိတ်ပစ်လိုက်သည်။ စစ ကုမ္ပဏီရောက်လာတယ်ဆိုတာ သိမှ အသည်းအသန် ဖုန်းဆက်ပြီး လိမ်



Book Sharing

Scanned by CamScanner

ပြောမယ့် စကားတွေကိုလည်း နားမထောင်ချင်တော့ဘူး။ စစသည် အမြဲတမ်း တိုင်ပင်နေကြဖြစ်တဲ့ မေမေနဲ့ အန်တီမေ့ကို သတိရလာကာ အိမ်ကိုသွားလိုက်၏။ ဒီအချိန်ဆို ဖေဖေ အလုပ်က ပြန်လာခါနီးပြီ ဖြစ်ပေမယ့် စစက အလည်လာတာဆို ဖေဖေက ဆူတော့မှာ မဟုတ်ပေ။ ဒီအချိန်မှ အိမ်ကိုရောက်လာတဲ့ စစကို အန်တီမေက ထွက်ကြိုကာ ...

"အမယ်လေး ... ငါ့တူမလေး ပေါ်လာတော်မူသေးတယ်။ ကျုပ်မှာတော့ ရှင် ဘယ်အချိန်လာမလဲ မျှော်လိုက်ရတာ။ ညည်း တစ်ယောက်တည်းလား။ ညည်းယောကျ်ားကော"

"မေးမနေပါနဲ့တော့။ အန်တီမေတို့ ပေးစားထားတဲ့ ယောကျ်ားကြီးအကြောင်းကို ပြောကို မပြောချင်တော့ဘူး"

စစက ဆောင့်အောင့်ကာ အိမ်ထဲဝင်လာလျှင် အန်တီမေကလည်း အနောက်ကနေ အပြေးလိုက်လာခဲ့ကာ မေမေကတော့ နောက်ဖေးက ထွက်လာကာ တစ်ယောက်တည်းလာတဲ့ စစကို တအံ့တသြကြည့်၍ ...

"ဟဲ့ ... ဘယ်လိုဖြစ်လာတာတုံး။ ရုပ်ကလည်း သုန်မှုန်နေတာပဲ။ ဘာဖြစ်လာတာလဲ။ မောင်ဂုဏ်ရှိုးကော"





"မေမေ့သမက်အကြောင်း လာတိုင်တာ။ သမီးတစ်ယောက်တည်း လာတာ။ မေမေတို့ကလေ ကိုယ့်သမီးလေးလာတာ ကြိုဆိုမယ် မရှိဘူး။ သူ့ပဲမေးနေကြတယ်"

စစက ဆောင့်ကြီးအောင့်ကြီးဖြင့် ဆိုဖာမှာပစ်ထိုင်လိုက်ရင်း မွစိမွစိ ပြောလိုက်လျှင် မေမေနဲ့ အန်တီမေက စစဘေးနား ရောက်လာကြကာ စူးစမ်းတဲ့အကြည့်ဖြင့်ကြည့်၍ ...

"ဟဲ့ ... အခု ညည်းတို့က ဘာဖြစ်လာကြလို့လဲ။ မထိတ်သာ မလန့်သာ ရှိလိုက်တာ စစရယ်။ ပြောစမ်း ... မောင်ဂုဏ်ရှိုးနဲ့ ရန်ဖြစ်လာတာလား"

"အာ ... ရန်မဖြစ်ပါဘူး"

"ဟဲ့ ... ဒါဆို ဘာဖြစ်လာတာလဲ။ ပြောစမ်း ... မြန်မြန်၊ ငါ စိတ်မရှည်တော့ဘူး"

မေမေက စိတ်မရှည်တော့သည့် လေသံဖြင့် ဆတ်စနဲ့ အော်ငေါက်လျှင် စစက ရင်ထဲမှာ ကျလိ ကျလိ ဖြစ်နေသည့် အစိုင်အခဲတွေကို ဖွင့်ထုတ် ပြောပြလိုက်တော့သည်။

"ဘာဖြစ်ရမလဲ မေမေရဲ့။ စစက အခု ရွှေမိုးကျော်ကို ဒီဖိုင်းသွားပို့ပြီး ကိုကို့ရုံးကို ဝင်တယ်လေ။ မေမေ့သမက်က



Scanned by CamScanner

ကုမ္ပဏီမှာ မရှိဘူး။ သူ့သူငယ်ချင်းနဲ့ အပြင်ထွက်သွားတယ်တဲ့။ ကြည့်စမ်းပါဦး။ ဘယ်လောက် လွန်သလဲလို့။ စစလုံးဝသည်းညည်းမခံနိုင်ဘူး မေမေ။ သူ အရမ်းလွန်နေပြီ"

"ဟဲ့ ... သြော် ... ယောက်ျားလေးပဲ သူ့အပေါင်းအသင်းနဲ့တွေ့လို့ တစ်ခါတလေ သွားတာလာတာတော့ ရှိမှာပေါ့။ မောင်ဂုဏ်ရှိးက လူအေးပါဟယ်"

"မေမေကလည်း ဒါပေမဲ့ အလုပ်ချိန်လေ၊ သူ သမီးကိုပြောသွားတာက အလုပ်လေ။ အခု အလုပ်ချိန်မှာ အပြင်ထွက်သွားတယ် ဆိုကတည်းက သူ သမီးကို လိမ်တာပဲလေ။ သမီး လုံးဝမကျေနပ်ဘူး မေမေ"

စစက ပြောရင်းနဲ့မှ သူ့ကို ဒေါသတွေထွက်လာမိသည်။ ဟွန်း ... သူငယ်ချင်းကိုပဲ အရာရာ ဦးစားပေးတတ်တဲ့ အစုတ်ပလုတ်ယောက်ျား။ စစက စူပုပ်ပုပ်မျက်နှာဖြင့် မေမေနဲ့ အန်တီမေ့ကို မကျေနပ်တာတွေ ရင်ဖွင့်လိုက်ရ၍ စိတ်ထဲမှာတော့ နည်းနည်းပေါ့ပါးသွားသလိုတော့ ရှိလေသည်။

"စစရယ် ... သမီးက ကလေးမဟုတ်တော့ဘူး။ အရာရာကို အဲဒီလို သိုက်ကတ်သတ်နေလို့ မရတော့ဘူး။ မောင်





ဂုဏ်ရှိးက သူ့သူငယ်ချင်းလာလို့ အပြင်သွားတာ ဘာဖြစ်လဲ။ သမီးကို မပြောဖြစ်သေးတာ ဖြစ်မှာပေါ့။ သူ ဘယ်ရောက်နေသလဲ သိချင်ရင် သူ့ဖုန်းကို ဆက်ကြည့်လိုက်ပေါ့။ ဒါ ဒေါသဖြစ်စရာ ကိစ္စလား"

"အေးလေဟယ် ... ငါနဲ့ လန့်သွားတာပဲ။ ဘာများလဲလို့။ ဒါလေးကို စိတ်ဆိုးပြီး လာတိုင်တယ်၊ အမယ်လေး ... ငါတူမ အချစ်နဲ့ပတ်သက်ရင် သဘောထား တယ်ကျဉ်းမြောင်းသကိုး။ ဒါလေးသွားမိတာ ဘာဖြစ်လဲ စစရယ်။ ညည်းနော် ... အဲဒီလောက် အူတိုမနေနဲ့။ မှတ်ထား ... ယောက်ျားဆိုတာ နားပူနားဆာလုပ်နေတဲ့ မိန်းမမျိုးကို ကြာရင် စိတ်ကုန်တယ်"

စစကိုပဲ ဝိုင်းပြောနေတာကြောင့် စစက သုန်သုန်မှုန်မှုန် မျက်နှာဖြင့် ထအော်ပစ်လိုက်တော့သည်။

"ဟား ... ပြောကြပါ။ အားလုံးက စစ အပြစ်တွေချည်းပဲ ထားပါတော့"

"ဟဲ့ ... အာပြဲကြီးနဲ့ ဇွတ်အော်မနေနဲ့။ ခု ညည်း ဒီကို လာတာ ဂုဏ်ရှိးသိသလား"



Scanned by CamScanner

မေမေက စစရဲ့အကျင့်ကို သိသူပီပီ မေးလိုက်လျှင် စစက ခေါင်းသာ အသာခါယမ်းပြသည်။ အဲဒီအချိန်မှာပဲ ခြံထဲကို ဝင်လာတဲ့ကားသံ ကြားတာမို့ စစက ခေါင်းအသာငဲ့ကြည့်လိုက်လျှင် ကိုကို ဖြစ်လေသည်။

"ဟော ... ရောက်လာပါပြီ။ လာ ... လာ ... ဂုဏ်ရှိးရေ။ မင်းကို ဒီမှာတော့ စိတ်ကောက်တော် မူနေလေရဲ့"

အန်တီမေက ကိုကို့ကို လှမ်းခေါ်လိုက်လျှင် သူက စစရဲ့ဘေးကခုံမှာ ဝင်ထိုင်ကာ စစကို တစ်ချက် ကဲကြည့်လိုက်ရင်းကမှ လူကြီးတွေကို တိုင်တည်ပြောလေသည်။

"ဟို ... ဒီနေ့က ကျွန်တော့်သူငယ်ချင်းက ကုမ္ပဏီကို အလည်လာတော့ အပြင်ထွက်ပြီး သူတို့နဲ့ တစ်ခုခုသွားစားနေတဲ့အချိန်မှာ စစက ရောက်လာတော့ မတွေ့လိုက်ဘူးဖြစ်သွားတာပါ။ အခုလည်း စစ အိမ်မှာမရှိဘူးဆိုတာနဲ့ မေမေတို့ဆီ ရောက်နေမှာ သိနေလို့ လိုက်လာတာ။ စစ ဖုန်းကိုခေါ်တာ စက်ပိတ်ထားတယ်ချည်းပဲ အော်နေတယ်"

"မပြောချင်လို့ တမင် ပိတ်ထားတာ"



စစက မကြားတကြား လေသံဖြင့် ပြောလိုက်လျှင် သူက စစကို ထပ်ကြည့်ပြန်သည်။ အမြင်ကတ်တာကို မျက်စောင်းထိုးရင်း မျက်နှာကို တစ်ဖက်လွှဲထားလိုက်သည်။

"အမယ်လေး ... စစ အကြောင်းလည်း သိရက်နဲ့ သားရယ်။ သူက အမြဲ ဒီလိုပဲ ဗျစ်တောက် ဗျစ်တောက်နဲ့။ အခု သမီးကို ပြန်လာခေါ်တာမှလား။ သွား ... ခေါ်သွား သားရေ"

"အာ ... မေမေကလည်း စစ ဒီနေ့ အိမ်မှာပဲနေမှာ"

"စစ ... ကောင်းကောင်းပြောလို့ မရဘူးလား။ မောင် ဂုဏ်ရှိးက ညည်းကို တကူးတက လာခေါ်နေတာ။ သူ့မှာ အလုပ်ကနေ အိမ်ကို တန်းမပြန်ရသေးဘူး။ ညည်းကို လာခေါ်နေရတာ။ သွား ... လိုက်သွားတော့။ ညည်းအဖေ ပြန်လာမှဆို ညည်း အဆူခံနေရဦးမှာနော်"

"ပြန်ရအောင်နော် ... စစ"

စစကို မေမေကလည်း အတင်နှင်လွှတ်နေတာမို့ စစက မပြန်လို့ မရတော့ဘူးဆိုတာ သိနေတာကြောင့် ထုံးစံအတိုင်း စိတ်ကောက်ပြကာ ...



Scanned by CamScanner

"ပြီးရော ... ပြီးရော။ မေမေကလေ သူ့ကို အပြစ်တောင် မပြောဘူး။ သွားမယ်"

စစကပဲ တစ်ထစ်လျှော့ကာ သူနဲ့ ပြန်လိုက်ခဲ့ရတော့သည်။ ကားက တစ်ယောက်ဟစ်စီးစီမို့ ကိုယ့်ကားကိုယ် မောင်းကာ အိမ်ပြန်လာခဲ့တော့သည်။ စစက ကားပေါ်ကဆင်းကာ အိမ်ထဲဝင်လာခဲ့လျှင် သူကပါ နောက်က အမြန်လိုက်လာကာ စစကို လှမ်းခေါ်လေသည်။

"စစ ... ခဏလေး"

စစက ခြေလှမ်းတွေကို ရပ်လိုက်ကာ သူ့ဘက်ကို လှည့်၍ မေးတစ်ချက် ဆတ်ပြလိုက်ပြီး မေးလိုက်လျှင် သူက စစဆီ လျှောက်လာကာ ...

"ဒီနေ့မှ တကယ် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားတာပါကွာ။ ကိုယ် စစကို တောင်းပန်တယ်။ နောက်ပြီးတော့ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ လူကြီးတွေကို စိတ်အနှောင့်အယှက် သွားမပေးပါနဲ့ စစ"

"ဘာ"





စစက အဲဒီစကားကြောင့် ပိုပြီးဒေါသဖြစ်ရလေသည်။ သူက စစကို တောင်းပန်နေတာလား။ ရန်တွေ့နေတာလား။ ပြီးတော့ သူဆိုလိုချင်တာက ဒီကိစ္စဟာ ဘာမဟုတ်တဲ့ ကိစ္စပေါ့။ စစက နဂိုဒေါသအခံပြင့် သူ့ကို ပြဿနာရှာပစ်လိုက်တော့သည်။

"စစကပဲ ဒါဆို ပြဿနာရှာနေတဲ့ သဘောလား။ ရှင် အလုပ်ချိန်မှာ အပြင်သွားနေတာက အပြစ်မဟုတ်ဘူးပေါ့ ဟုတ်လား"

"စစရာ ... အပြစ်လို့တော့ မပြောနဲ့လေကွာ။ ကိုယ်က ကုမ္ပဏီတစ်ခုလုံးရဲ့ ပိုင်ရှင်လေ။ ဝန်ထမ်းမှ မဟုတ်တာ။ အလုပ်ချိန်မှာ အပြင်ထွက်ခွင့် မရှိဘူးမှ မဟုတ်တာ။ သွားစရာရှိတာတော့ သွားရမှာပေါ့။ အခု ဒီကိစ္စကို စစက အမေတို့ဆီ သွားပြောတော့ ကိုယ်က ဘာဖြစ်သွားမလဲ"

"ဒီမှာ ... ရှင်က အခု စစကို ရန်တွေ့နေတာလား"

"မဟုတ်ပါဘူးကွာ။ ကိုယ်က မဖြစ်သင့်လို့ ပြောနေတာ။ တကယ်ဆို စစ လာမယ်ဆိုလည်း ဖုန်းဆက်ပေါ့။ ကိုယ် ဖျက်လိုက်မှာပေါ့။ အခုတော့ စစ ပုံစံက ဆပ်ပရိုက်ချက်ခ် ဝင်တဲ့ပုံ ပေါက်နေတယ်လေ။ ကုမ္ပဏီမှာလည်း ကိုယ် role ကျတာပေါ့"



Scanned by CamScanner

ဘာ ...။ စစက ဒေါသတွေ ဖြစ်ရလွန်းလို့ မျက်ရည်တောင် ဝဲမိသွားသည်။ ဘာဖြစ်တယ် role ကျတယ်တဲ့။ တကယ်ဆို ဒီအနေအထားမှာ သူကတောင် စစကို ချော့ရဦးမယ်။ နှစ်ယောက်အတူတူ လျှောက်သွားမယ့်ကိစ္စ ပျက်သွားလို့ အဲဒီအတွက် အချိန်တွေကို နှမြောနေရမယ့်အစား သူက တစ်ပြန်စီး ရန်တွေ့နေရတယ်လို့။ စစက ထင်ထားတာတွေနဲ့ ကွာခြားနေတာတွေအတွက် ရင်ထဲမှာ ခံစားရလေသည်။

"ဟုတ်ကဲ့။ စစ မှားသွားပါတယ်။ ရှင့်ဆီကိုလာဖို့ တခြားသူတွေလိုပဲ အပွိုင့်မန့် ယူရမယ်မှန်း ကျွန်မ တကယ်မသိလို့ပါ။ ဘယ်အချိန်ပဲဖြစ်ဖြစ် ကိုကို့ဆီလာလို့ရမယ်၊ VIP လို့ ကိုယ့်ကိုယ်ကိုယ် မှတ်ယူမိသွားလို့ပါ။ ရဘယ်လေ ... နောက်ဆို ဘယ်တော့မှ မလာတော့ပါဘူး"

"ကျစ် ... ကိုယ် စိတ်ညစ်တာ အဲဒါတွေပဲ စစ။ ကိုယ့်ကို အရွဲ့တိုက်မနေနဲ့။ စစ ကျေနပ်အောင် ဘယ်လိုနေရမယ်မှန်း ကိုယ် မသိတော့ဘူးကွာ"

ကိုကိုက ညည်းညည်းညူညူပြောကာ စစကိုရှောင်လွဲ၍ အပေါ်ထပ် တက်သွားလေတော့သည်။ ဘုရားရေ ... ဘယ်





နေရာက လွဲမှားသွားတာလဲ။ စစ မျှော်လင့်ထားတာမျိုးတွေနဲ့ ဆန့်ကျင်ဘက်ပါလား။ စစကို အရမ်းစိတ်ရှည်ပြီး သိပ်ချစ်တတ်တဲ့ ကိုကို့ရဲ့ပုံစံတွေ ဘာဖြစ်လို့ ဒီလောက် ပြောင်းလဲကုန်တာပါလိမ့်။

အချစ်ဆိုတာ သိပ်ရင်းနှီး ကျွမ်းဝင်သွားတဲ့အခါ လျော့ပါးသွားတတ်တဲ့ အရာမျိုးမို့လို့လား။

❦ ○ ❦

Book Sharing



Scanned by CamScanner

မိန်းမတစ်ယောက်ရဲ့အချစ်က
ပင်လယ်ရေလိုမျိုးပဲ။
ငန်နေလိမ့်မယ်။
ဒါပေမဲ့ မကုန်ခန်းနိုင်လောက်အောင် များပြားတယ်။





၀

"ဟား ဟား ... ဒါ ခက်ခဲတဲ့ကိစ္စမှ မဟုတ်တာ ဂုဏ်ရှိရယ်။ ဘာများခက်ခဲလို့လဲ"

သူ့ရဲ့ မွန်းကျပ်မှုကို ကိုမင်းယံက အေးရာအေးကြောင်း ပြောလေလျှင် သူက အံ့တော့ အံ့အားသင့်သွားရသည်။ စစကို သူချစ်တာ မှန်ပေမယ့် ကြာလေရစ်လာလေ ဖြစ်နေတဲ့ စစကို သူ စိတ်ညစ်နေမိတာကတော့ အမှန်ပဲ ဖြစ်လေသည်။ အဲဒါကြောင့် စစ သူ့ကို မရစ်ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ကြံရာမရ ဖြစ်နေချိန်မှာ အစ်ကိုကြီးကိုမင်းယံက လွယ်တယ်ဆိုတော့ သူ အားကိုးမိသွား၏။

"ဟား ... လုပ်စမ်းပါဦး အစ်ကိုကြီးရာ။ ကျွန်တော်ဘာလုပ်ရမလဲ"

"လိမ္မာပြရမှာပေါ့ကွ။ မင်းမိန်းမ ကျေနပ်အောင် နေတတ်ရမယ်"

"အာ ... အစ်ကိုကလည်း ကျွန်တော် အေးရာအေးကြောင်း နေတာပါဗျာ။ အဲဒါကိုပဲ အမျိုးမျိုး ပြဿနာရှာနေတာ။ မိန်းမတွေရဲ့အချစ်က ကြာလေလေ ကျဉ်းမြောင်းလာတဲ့ ပုံစံခွက်ထဲ သွင်းလေလေပဲ။ ကြာတော့ ကျွန်တော်တို့ ယောကျ်ားတွေရဲ့ဘဝက တဖြည်းဖြည်းနဲ့ ဘာနဲ့တူလာလဲဆိုတော့ ကော်ဖီခွက်ထဲ ပြုတ်ကျသွားတဲ့ ယင်ကောင်လိုပဲ။ ယက်ကန် ယက်ကန်နဲ့ အဲဒီခွက်ထဲမှာပဲ ရေတိမ်နစ်နေရတယ်"

သူက သူ့ခံစားချက်တွေကို အပီအပြင်တွေ ဖွင့်ဟ ထုတ်ပြနေလျှင် ကိုမိုးယံက သဘောတကျဖြင့် ရယ်မောကာ သူ့ပခုံးကိုပုတ်ရင်းက idea ပေးလေ၏။

"အဲဒါက သမားရိုးကျ အိမ်ထောင်ရေး အမြင်ကြီးပါ ငါ့ညီရာ။ ဒီမှာ ... မင်းမိန်းမ စစရဲ့ အရစ်ကို မခံချင်ရင် မင်းက ကျပ်နေဖို့လိုတယ်ကွ"

"အာ ... အစ်ကိုကြီးစကားက ဘယ်လိုကြီးလဲဗျ"





"ဟား ဟား ... သဘောရိုးပါကွာ။ ဝက်အူရစ်လိုပေါ့ကွာ။ ဝက်အူရစ်ဆိုတာ ချောင်နေတဲ့နေရာကို တင်းသွားအောင် ကျပ်ပေးတဲ့ အရာလေကွာ။ အေး ... အဲဒီသဘောကိုပြောချင်တာ။ စစက မင်းကို စိတ်မချ ဖြစ်နေရင် မင်းက သူ စိတ်ချအောင် နေပြတတ်ရတယ်ကွ ...

ဒီမှာ ကိုယ့်လူ ... မိန်းမဆိုတာမျိုးက ယုံလွယ်တယ်။ အဲ ... ဒါပေမဲ့ ယုံကြည်မှုနဲ့ထပ်တူ သံသယကလည်း အင်မတန်ကြီးတတ်သေးတာကွ။ အဲဒီတော့ မင်းက သံသယကင်းတဲ့ ယုံကြည်မှုရအောင် မင်းမိန်းမကို ချုပ်တတ်ဖို့ လိုလိမ့်မယ်ကွ။ ဆိုလိုတာကကွာ မင်း ဘယ်ႋ ဟာက် စစကို ဒေါသထွက်ထွက် လေပြည်လေးနဲ့ ပြောလိုက်ရင် မအိုခေသွားဘူးလား"

သူက ကိုမင်းယံ ဘာပြောချင်တယ်ဆိုတာ သဘောပေါက်သလိုလို ရှိလာ၏။ ပြီးတော့ သူ စစနဲ့ ရန်မဖြစ်ချင်ပေ။ စစနဲ့ အမြဲအဆင်ပြေစေဖို့ စစဆီက ယုံကြည်မှုရအောင် အရင် ယူပြရမည် ဖြစ်သည်။



Scanned by CamScanner

"ဟုတ်ပြီ အစ်ကိုကြီး။ ကျွန်တော် မြင်လာပြီ။ ဟုတ်တယ်ဗျ။ အိမ်ထောင်ပြုတယ်ဆိုတာ အချစ်နဲ့ ဉာဏ်ရည်ကစားရတာပဲ။ ဘယ်လောက်ချစ်ချစ် ပြဿနာဆိုတာ ရှိတတ်တာပဲ။ အဲဒီပြဿနာတွေ မဖြစ်ဘဲ ချစ်နေနိုင်ဖို့ဆိုတာ ဒါသုံးမှ ရမယ်ဆိုတာ ကျွန်တော် ပေါက်ပြီ ...

အဲဒီတော့ အစ်ကိုကြီး။ စစက ကျွန်တော့်ကို စိတ်ဆိုးနေတာဆိုတော့ ..."

သူက နားလည်ပေမယ့် ဘာလုပ်ရမှန်း မသိသလိုဖြစ်တာကြောင့် စကားစကို ခဏရပ်လိုက်လျှင် အစ်ကိုကြီးကိုမင်းယံက ၉၀ ပီသစွာ သူ့ကို အကြံဉာဏ်တွေ ရှယ်ပေးနိုင်၏။

"စိတ်ဆိုးနေတယ် မှလား။ ချော့ရမှာပေါ့ကွ။ မိန်းမဆိုတာ ဘယ်လောက်ပဲ မှန်းပါတယ်ပြောပြော မှန်းနေရင်တောင်မှ သနားတတ်တဲ့ အမျှဉ်လေးတော့ ရှိသေးတာပဲ။ မင်း ဒီနေ့ စောစောပြန်။ မင်းမိန်းမ ကြိုက်တတ်တာလေးမျိုး ရွေးဝယ်သွားလိုက်ပေါ့ကွာ"

ဂုဏ်ရိုးက ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ကူးထဲမှာ အစီအစဉ်တွေ ဆွဲနေတော့၏။ စစကို ဘယ်လိုချော့ရကောင်းမလဲ။



အမှန်တော့လည်း သူကိုယ်တိုင်က စစနဲ့ စကားမပြောဘဲ မနေနိုင်ပါ။ မနေ့က ဖြစ်ထားတဲ့ ပြဿနာကြောင့် စစတစ်ယောက်က သူ့ကို စိတ်ဆိုးပြီး စကားမပြောပေ။ ဘရိတ်ဖတ်စ်ဝိုင်းဟာ အင်မတန် တိတ်ဆိတ်ခြောက်သွေ့လျက် သူ့ရင်ထဲမှာ ဟာတာတာကြီး ဖြစ်နေခဲ့တာဖြစ်သည်။

အဲဒါကြောင့်မို့ ဒီကနေ့ ခြောက်သွေ့ခဲ့ရတဲ့ ဘရိတ်ဖတ်စ်ဝိုင်းကို အစားပြန်ပေးနိုင်ဖို့ သူက အိမ်စောစောပြန်မယ်။ ဟင်းချက်စရာတွေ ဝယ်သွားပြီး စစနဲ့အတူတူ ရိုမန်တစ်ဒင်နာတစ်ခု ဖန်တီးမယ်။ စိတ်ကူးနဲ့တင် ရင်ခုန်ကြည်မွေ့လာကာ သူ ပျော်ရွှင်သွားမိသည်။

❦ ○ ❦

"ဟဲ့ ... အဲဒါ ပေါ့လို့မဖြစ်ဘူးနော်။ ငါ သိတယ်။ ကျုပ် အဲဒါကြောင့် မမကြီးတို့ မသိအောင် တမင်လာတာ။ အဲတော့ ... အခု ညည်းနဲ့ ဂုဏ်ရီးက စကားမပြောကြဘူး ပေါ့ ... ဟုတ်လား"

အန်တီမေ့စကားအဆုံးမှာ စစက ခြေမှိုင်လက်မှိုင် မအီမသာ ပုံစံဖြင့် ခေါင်းကို ခပ်လေးလေး ညိတ်ပြ၏။ စိတ်ထဲမှာလည်း အရမ်းကို ဝမ်းနည်းခံစားနေရတာဖြစ်သည်။ ကိုကိုတစ်ယောက် အချိုးတွေ ပြောင်းသွားတာအတွက် အရမ်းပဲ ကြေကွဲရလေ၏။

"ဒါနဲ့ ... မနေ့က သူ့သူငယ်ချင်းနဲ့ သွားတယ်ဆိုတာကော သေချာရဲ့လား စစ"

"သူ့အတွင်းရေးမှူးက ပြောတာပဲလေ"



"အမယ်လေး ... ဟဲ့ ... အဲဒီလိုပြောရုံနဲ့ ယုံစရာလား။ စေ ... ညည်းနော် ညည်း၊ အိမ်ထဲမှာချည်း ထိုင်တုံးမနေနဲ့"

အန်တီမေ့စကားကြောင့် စစက ဟင်,ခနဲ နှာခေါင်းရှုံ့မိသွားသည်။ အိမ်ထဲမှာချည်း ထိုင်တုံးမနေနဲ့ဆိုတဲ့ စကားကို သူများကြားရင် မသိတဲ့သူက စစက တကယ့်ကိုပုံတုံးကြီးလို့ ထင်နေဦးမယ်။

"အန်တီမေကလည်း စလေးတုံးမှာ။ ဒိတ်ဒိတ်ကြဲရုပ်ရှင်မင်းသမီးတွေကတောင် စစဆီက idea တွေ ယူရတာ။ ကိုယ့်တူမက နာမည်ကြီး ဒီဇိုင်နာဆိုတာ မေ့မနေပါနဲ့ဦး"

"အေး ... အဲဒါကျတော့ ကက်ကက်လန် ရန်တွေ့တတ်တယ် ... ဟုတ်လား။ ဒီမှာ ငါပြောတာဂ နင့်ဘာသာ ဘယ်လောက်အောင်မြင်မြင် ကိုယ့်ယောကျ်ားကို control မလုပ်နိုင်ရင် အလကားပဲ။ နင်သိတာက ဒီဇိုင်းတွေ၊ ပိတ်စတွေ၊ ဒါပဲသိတာ။ ပြီးတော့ ညည်းအလုပ်ကလည်း အင်မတန် ဖင်မြဲတဲ့အလုပ် မဟုတ်လား။ အလုပ်က အိမ်မှာဆိုတော့ ညည်းက အပြင်ထွက်ဖြစ်တာ မဟုတ်ဘူး။



Scanned by CamScanner

ဂုဏ်ရှိးက လူကြီးတွေပေးစားတဲ့ ယောက်ျားဆိုပေမယ့် ယောက်ျားဟာ ယောက်ျားပဲ။ သူ မနေ့က အပြင်ထွက်တာ ကကော သူ့သူငယ်ချင်းနဲ့ဆိုတာ ဟုတ်ပါ့မလား"

အန်တီမေ စကားလုံးတွေက တွေးစရာတွေချည်းပဲမို့ စစက ငိုင်တောင်ငိုင်ချင်သွားသည်။ အန်တီမေ ပြောသလိုလည်း ဖြစ်နိုင်နေတာပဲ။ ကိုကို မနေ့က ကိုလင်းသူနဲ့ သွားတာ ဟုတ်ရဲ့လား။

"ဟုတ် ... ဟုတ်တယ်နော် အန်တီမေ။ ဒါ ... ဒါပေမဲ့ ကိုကိုက အဲဒီလို မလုပ်နိုင်လောက်ဘူး ထင်တယ်"

"အံ့ဩတာပဲ ခင်ဦးသစ်စရယ်။ ညည်း တော်တော်အယုံလွယ်တာပဲ။ ဒီမှာ ... ငါက ဂုဏ်ရှိးမာန်ကို မဟုတ်က ဟုတ်က စွပ်စွဲနေတာလည်း မဟုတ်ဘူး။ မီးဆိုတာ မလောင်ခင် ကြိုတားထားရတယ် ...

ငါကတော့ အဲဒီကောင်လေးကို သိပ်တော့ ဘဝင်မကျဘူး၊ တကယ်ဆို မနေ့ကတည်းက သူ ညည်းကိုချော့သင့်တယ်။ ကိုယ့်မိန်းမပဲဟာ။ ခုတော့ သင်းကမာနတစ်ခွဲသားနဲ့"





"ဟား ... ဟင်း ... အန်တီမေရယ်၊ စစကို ရေထဲကဆွဲတင်လိုက်၊ ပြန်နှစ်လိုက် လုပ်နေတာလား။ စိတ်ညစ်လာပြီကွာ။ စစ ဘာလုပ်ရမှာလဲ"

စစက စိတ်တွေရှုပ်ထွေးစွာဖြင့် ထအော်ပစ်လိုက်တော့သည်။ စိတ်ညစ်တာပဲ သိတယ်။ ကိုကိုကကော ဘာကိစ္စ ဒီလောက်ထိ စစကို မချော့ဘဲ နေနေရတာလဲ။ တကယ်ဆို သူကတောင် စစ ကျေနပ်အောင် ချော့မော့တောင်းပန်ရမယ့်ဟာ။ သူကပဲ တစ်ပြန်စီး။ ဒီနေ့ တစ်နေကုန်လည်း စစဆီ ဖုန်းတောင် မဆက်ချေ။

"ကဲပါ ... စစလေးရယ်။ စိတ်တွေလည်း ဒီလောက်မညစ်နေပါနဲ့၊ ဂုဏ်ရှိးက အန်တီမေတို့ကိုယ်တိုင် သဘောတူလို့ သမီးနဲ့ ပေးစားထားတာပဲဟာ။ သူ အဲဒီလိုတော့ မဟုတ်နိုင်ပါဘူး။ ကဲ ... ကဲ ... ငါ့တူမလေး စိတ်ပြေလက်ပျောက် ဖြစ်သွားအောင် အပြင်သွားမယ်၊ shopping ပတ်မယ် ...

အဲ ... ဟုတ်ပြီ။ မေ့နေတာ။ အန်တီမေ့ သူငယ်ချင်း ချိုချို ပြောတဲ့ အရမ်းမှန်တဲ့ ဗေဒင်ဆရာ ရှိတယ်တဲ့။ သူ့ဆီပါ တစ်ခါတည်း ဝင်ရမယ်"



Book Sharing

Scanned by CamScanner

"ဗေဒင် ... ဘာလုပ်ဖို့လဲ"

"ဟဲ့ ... ဈေးသုံးလည်း မကြွယ်နဲ့။ ရှေးထုံးလည်းမပယ်နဲ့တဲ့။ ညည်းတို့လင်မယားအတွက် ဗေဒင်လေး ဘာလေးကြည့်ပြီး ယတြာချေသင့် ချေရမှာပေါ့အေ့။ ဆရာက သိပ်မှန်တယ်ဆိုပဲ။ ဟိုတစ်ခါ မိချိုလေ ... သူ့ယောကျ်ား အိမ်ပေါ်ကဆင်းပြီး စမောလ်လေးဆီ သွားတာ အိမ်ပေါ်ပြန်တက်လာအောင် ဆရာပဲ လုပ်ပေးတာတဲ့။ သွားကြည့်ရတာပေါ့ဟယ်"

စစက အဲဒါမျိုးကိုတော့ စိတ်ဝင်စားသည်။ ဘာပဲဖြစ်ဖြစ် သွားပြီးတော့ မေးထားတာ ကောင်းတယ်။ ဒါမှ ကိုကိုတစ်ယောက် ဘာတွေခြေရှုပ်နေလဲဆိုတာ ပေါ်မှာ။ စစက နည်းနည်းတက်ကြွလာကာ ထိုင်နေရာက လူးလဲထ၍ ...

"အဲဒါဆို သွားမယ် ... သွားမယ် အန်တီမေ။ သမီး အကျႌသွားလဲလိုက်ဦးမယ်။ အန်တီမေ လိပ်စာသိတယ်နော်"

"အေး ... သိတယ်။ မိချိုကိုပါ ခေါ်လို့ရရင် ခေါ်သွားမယ်လေ။ နေဦး ... ငါဖုန်းဆက်လိုက်ဦးမယ်။ သွား အကျႌလဲထား"





စစက ခပ်သွက်သွက် အခန်းထဲဝင်ကာ အကျႌအဝတ်အစား သွားလဲလိုက်သည်၊ ကိုကိုရဲ့ စိတ်တွေ အာရုံတွေ အချစ်တွေ အားလုံး စစ ဆီမှာပဲ ပုံစေဖို့ ဗေဒင်အားကိုးရမယ်ဆိုလည်း အားကိုးရမှာပဲဖြစ်သည်။

❦ ○ ❦



Scanned by CamScanner

ယောကျ်ားတွေရဲ့အချစ်က
ဝီစကီလိုမျိုးပဲ။
မူးယစ်စေတယ်။
အမူးပြေသွားရင် နောက်တစ်ခွက်ထပ်သောက်ဖို့
အသင့်ရှိတတ်တယ်။







## ၉

စစတစ်ယောက် အန်တီမေနဲ့ နေ့ခင်းကတည်းက အပြင်ထွက်သွားတယ် ဆိုလို့ သူက ဖုန်းခေါ်ကြည့်သော်လည်း စစက သူ့ဖုန်းကို မကိုင်တာမှ တစ်ခါလည်းမကိုင် နှစ်ခါလည်း မကိုင် ဖြစ်လာသောအခါ သူက စိတ်တော့နည်းနည်းပေါက်သွားရလေသည်။ ဘာလဲကွာ ... ဘယ်လောက်ပဲ စိတ်ဆိုးနေနေ ကိုယ့်ယောကျ်ားဖုန်းဆက်တာကို ဖုန်းလေးတော့ ပြန်ဖြေပေးသင့်တယ်မဟုတ်ဘူးလား။

"ဒေါ်ထွေးရေ ... ဒေါ်လေးထွေး ခဏ"

ဂုဏ်ရှိးက ခပ်ဆတ်ဆတ် လေသံဖြင့် လှမ်းခေါ်လိုက်လျှင် အိမ်နောက်ဖေးကနေ ဒေါ်ထွေးက အပြေးထွက်လာကာ သူ့ဆီရောက်လာ၍ ...

"လူလေး ... ဘာလုပ်ပေးရမလဲ"

"ကျွန်တော် ထမင်းစားတော့မယ်၊ ထမင်းပွဲပြင်ပေးထား တော့"

"ဟင် ... စစလေးက ခဏနေ ပြန်ရောက်မှာပဲ ဟာ၊ အတူ တူ ..."

ဒေါ်ထွေးက နှစ်ယောက်ဆုံမှ စားချင်ပါတယ်ဆိုတဲ့ သူ့စိတ်ကို သိနေတာမို့ ပြောလိုက်လျှင် ဂုဏ်ရှိးက စိတ်ရှုပ်တာ တွေပေါင်းကာ ခပ်ဆတ်ဆတ်လေး အော်ပစ်လိုက်သည်။

"ဟား ... ဝမ်းချင်းဆုံတာမှ မဟုတ်တာ၊ ကျွန်တော် ဗိုက် ဆာပြီဗျ"

"ဩော် ... အေး ... အေး ... ခဏလေး၊ ဒေါ်ထွေး သွား ပြင်လိုက်မယ်"

ဒေါ်ထွေးက ခပ်သွက်သွက်လေး အနောက်ထဲပြန် ဝင်သွားကာ ထမင်းပွဲပြင်လေသည်။ ဂုဏ်ရှိးက စိတ်ဆိုးလို့ကို စိတ်ဆိုးကြောင်းပြတဲ့အနေနဲ့ ထမင်းစားမစောင့်ဘဲ စားမှာဖြစ်သည်။ ဒေါ်ထွေးက ထမင်းပွဲအဆင်သင့်ဖြင့် သူ့ကို ခူးခပ်ကျွေးကာ သူ ထမင်းစားနေချိန်မှာ စစ တစ်ယောက် အိမ်ပြန်ရောက်လာတာဖြစ် သည်။





"ဟင် ... ပြန်ရောက်နေပြီ။ ထမင်းတောင် စားနေပြီလား"

သူ့ကိုမြင်လျှင် စစကလည်း စိတ်ဆိုးဟန်ဖြင့် ခပ် တည်တည်လေး လှမ်းပြောလေသည်။ ဂုဏ်ရှိးက စစ ဘာများ ဆက်ပြောမလဲ စောင့်နေစဉ်မှာ စစက သူ့ကို ဂရုမထားနိုင်သေးဘဲ ရေခဲသေတ္တာထဲက ရေဘူးနဲ့ခွက်ကိုယူကာ ငုံသောက်ကာ လုံးဝ ကို မာကြောကြော အထာလေးမို့ သူက အသည်းငွတွေအူတွေယား လာကာ အရင်မေးရတော့သည်။

"ဒါက ဘယ်ကပြန်လာတာလဲ စစ"

သူ့မေးခွန်းကြောင့် စစက မျက်လုံးတစ်ချက် ကဲ ကြည့်ကာ ဘုဆတ်ဆတ်လေသံဖြင့် ...

"အန်တီမေ အိမ်လာလို့ အပြင်ထွက်ကြတာလေ၊ ဒေါ်ထွေး ကို မှာခဲ့သားပဲ"

ကျစ် ...။ ဖြေနေတဲ့ပုံစံကိုက အကန်မို့ သူက စိတ် တော့တိုသွားရသည်။ သူက ဖြစ်ခဲ့တာတွေပြောလည်ပို့ စောပြန်လာ ချိန်မှာ သူ့မိန်းမက အိမ်မှာရှိမနေချေ။ ဒါကို ဘယ်သွားတာလဲ မေးမိတော့ ဘုတောသံပဲ ပြန်ကြားရတာမို့ ဒေါသကထွက်ရလေ သည်။

"စစ ... ဘာဖြစ်နေတာလဲကွာ၊ မင်းက တစ်ချိန်လုံး ကိုယ့်ကို ရန်လိုနေတာပဲ"

"ဟက် ... ဘာဖြစ်တယ်၊ ရန်လိုတယ် ဟုတ်လား၊ အခု ရန်လိုတာ ဘယ်သူလဲ၊ ဒါကြောင့် ဆရာကပြောတာ၊ ရှင် စိတ်တွေ အပြင်ရောက်နေတယ်တဲ့၊ မှန်လိုက်တာမှ ဒက်ထိပဲ"

စစက ဒေါကြီးမောကြီးဖြင့် သူ့ကို ပြန်ပြောတဲ့ စကားထဲမှာ စစ ဒီနေ့ ဘယ်သွားတယ် ဆိုတာ ပါသွားပြီမို့ ဂုဏ်ရီးက ပိုပြီးစိတ်တိုသွားရလေသည်။

"သြော် ... မင်းက ဗေဒင်သွားမေးနေတာကိုး၊ ငါစိတ်ငါပိုင်တယ်၊ အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောတာကို မင်းတို့က ပိုက်ဆံတွေပေးပြီး ယုံလာခဲ့ကြ ... တောက်"

"ဒီမှာ ... ကိုဂုဏ်ရီး၊ ရှင့် စကားပြောဆင်ခြင်နော်၊ ရန်ဖြစ်နေတာလား"

အေး ... ဟုတ်တယ်ဟာ ဆိုပြန်ရင်လည်း အလကားသက်သက် ဗေဒင်က မှန်နေဦးမယ်ဖြစ်နေမှာစိုးတာကြောင့် ဂုဏ်ရီးက သူ့စိတ်သူပြန်ထိန်းကာ လက်မြှောက်အရှုံးပေးရင်း ထမင်းဝိုင်းကနေ ရှောင်ထွက်လာခဲ့တော့သည်။





"မဖြစ်ချင့်ဘူးဟော့၊ မဖြစ်ချင်ဘူး၊ မင်းကို ကြောက်တယ်၊ အရှုံးပေးပြီးသား"

ဂုဏ်ရီးက စိတ်ပေါက်ပေါက်ဖြင့်ပြောခဲ့ကာ အခန်းထဲဝင်လာခဲ့သည်။ တောက် ...။ မိန်းမများ တယ်စိတ်ညစ်စရာကောင်းသကိုး။

ရည်းစားဘဝက မကြားရ မနေနိုင်သော သကာသံလေးဟာ အိမ်ထောင်သည်ဘဝလည်း ရောက်ရော မကြားရလေအေးလေ ဖြစ်သွားပြီဖြစ်၏။

ဂုဏ်ရီးက ဆက်တွေးနေရင် သူပဲ ဒေါသက်ဖြစ်နေရမှာမို့ အတွေးစကိုဖြတ်ကာ သူ့ Lap top ဖွင့်၍ ကျန်နေတဲ့ အလုပ်ကြွေးတွေရှင်းဖို့ မော်နီတာ screen ပေါ်မှာ အာရုံစိုက်ရလေသည်။ အတန်ကြာတော့ စစတစ်ယောက် အခန်းထဲဝင်လာလေ၏။ သူက စိတ်တိုနေတာမို့ ဂရုစိုက်ဟန်မပြဘဲ လုပ်လက်စအလုပ်ကို အာရုံစိုက်လုပ်ပြနေလိုက်သည်။

"အချိုးလေးများ xxx သူ့အလိုလို ပြောင်းနေတယ် xxx နောက်တစ်ယောက်နဲ့ ချစ်နေသလား xxx ပြောစမ်းကွယ်"



Scanned by CamScanner

သီချင်းသံက အခန်းထဲ ပျံ့လွင့်နေတာမို့ သူက ဒါဟာ စစ သူ့ကို တမင်အနှောင့်အယှက်ပေးနေတာလို့ ယူဆကာ ကောတော့မယ်အလုပ်မှာ သူ့နားထဲကို အဓိပ္ပာယ်ရှိသော သီချင်းစာသားလေးတွေက တစိမ့်စိမ့်ဝင်လာတော့၏။

❦ ○ ❦



ဂုဏ်ရှိးက စစကို အသာမျက်လုံးမှေးကြည့်လိုက်လျှင် စစက စူပုပ်ပုပ်မျက်နှာထားဖြင့် သူ့ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြန်သံပေး လုပ်နေတာမို့ သူက ရယ်ချင်စိတ်ကို မနည်းထိန်းချုပ်ထားရလေသည်၊ ဒီသီချင်းက ဘာကို ရည်ရွယ်ပြီး ဆိုလိုကာ သူ့ကို ဖွင့်ပြနေတယ်မှန်း သူသိတာပေါ့။ ဂုဏ်ရှိးက ထိုင်နေရာမှထကာ စစအနားသို့သွား၍ စစပခုံးကို ခပ်ဖွဖွဖက်ကာ ...

"ကဲ ... ကိုကို တောင်းပန်ပါတယ် စစရယ်၊ စိတ်မဆိုးနဲ့တော့နော်"

သူ့စကားကပဲ စချော့လိုက်လျှင် စစက သူ့ကို ကျေနပ်သေးဟန် မပြတဲ့ပုံဖြင့် မျက်စောင်းကဲကြည့်ပြီးမှ ...

"စိတ်က လျှော့ရပေါင်းလည်းများပြီနော် ကိုကို၊ ကိုကို တကယ်ပဲ လေစိမ်းတွေ တိုက်နေပြီလား"

"ဟား ... ဟား ... အဲဒီလိုမထင်ပါနဲ့ ချစ်စလေးရာ၊ ကိုယ်က ဘာကို လေစိမ်းတိုက်ရမှာလဲ၊ စစကို ချစ်မြဲပဲ၊ ဒီနေ့ ကိုယ်က စစကို ချော့မယ်ဆိုပြီး စောပြန်လာတာ၊ စစက မရှိတော့ ဖုန်းခေါ်ပြန်တော့လည်း မကိုင်ဆိုတော့ ကိုယ်က နည်းနည်းစိတ်တိုသွားတာပါ၊ အဲ ... စိတ်တိုတာထက် ဝမ်းနည်းပြီး စိတ်မကောင်းတွေဖြစ်သွားတာ၊ အခု အေးဆေးဖြစ်သွားပြီ ... နော်"

"ဟွန်း ... စစက ချော့မိပေလို့ပေါ့၊ တကတဲ မျက်နှာကြီးက စူပုပ်နေတာများ၊ သတ်တော့မယ့်အတိုင်းပဲ"

ဂုဏ်ရှိးက ပြန်အိုကေသွားပြီဖြစ်တဲ့အတွက် ရင်ခုန်ကြည်နူးမှုများစွာဖြင့် စစကို သိုင်းဖက်ကာ ခေါင်းချင်း အသာတိုက်လိုက်ရင်းက ...

"ကဲပါကွာ၊ မပြေလည်တာတွေ အားလုံးရှင်းလိုက်တော့၊ ကိုကိုတို့ အရင်လိုပဲ ပြန်နေမယ်၊ စိတ်မကောက်ကြေး၊ ဘယ်လိုလဲ"

"အမယ် ... ဒီလိုတော့မရပါဘူး၊ စစ စိတ်တိုင်းကျ ကိုကိုနေပေးမယ် ဆိုရင်တော့ စဉ်းစားပေးမယ်"

အဲ့ ... မဆိုးဘူး။ စစဆီက ဒီရက်ပိုင်းမှာ 'ကိုကို' ခေါ်သံလေး ပျောက်နေတာဖြစ်သည်။ အခု ပြန်ခေါ်တယ်ဆိုတော့





အခြေအနေက ဝွတ်ပဲဖြစ်၏။ ပြောရရင် သူ စစကို သိပ်ချစ်တာပဲဖြစ်၏။ စစရဲ့ ချိုချိုနွဲ့နွဲ့အသံလေးကို 'ကိုကိုရေ ...'ဆိုပြီး သံရှည်ဆွဲခေါ်လိုက်တဲ့ လေသံလေးက သူ့ကို အရမ်း အရမ်းကို စွဲစေ၏။

"ကဲ ... ပြောကွား စုံကြယ် ယူပေးရမှာလား၊ တိမ်စိုင်တွေခူးပေးရမှာလား၊ စစ စိတ်တိုင်းကျဖြစ်ရမယ်"

စစက သူ့စကားကြောင့် ပြုံးရုံလေးပြုံးသည်။ ပြီးတော့ သူ့ကို အရမ်းကို ဆွဲဆောင်နိုင်သော ညှို့ရီရီအကြည့်ဖြင့် ကြည့်ကာ သူ့ကို ဟုတ်ကဲ့ဖြစ်သွားအောင် ထိန်းချုပ်ထားလေသည်။

"ကိုကို ညနေ ငါးနာရီဆိုတာနဲ့ အိမ်ပြန်ရောက်ရမယ် ... အလုပ်ချိန်မှာ ဘယ်သူငယ်ချင်းနဲ့မှ အပြင်မထွက်ရဘူး ... ဘီယာဆိုင်လည်း မသွားရဘူး"

" ... ရဘူး"

" ... ရဘူး"

" ... ရဘူး"

ဟုတ်ကဲ့ ...။ ကန့်သတ်ချက်များစွာဖြင့် အိမ်ထဲမှာ ထောင်ချထားတာမို့ အိမ်ထောင်ရေးလို့ခေါ်တာကို သူ သဘောပေါက်လာပြီဖြစ်သည်။

❦ ○ ❦



Scanned by CamScanner

မိန်းတစ်ယောက်ကို လက်ထပ်လိုက်ပြီးရင်
အဲဒီယောကျ်ားဟာ သူ့ရှေ့ရေးကို
စိတ်မပူတော့ဘူး။
ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်ပြီးရင်
အဲဒီမိန်းမဟာ သူ့ရှေ့ရေးကို
စိတ်ပူနေရတယ်။



## ၁၀

ဒီညမှာ အစ်ကိုကြီးကိုမင်းယံက ပွဲစီစဉ်သူဖြစ်နေတာကြောင့် သူဟာ ငြင်းဆန်ဖို့ လွန်စွာခက်ခဲလှစွာသော အနေအထားမို့ ဘော်ဒါချင်း မိတ်မပျက်ချင်တာကြောင့် စစကို လိမ်ရပြန်တော့သည်။ သူပြတဲ့ reasonကြီးက သိပ်တော့ယုံချင်စရာမကောင်းတာမို့ စစက သူ့ကို သိပ်တော့ယုံကြည်ဟန်မပြပါ။ သူကလည်း အလုပ်ကိစ္စနဲ့ မော်ဘီရောက်နေတာ အိမ်ပြန်နောက်ကျမယ်ဆိုပြီး ပြောထားလိုက်ပြီးဖြစ်တဲ့အတွက် အလိမ်များပေါ်မလားဆိုပြီး ရင်တမမ ဖြစ်နေတာဖြစ်၏။

"ကဲပါကွာ ... ဘာတွေကို ဒီလောက်ထိ ပူပန်နေတာလဲကွာ၊ စိတ်ကို relax ပေါ့ကွ၊ မင်း ဒီလောက်မိန်းမကြောက်မှန်း အခုမှသိတယ်"

"ဟာ ... ကြောက်တာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ပြဿနာမဖြစ်ချင်တာပါ၊ ရတယ် ... ဆွဲမယ်၊ ခုတော့ ... ခဏလေး ကျွန်တော် toilet ဝင်ဦးမယ်"

ဝုဏ်ရိုးက အားလုံးရဲ့အပြောတွေကို ဆန့်ကျင်တဲ့ အနေဖြင့် ဒီနေ့တော့ သူ့အိမ်ပြန်မိုးချုပ်အောင် ကဲမယ်လို့ ဆုံးဖြတ်လိုက်သည်။ သူ့မိန်းမ စစက ကွိုင်ရှာနေဦးမယ် ဆိုတာကြိုသိထားတာကြောင့် ဖုန်းပါ တစ်ခါတည်းပိတ်ပစ်ဖို့ရည်ရွယ်ကာ ဖုန်းပိတ်မယ်အလုပ်မှာ စစဆီက ဖုန်းဝင်လာတာမို့ သူက မကိုင်လို့ မဖြစ်ဘူးဆိုတာ သိနေတာကြောင့် ဖုန်းကိုင်လိုက်ရတော့သည်။

"ဟယ်လို ... စစ"

"ရှင် ဘယ်ရောက်နေတာလဲ"

လေသံ toneက မာနေတာမို့ စစ ဘာများသိသွားလဲ ဆိုပြီး ရင်တုန်ရလေသည်။ ဒါပေမဲ့ သူက လေသံကို ဟန်မပျက်ထိန်းထားရင်းက ခပ်တည်တည် ပြောရလေ၏။

"ကိုစိုးတို့နဲ့ မော်ဘီရောက်နေတာလေ၊ ကိုယ် ပြောပြီးပြီဟာ"





"ရှင် ဘာမှ လိမ်မနေနဲ့၊ စစ အားလုံးသိပြီးပြီ၊ ကိုစိုးက သူ့အိမ်မှာ၊ ရှင့်တပည့် ကိုကျော်ဇေယျက အခုလေးတင် ကုမ္ပဏီက ပြန်သွားပြီတဲ့၊ ရှင်က ဘယ်နေရာကိုရောက်နေရတာလဲ"

တောက် ... ကွာ။ စစ ဖုန်းမဆက်လောက်ဘူးထင်ပြီး သူ့ကောင်တွေကို မှာမထားမိတာ သေတာပဲ။ သူက စိတ်ညစ်သွားစွာ လေပူတစ်ချက် မှုတ်ထုတ်ကာ အမှန်အတိုင်း ဖွင့်ပြောလိုက်တော့၏။

"ကိုယ့်သူငယ်ချင်း အစ်ကိုကြီး ကိုမင်းယံ ပါတီဖိတ်လို့ ကိုယ် ခဏသွားနေရတယ် စစ"

"ဘာ ... ကိုကို၊ ရှင် အရမ်းကို လိမ်နေပါလား၊ ပြန်လာခဲ့၊ အခုချက်ချင်း ပြန်လာခဲ့နော်၊ ကျွန်မ အရမ်းဒေါသဖြစ်နေပြီ"

"ချက်ချင်းတော့ ဘယ်ပြန်လို့ရမှာလဲ စစရယ်၊ ခဏနေရင် ကိုယ် ပြန်လာခဲ့မယ်"

"မလိုချင်ဘူး၊ ရှင်မလာရင် ကျွန်မ လာခဲ့မှာ၊ ရှင် အခု ဘယ်မှာလဲပြော"



Scanned by CamScanner

အာကွာ။ သူဟာ အရမ်းကို ပြောရဆိုရလက်ပေါက်ကပ်တဲ့သူနဲ့မှ တစ်ခရီးတည်း သွားနေရတာပဲ။ ဂုဏ်ရှိးက သူ toilet ထဲရောက်နေတာက ကြာနေပြီမို့ စစကို အမြန်စကားဖြတ်ချပစ်လိုက်ရတော့သည်။

"စစ ... ကိုယ် လူမှုရေးအရ စကားလာရတာ၊ ပြန်လာခဲ့မယ်၊ ကိုယ့်ကို အဲဒီလို အကျပ်မကိုင်ပါနဲ့၊ ဒါပဲကွာ"

ဂုဏ်ရှိးက အပြတ်ပြောကာ ဖုန်းပါ ပါဝါပိတ်ပစ်လိုက်တော့သည်။ ပြီးတော့ စိတ်ကို ပြေလျော့တဲ့အနေဖြင့် လေပူတစ်ချက် ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်သည်။ စစတစ်ယောက်ဟာ သူ့ကို ထည့်ထားတဲ့ပုံစံခွက်က ပိုပိုပြီးကျဉ်းမြောင်းသိပ်သည်းလာပြီလို့ သူထင်လေသည်။ ဘာပဲဖြစ်ဖြစ် သူကတော့ စိတ်ထင်ရာလုပ်မိသွားပြီဖြစ်၏။ စဘောက်က ဘောင်ခတ်ထားတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး သူတို့နှစ်ယောက် အကျေအလည် ဆွေးနွေးမှုဖြစ်တော့မည်ဟု သူ ယူဆပါသည်။ ဂုဏ်ရှိးက စိတ်ညစ်နေတာတွေကို ဒီနေ့ အမှုန်းချေကာ အပြတ်မူးအောင် သောက်ပစ်မယ်လို့ တွေးကာ toilet ထဲက ပြန်ထွက်လာခဲ့တော့သည်။





သူက ခပ်သွက်သွက်ဖြင့် ထွက်အလာမှာ ဟိုတယ်ရဲ့ ထောင့်ချိုးကနေ ဆတ်ခနဲ ထွက်လာသူနဲ့ ဒုန်းခနဲ ဝင်တိုက်မိလေ၏။ စိတ်ကလည်း မကြည်ဖြစ်နေတာကြောင့် မျက်နှာတောင်မကြည့်ဘဲ ဆောရီးပြောကာ ထွက်လာခဲ့တော့သည်။ သူက ကိုမင်းယံတို့ရှိတဲ့အခန်းဆီ ပြန်ဝင်လာလျှင်တော့ ထုံးစံအတိုင်း သူ့ကို မောက်နေကြတာဖြစ်သည်။

"ဟား ... ဟား ... မင်းကို ပြန်သွားပြီလို့တောင် ထင်နေတာ၊ ငါ့သားကြီးက မပြန်သေးဘူးကိုး"

"ဟောကောင် ... ဘာမှ မပြန်ဘူး၊ ဂုဏ်ရှိး ... ဒီနေ့ မိုးလင်းပေါက်ဆွဲမယ်၊ သဘောတူလား"

ကိုမင်းယံက သူ့ဘက်က ဝင်ပြောနေတာမို့ ဂုဏ်ရှိးက ငြင်းမနေတော့ဘဲ Ok သာလုပ်လိုက်၏။ စိတ်တို့က လူပျိုဘဝကို ပြန်ရောက်သွားသလို ခံစားသွားရလေသည်။

"ဟာ ... လာ ... ဂုဏ်ရှိး မိတ်ဆက်ပေးမယ်၊ ဒါ အချောဆုံး queen လေ၊ သမီး ... ချို ... ဒါ ဂုဏ်ရှိးမာန်တဲ့၊ မှတ်ထားရမယ်နော်၊ ဂုဏ်ရှိး Emerald ချိုတဲ့"

"nice to meet u"



Scanned by CamScanner

နှန်းမြစိုလဲ့နေတဲ့ မျက်ဝန်းတို့နှင့် သူ့ကိုရှုတ်ဆက်လေလျှင် သူက တစ်ချက်တော့ ငေးခနဲဖြစ်သွားသည်။ ကိုမင်းယံတို့က သူ့ပါတနာနဲ့သူမို့ သူ့ကို မိတ်ဆက်ပေးရုံလောက်သာ ဆက်ပေးပြီး ဆက်လက်မိုက်ခဲကာ သီချင်းတွေဆိုနေကြတော့သည်။ ဂုဏ်ကိုးက အသိမှတ်ပြုတဲ့အနေနဲ့ ခေါင်းတစ်ချက်သာ ဆတ်ပြကာ ဘီယာငုံမော့လိုက်သည်။

"ခုနတုန်းက ဝင်တိုက်သွားတာ ဘောရိုး ပြောသွားတဲ့ပုံက လုံးဝလွှင့်နေသလိုပဲ၊ ဘာလဲ ... ညစ်စရာတွေ ရှိနေလို့လား"

ခုနက ဝင်တိုက်မိတဲ့ တစ်ယောက်က သူပေါ့။ ဂုဏ်ရိုးက ငကောင်မလေးကို နောက်တစ်ခါထပ်ကြည့်လိုက်မိကာ...

"ဝင်တိုက်မိတာ မင်းလား၊ sorry ... အမ်မရတ်(ပ်)ချို"

"ဟက် ဟက် ... ယူ့ကိုကြည့်ရတာ စိတ်ညစ်နေသလိုပဲ၊ ဘာဖြစ်လို့လဲ၊ ချို့ကို ရင်ဖွင့်လိုက်ရင် ပေါ့သွားမလား"

"အဟား ... ငါ့ကိစ္စက မင်းနဲ့ဆိုင်လို့လား"

"အို့ ဟိုး ဟိုး ... Ok... ဒါဆိုလည်း ချိုက မစပ်စုတော့ပါဘူး၊ စိတ်ညစ်နေတဲ့အခါ၊ မွန်းကျပ်မှုတွေဖြစ်နေတဲ့အခါ





မျိုးမှာဆို သီချင်းအော်ဆိုပစ်လိုက်တာက မွန်းကျပ်မှုတွေ လျော့ပါးစေတယ်တဲ့၊ အတူတူတွဲဆိုဖို့လောက်ကတော့ ချို ကူညီနိုင်ပါတယ်"

"သားကြီးရေ ... လာစမ်းပါကွာ၊ တစ်ပုဒ်လောက်ဟဲလိုက် စမ်းပါကွ"

ကိုမင်းယံက သူ့လက်ထဲ မိုက်ခ်လာထိုးပေးနေတာကြောင့် ဂုဏ်ရိုးက လှမ်းယူလိုက်မိသွားသည်။ အေးလေ ... အခုမှတော့ မထူးရှော့ခ် ခင်းလိုက်တာ အကောင်းဆုံးပါပဲ။ အဲဒီလိုနဲ့ ခပ်ဆူညံညံ သီချင်းသံတွေကြားမှာ သူ့စိတ်တွေကို လွှတ်ပေးထားလိုက်သည်။

ခပ်မြူးမြူး စုံတွဲသီချင်းတွေကို အဖွဲ့လိုက်သီဆိုနေကြတာ moodတွေဝင်၍ ညစ်စရာတွေ ပျောက်ကင်းချိန်ဝယ် ဘွိုင်တစ်ယောက်က ဝင်လာကာ ပါမစ်လာတောင်း၏။

"ဒီမှာ ကိုဂုဏ်ရိုးမာန်မျှား ရှိပါသလားခင်ဗျာ"

by nameကြီးတပ်နေတာမို့ သူတို့တွေလည်း နည်းနည်းအံ့အားသင့်သွားရလေသည်။ ဘယ်လိုအကြောင်းပါလိမ့်။

"ကိုယ်ပဲ ... ဘာကိစ္စရှိလို့လဲ"



Scanned by CamScanner

"ဟုတ်ကဲ့ ... အစ်ကို၊ အစ်ကို့ကို မခင်ဦးသစ်စက တွေ့ ခွင့်တောင်းနေပါတယ်ခင်ဗျ၊ အဲဒါ အစ်ကို့ကို လာပြောတာပါ"

ဟား ... စစ။ သူက ခေါင်းနပန်းတော့ ကြီးသွားရသည်။ ပြီးတော့ နည်းနည်းလည်း ဖျားချင်သွားသည်။ စစတစ်ယောက်ဟာ သူ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာ ဒီလောက်အချိန်ကာလလေးနဲ့ အတပ်သိတယ် ဆိုတာကတော့ တအားကို အံ့သြထိတ်လန့်စရာပဲဖြစ်သည်။

"ဂုဏ်ရှိး။ ဘာဖြစ်နေတာလဲ ... ညီလေး အဲဒါ သူ့ဧနီးကျွ၊ ခေါ်လာခဲ့လေ၊ ခေါ်ခဲ့"

"ဟုတ်ကဲ့ဗျ"

ဝိတ်တာကောင်လေးက ထွက်သွားလျှင် သူက ကိုမင်းယံဘက်လှည့်ကာ ပြုံးပြုံးဖျားဖျားပုံစံဖြင့် အသည်းအသန်မေးရလေသည်။

"ဟာ ... အစ်ကိုကြီး ... ဒီကို ဘာလို့ခေါ်လိုက်တာလဲ၊ မဖြစ်ဘူးလေ"

"ဟေ့ကောင် ... မင်း စိတ်အေးအေးထားစမ်း၊ မင်း ဘာမဟုတ်တာမှ မလုပ်ထားဘူး၊ အေးဆေး"





အစ်ကိုကြီးက သူ့ပခုံးကို အသာပုတ်ကာပြောနေစဉ် စစက သူတို့ရှေ့ကို ရောက်လာလေသည်။ မျက်နှာကြောက ခပ်တင်းတင်း ခပ်မာမာမို့ သူက ရင်တော့ထိတ်နေရ၏။ ဒါပေမဲ့ သူက ထိုင်နေရာက အမြန်ထကာ စစဆီသွား၍ ...

"စစ ဒီကို လိုက်လာတယ်၊ လာ ... လာ ... တစ်ခါတည်း မိတ်ဆက်ပေးမယ်"

သူက စစလက်ကိုဆွဲအကိုင်မှာ စစက မသိမသာလေး ရုန်းထွက်သွားကာ ခပ်အေးအေးလေသံဖြင့် ...

"ဒါက ကိုမင်းယံ၊ ဟိုဘက်က ကိုလင်းသူတို့နဲ့က ကိုကို မိတ်ဆက်ပေးပြီးသားပဲလေ၊ ပြန်ရအောင် လာခေါ်တာ၊ သွားစို့လေ ကိုကို"

စစက မိတ်တောင် အဆက်မခံပေ။ ပြီးတော့ ကိုမင်းယံကို ဘယ်လိုဖြစ်ပြီး စစက သိနေရတာပါလိမ့်။ ဒါပေမဲ့ သူဟာ သိပ်ကြာကြာ ဆက်မတွေးရဲ။ စစက ပြန်မယ်ဆိုတာနှင့် သူ အမြန်ပြန်ဖို့ လုပ်ရလေသည်။

"ဪ ... အင်း ... ပြန်မယ်လေ၊ ကဲ ... အစ်ကိုကြီး၊ လင်းသူ ငါ ပြန်နှင့်မယ်"



Scanned by CamScanner

"အေး ... ဟုတ်ပြီ၊ ညီမ ... တစ်ခုခု သုံးဆောင်ပါဦးလား၊ ဒီနေ့က ကိုယ့်အလုပ်အောင်မြင်တော့ ညီတွေကို ပွဲလေး စီစဉ်ပေးဖြစ်သွားတာ၊ ညီမ ဒါ ဘယ်လိုမှ သဘောမထား နဲ့နော်၊ ဒါတွေအားလုံးက ကိုယ့်မိတ်ဆွေတွေ"

ကိုမင်းယံက စစကို လှမ်းရှင်းနေသော်လည်း စစ က အပြုံးတစ်ခုနဲ့အတူ ခေါင်းတစ်ချက်ညိတ်ပြကာ သူ့လက်ကို ဆတ်ခနဲကောက်ဆွဲပြီးမှ နှုတ်ဆက်လေသည်။

"အားလုံးပဲ သွားလိုက်ပါဦးမယ်နော်"

စစက သူ့လက်ကိုဆွဲကာ အပြင်ကို ခေါ်ထုတ်လာခဲ့သည်။ သူက ပြဿနာတက်မှာစိုးလို့ အသာတကြည်ထွက်လာခဲ့တာဖြစ်ပေမယ့် စိတ်ထဲတော့ တော်တော်ဖုနေပြီဖြစ်၏။ အခုဆို သူကျောခိုင်းလာတဲ့နောက်ပိုင်းမှာ သူ့အကြောင်းကို ဘယ်လိုတွေများပြောနေလိမ့်မလဲ။ မိန်းမလာခေါ်လို့ ထပြန်လိုက်သွားရတယ် ဆိုတဲ့အဖြစ်ရောက်အောင် စစ တမင်လုပ်တာ။

"ကိုယ် ကားကို ဘယ်လိုလုပ်ခဲ့ရမှာလဲ စစ"

သူ့မေးခွန်းကြောင့် စစက ခြေလှမ်းတို့ အသာတုံ့သွားကာ သူ့ဘက်ကို အသာငဲ့ကြည့်သည်။



"စစ တက္ကစီငှားလာတာ၊ စိတ်တွေလှုပ်ရှားလွန်းနေလို့ ကားမောင်းလို့ မရတာနဲ့ တက္ကစီငှားလာတာ"

စစရဲ့လေသံက ဒေါသသံမျိုးမဟုတ်ဘဲ မေးတာကို ပြန်ဖြေသည့် အေးအေးဆေးဆေးလေသံမို့ နည်းနည်းတော့ အံ့အားသင့်ရလေသည်။ ဒါပေမဲ့ သိပ်ရှည်ရှည်ဝေးဝေး အတွေးမခေါင်ရဲပေ။ စစကို သူ့ကားရပ်ထားတဲ့ဆီကို ဦးဆောင်ခေါ်သွားကာ တံခါးဖွင့်ပေး၏။ စစ ကားပေါ်တက်ပြီး တံခါးပြန်ပိတ်ပေးပြီးမှ သူက မောင်းတဲ့ဘက် ပြန်သွားကာ ထိုင်၍ မောင်းချလာခဲ့တော့သည်။ တစ်လမ်းလုံးလည်း ဘာစကားတစ်ခွန်းမှ စစက မပြောတဲ့ အခါ သူလည်း ဘာပြောရမယ်မှန်းမသိချေ။ နှစ်ယောက်စလုံးက ငြိမ်သက်နေ၍ မကြာခင်မှာ ပေါက်ကွဲတော့မည့်ဗုံးတစ်လုံးကို စောင့်နေသူလိုမျိုး ခံစားနေရပါသည်။

❦ ○ ❦



Scanned by CamScanner

နှလုံးသားဆိုတာ စုဘူးတစ်ခုပါပဲ။

အချစ်တွေချည်း ထည့်စုထားရင်

အချစ်တွေပြည့်မယ်။

စုဆောင်းသူပေါ်မှာပဲ

မူတည်ပါတယ်။



ပေးနေတဲ့ အကြံပြုကား ဝိတ်ဆက်တာများ ပေးပို့လိုပါကျွင်

မယ်မင်းဘုံ

အမှတ်-၃၉(ပြေညီ) စမ္ပဒိဿလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



## ၁၁

အိပ်ရာက နိုးလျှင်နိုးချင်းမှာ သူဟာ ခေါင်းထဲက တဆစ်ဆစ်ထိုးကိုက်လာမှုကြောင့် နိုးနေပေမယ့်လည်း မျက်လုံးကို ချက်ချင်းမဖွင့်နိုင်သေးဘဲ မှိန်းနေလိုက်သေးသည်။ လီမွှန်နံ့ Air Fresher သင်းသင်းလေးကြောင့် အာရုံတွေက အနည်းငယ် လတ်ဆတ်လာတာကြောင့် ကြည်ကြည်လင်လင်လေးရှိလာချိန်မှာ သူ့အာရုံက မနေ့ညကဖြစ်ခဲ့တာတွေကို ဗီဒီယိုအနေးပြကွက်တွေလို တစ်ကွက်ပြီးတစ်ကွက် play back ပြန်ပြသလို မြင်ယောင်လာမိလျှင် အိပ်နေရာကနေ ဝုန်းခနဲထကာ သူ့မျက်ဝန်းတွေက စစကို အပြေးအလွှား ရှာဖွေရလေသည်။ သူ့နံဘေးနားမှာ စစက ရှိမနေပါ။ မနေ့ညကတည်းက ဘာစကားတစ်ခွန်းမှ မပြောလေ

သော စစဟာ အခုလည်း သူ ကုမ္ပဏီသွားဖို့တောင် လာမနိုးဘူး ဆိုတော့ ...။

ဂုဏ်ရှိးက အခန်းထဲက အသည်းအသန် ပြေးထွက်လာကာ စစ နာမည်ကို တကြော်ကြော် အော်ခေါ်သည်။

"စစရေ ... စစ ... စစ"

"ဂုဏ်ရှိးရေ ... စစ မရှိဘူးကွယ့်၊ နိုးလာပြီလား"

ဒေါ်ထွေးက နောက်ဖေးကနေ လှမ်းအော်ပြောတာကြောင့် သူ့အာရုံက ဒေါ်ထွေးဆီရောက်သွားကာ စစကို သွားမေးရသည်။

"စစကောဟင်၊ စစ ဘယ်မှာလဲ ဒေါ်ထွေး"

"စစ မနက်အစောကြီးကတည်းက သွားတယ်၊ ဒေါ်ထွေးကိုပြောသွားတာကတော့ ပိတ်စအသစ်တွေ သွားကြည့်ဖို့ ချိန်းထားလို့တဲ့၊ ရှိးလေးအတွက် မနက်စာ ဒေါ်ထွေး မုန့်ဟင်းခါး စီစဉ်ထားတယ်၊ ပြင်လိုက်တော့မယ်နော်"

သူ့ရင်ထဲမှာ ဟာခနဲဖြစ်သွားသည်။ ပိတ်စကြည့်ဖို့ သွားတာက မနက်အစောကြီးသွားစရာအကြောင်းမရှိ။ နောက်ပြီးတော့ သူ့အတွက် ပေါင်မုန့်ယိုသုတ်၊ ပေါင်မုန့်ကြက်ဥကြော်





စသဖြင့် သူကိုယ်တိုင် မနက်စာစီစဉ်ပေးရမှ ကျေနပ်တဲ့ စစက သူ့အတွက် ဘာမှမစီစဉ်ပေးဘဲ ထွက်သွားတယ်ဆိုတော့ ဂုဏ်ရှိးက အတွေးနဲ့တင် ရူးချင်သွားသည်။

"ဒေါ်ထွေး မနေ့ကကိစ္စကို စစ ဘာပြောလဲဟင်"

"ဘာမှတော့ မပြောပါဘူး၊ ဒါပေမဲ့ စစ မနေ့ကတော့ ရှိးလေးကို တော်တော်စိတ်ဆိုးနေပုံပဲ၊ ရှိးလေးနဲ့ဖုန်းပြောပြီးကတည်းက သူ ပတ်ချာလည်ဖုန်းတွေဆက်နေတာ၊ အပြင်သွားဦးမယ်ဆိုပြီး ထွက်သွားတာ သားနဲ့အတူပြန်လာကြတာမှလား"

"သူ ကျွန်တော့်အကြောင်း ဒေါ်ထွေးကို ဘာမှမပြောဘူးလား"

ဒေါ်ထွေးက မုန့်ဟင်းခါးပန်းကန်ကို စားပွဲပေါ်သွားတင်ရင်းက သက်ပြင်းတစ်ချက် ချကာ ...

"ဒေါ်ထွေး အမှန်ပြောရမယ်ဆိုရင်တော့ ရှိးလေးအကြောင်းကို စစလေးက ပြောပါတယ်၊ စစလေးခမျာ မနေ့က သူ တော်တော်ခံစားသွားရရှာတယ်၊ ဒေါ်ထွေးတို့ရှိနေလို့ မျက်ရည်မကျအောင် သူ တင်းထားတာ၊ ဒီမနက်ကျတော့



Scanned by CamScanner

ဒေါ်ထွေးကို လာပြောတယ်လေ၊ ရိုးလေးကို မနေ့က KTVကနေ ပြန်ခေါ်လာရတာတဲ့၊ ကျန်တာတွေကို ဒေါ်ထွေးသွားမမေးနဲ့၊ အပြင်သွားဦးမယ်ဆိုပြီး ထွက်သွားတာပဲ ...

ဘယ်လိုဖြစ်ကြတာလဲ သားရယ်၊ ပြေပြေလည်လည်ဖြစ်နေတဲ့ဟာ ဘယ်လိုက ဘယ်လိုတွေ ဖြစ်ကုန်ရတာလဲ"

ဂုဏ်ရိုးက ခပ်နက်နက် တစ်ချက်တွေးကာ လေပူမှုတ်ထုတ်မိသွားသည်။ မနေ့ကအထိတော့ သူလည်း စစကို ဒေါသဖြစ်ခဲ့တာပဲဖြစ်သည်။ သူ့ဘက်ကကြည့်ရင်လည်း သူမမှားဘူးလို့ ယူဆရလေသည်။ အပေါင်းအသင်းတွေကြားထဲမှာ မိန်းမကပြန်လာခေါ်တယ်ဆိုတဲ့အဖြစ်က နည်းနည်းတော့ ရိုးလ်ကျစေတာပဲဖြစ်သည်။ အဲဒါကြောင့် သူက ဒေါသဖြစ်ကာ ကားပေါ်မှာလည်း စစကို ဘာဖြေရှင်းချက် ဘာတုံ့ပြန်ချက် တစ်စုံတစ်ရာမှမပေးဘဲ အရှိန်ပြင်းပြင်းဖြင့် အိမ်အထိမောင်းချလာခဲ့တာဖြစ်သည်။ သေချာစဉ်းစားကြည့်လိုက်တော့မှ မနေ့က လွန်တာကသူဖြစ်သည်။ သူ ကားပေါ်မှာ စကားတစ်ခွန်းမှ မပြောမိတာဟာအရမ်းကို ပြင်းထန်သွားသည်။ အဆိုးဆုံးကတော့ ရောက်တာနဲ့ ဝုန်းဒိုင်းဆိုပြီး ပစ္စည်းတွေဆောင့်ချကာ အခန်းထဲဝင်ပြီး အိပ်ပစ်





လိုက်မိတာပဲ ဖြစ်၏။ တော်တော်လည်း ကောင်းနေတာမို့ စိတ်ကပိုသွေးဆူနေတာကြောင့် ခေါင်းချလိုက်တာနဲ့ တစ်ချိုးတည်း အိပ်ပျော်သွားကာ ညက စစ အခန်းထဲလာလား မလာဘူးလား ဆိုတာတောင် သူ မသိချေ။

အခုလည်း သူ အိပ်ရာမနိုးခင် အိမ်က ထွက်သွားတယ်ဆိုတော့ စစ သူ့ကို တော်တော်လေး စိတ်ဆိုးသွားတယ်ဆိုတာ အသေအချာပဲဖြစ်သည်။

"ဒေါ်ထွေး ... စစ သွားတာ ကြာပြီလား"

"အင်း ... ခုနစ်နာရီလောက်ကတည်းက သွားတာပဲ"

ဂုဏ်ရိုးက ခေါင်းတစ်ချက်ညိတ်ပြကာ အိမ်ရှေ့အမြန်သွား၍ စစဆီ ဖုန်းလှမ်းခေါ်လေသည်။ မကိုင်လောက်ဘူးလို့ တွေးမိသော်လည်း အံ့ဩစရာကောင်းလှစွာ စစက ဖုန်းကိုင်လေသည်။

"ဟယ်လို"

ဖုန်းပြန်ထူးသံက ခပ်အေးအေးပဲမို့ သူက ပိုပြီးရင်ခုန်ရလေသည်။ မပြောရင် ဖုန်းချသွားမှာ စိုးတာကြောင့် ဂုဏ်ရိုးက အမြန်စပြောရသည်။



Book Sharing

Scanned by CamScanner

"စစ ... ဘယ်သွားနေတာလဲဟင်။ ကိုကို စိတ်ပူနေတယ်"

"ပိတ်စအသစ်တွေ သွားကြည့်နေတာလေ။ ဒေါ်ထွေး မပြောဘူးလား"

"အင်း ... ပြောပါတယ်။ အဲဒါဆို စစက ကိုညီတို့ဆိုင်မှာပေါ့။ ကိုကို လာခဲ့မယ်လေ"

"မလာနဲ့ ရတယ်။ ဒီကအပြန် မော်လ်ဒယ်လ်တစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားတယ်။ စစ မအားလို့"

မအားလို့ ဆိုတဲ့ စကားက သူ့ကို ဝေးသွားသလို ခံစားသွားရသည်။ စစဟာ အချိန်တိုအတွင်း တအားမှ တအားကို အေးစက်သွားသလို ခံစားရသည်၊ သူ့ကို အရမ်းစိတ်ဆိုးနေတဲ့ လေသံမျိုး မဟုတ်။

"စစ ... ကိုယ် တောင်းပန် ..."

သူ့စကားတောင် အဆုံးသတ်အောင် ပြောခွင့်မပေးပါချေ။ ခပ်သွက်သွက် ပိတ်ပြောလိုက်တဲ့ စကားကြောင့် သူ့ရင်ထဲ အောင့်သွားရတော့သည်။

"မလိုပါဘူး။ အဲဒီကိစ္စတွေ ပြောဖို့ကို မလိုအပ်ဘူး။ စစ မအားသေးဘူး။ ဒီဇိုင်းကိစ္စ စကားပြောနေတယ်"

"အင်း ... အဲဒါဆို ကိုယ် လာကြိုမယ်လေ"





သူက ရလိုရငြား အခွင့်အရေးလေး တောင်းမိလိုက်သည်။ စစက တင်းမာပြတ်သားသော အသံဖြင့် ပြောကာ ဖုန်းချသွားလေသည်။

"စစမှာ ကားပါတယ်။ ဒါပဲနော်"

ဖုန်းချသွားသောအခါ သူဟာ ထပ်လည်းမဆက်ရဲတော့ပေ။ အလုပ်လုပ်နေတာကို သူက တဂွမ်ဂွမ် ဆက်နေတော့ စစ ပိုစိတ်ဆိုးသွားပေမည်။ ပိုဆိုးတာကတော့ သူ့ကို စစ ပိုပြီး စိတ်ဆိုးသွားမှာ စိုးတာပဲဖြစ်သည်။

"ရှိုးလေး ... စစနဲ့ အဆင်ပြေအောင်နေပါနော်။ ဒေါ်ထွေး တောင်းပန်တာပါ"

"ကျွန်တော် စိတ်ညစ်တယ်ဗျာ။ လူကြီးတွေကိုလည်း ကျွန်တော်တို့ကြောင့် စိတ်မညစ်စေချင်ဘူး။ ဒေါ်ထွေး သိသားနဲ့ဗျာ။ ကျွန်တော် လူပျိုဘဝတည်းက ဒီလိုပဲ ဘော်ဒါအပေါင်းအသင်းနဲ့ သွားနေလာနေကြဟာကို။ မနေ့တုန်းက သူ့ကို ကျွန်တော် လိမ်မိတယ် ဆိုတာကလည်း ကျွန်တော် အမှန်တိုင်းပြောရင် စစ လက်မခံဘူးဆိုတာသိလို့ မသွားမဖြစ်ကိစ္စမို့ လိမ်လိုက်ရတာ။ ဟား ... စိတ်

ညစ်တယ် ဒေါ်ထွေးရာ။ ဟူး ... ကျွန်တော် လိုက်သွားလိုက်ဦးမယ်"

ဂုဏ်ရိုးက ရေမိုးချိုးဖို့ အပေါ်ကို ပြန်တက်လာကာ ရေအမြန်ချိုးလေသည်။ ပြီးတော့ စစကို သွားတွေ့ဖို့ အမြန်ထွက်လာခဲ့ရတော့သည်။ လောလောဆယ်မှာ စစက သူ့ကို စိတ်ဆိုးနေတဲ့ အနေအထားမို့ သူဟာ ပြေလည်အောင်တော့ ချော့မော့ရမှာပဲဖြစ်သည်။ အဲဒါကြောင့် ဂုဏ်ရိုးက သူ ဟိုတစ်ခါလိုက်ပို့ဖူးတဲ့ ကိုညီရဲ့ဆိုင်ဆီကို မောင်းလာတာဖြစ်၏။ သိတဲ့အတိုင်း Traffic Jump က ဖြစ်နေတာမို့ သူက ကားတန်းစီနေရင်းက သူဒီနေ့ ကုမ္ပဏီမလာဘူး ဆိုတာကို သူ့အတွင်းရေးမှူးကို လှမ်းပြောကာ နိုင်းစရာရှိတာကို လုပ်နိုင်းနေရသည်။ သူ့အလုပ်ကိစ္စပြတ်ပြီဆိုမှ သူဟာ စစ ဆီကို ဖုန်းတစ်ချက် လှမ်းခေါ်၏။ ဖုန်းက ဧရိယာပြင်ပ အော်နေတာမို့ ဒါဆို စစ တစ်ယောက် ကိုညီဆိုင်မှာပဲ ရှိလောက်ဦးမည်ဟု ယူဆရသည်။ သူက ဖုန်းဆက်မခေါ်တော့ဘဲ ကားမောင်းခြင်းကိုသာ အာရုံစိုက်လိုက်တော့သည်။ သိတဲ့အတိုင်း နေကပူ ကားတွေက ကျပ်ညပ်နေကာ ဘီးကတစ်လိမ့်ချင်း လှိမ့်နေရတာမို့ သူ့မှာ ကားထဲကနေ ဗျစ်တောက် ဗျစ်





တောက် ပြောနေချိန်မှာ ဖုန်းတကောက ထပ်ဝင်လာ၏။ နံပါတ်က မသိတဲ့နံပါတ် ဖြစ်နေတာကြောင့် သူ့ကံ အလုပ်ကိစ္စဖုန်းဖြစ်နေမှာစိုးတာကြောင့် ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"ကိုဂုဏ်ရိုးမာန်နဲ့ ပြောချင်လို့ပါ"

"ဘယ်သူပါလဲ"

"အမ်မရတ်ချိုပါ။ ကိုမာန့် မှတ်မိတယ်မှလား"

အမ်မရတ်ချို။ သူက ကြားဖူးသလိုရှိသား ဆိုပြီး တွေးမိသွားသည်။ ပြီးတော့မှ မနေ့ညက ကောင်မလေးမှန်း သူသတိရသွားသည်။

"သြော် ... မှတ်မိပါတယ်။ ကိစ္စရှိလို့လား"

"ယူ့ကိုအဆင်ပြေရဲ့လား‌လို့ လှမ်းမေးတာပါ။ ယူ့မိန်းမက လာခေါ်သွားတယ်ဆိုတော့ စိတ်ပူလို့ပါ။ အဲဒါ ယူ့ဖုန်းကို ကိုကြီးမင်းယံ ပေးလိုက်တာ"

ကားမောင်းရင်း စကားပြောနေရတာမို့ သူက မြန်မြန်ဖုန်းချချင်ပြီဖြစ်သည်။ အင်း ... အဲ follow လိုက်ကာ အလိုက်အထိုက် ပြန်ပြောနေရတာဖြစ်၏။



Scanned by CamScanner

"အင်း … ပြေပါတယ်"

"ဪ … နောက်ပြီး ယွန့်နာရီနဲ့ ပိုက်ဆံအိတ် ကျန်နေတယ်။ ယူ လာယူမလား။ ချို လာပေးရမလား"

နာရီနဲ့အိတ်။ သူက အခုမှ သူ့နာရီနဲ့ ပိုက်ဆံအိတ် အဲဒီမှာ ကျန်ခဲ့တာ သတိရတော့သည်။ မနေ့က လောလော လောလောနဲ့ ထွက်လာခဲ့တာဆိုတော့ ကျန်နေခဲ့တာဖြစ်မည်။

"အဲဒါလား …။ ကိုမင်းယံက ယူမသွားဘူးလား"

"သူတို့တောင် မသိဘူး။ အခန်း check out လုပ်မှ service လုပ်တဲ့ကောင်လေးကတွေ့လို့ ချို သိမ်းပေးထားလိုက်တာ။ အဲဒါလေး ပြန်ပေးချင်တယ်"

အမျိုးသမီးရဲ့အသံဟာ ချွဲပျစ်ပျစ်နဲ့ အင်မတန်နားထောင်ကောင်းသော အသံကာလာမျိုး ဖြစ်ပေမယ့် သူ ဒီအချိန်မှာ ဒီအသံကို နားမထောင်နိုင်။ စစဆီ အမြန်ရောက်ဖို့ကိုပဲ အာရုံရနေတာမို့ အမြန်ကိစ္စပြတ် ပြောလိုက်ရသည်။

"ကိုယ်လာယူမယ်။ လောလောဆယ် ကားမောင်းနေလို့။ နောက်မှ မင်းဆီ ပြန်ဆက်လိုက်မယ်။ ဒါပဲနော်"

"………"





"တော်ကဲ … အရေးထဲ ပစ္စည်းက ကျန်နေခဲ့ရသေးတယ်ကွာ"

ဂုဏ်ရှိုးက ဖုန်းကို ဘေးခုံမှာ ပစ်တင်ရင်း ကိုယ့်ဘာသာကိုယ် မကျေမနပ် ရေရွတ်ကာ ကားကျပ်ကျပ်တွေကြား ဟိုဒီတိုးရင်း စစဆီရောက်အောင် ခပ်သွက်သွက်လေး မောင်းလာခဲ့ရသည်။

မြား … မြား … ကျေးဇူးပြုပြီး စစ သူ့ကိုသိပ်မရစ်ဘဲ စိတ်ကောက်ပြေပါစေ ဘုရား။

❦ ○ ❦

လိုချင်တဲ့ ပိတ်စအရောင်နဲ့ အသားတွေကို ကတ်တလောက်ကကော အခုရောက်နေတာတွေကော စိတ်တိုင်းကျမှာပြီးသွားတဲ့အခါ အလုပ်ကိစ္စပြီးလို့ ပြန်တော့မယ်ဆိုတော့ စိတ်က ကိုကို့ကို သွားသတိရလေသည်၊ မနေ့ကကိစ္စအတွက် စိတ်ထဲမှာ ဘယ်လိုမှ အခဲမကျေနိုင်ဘဲ တနုံ့နုံ့ဖြစ်နေရတာဖြစ်၏။

"ဟဲ့ ... စစ ပြန်တော့မလို့လား။ နေပါဦးဟဲ့ ... နင်အအေးလေးတော့ သောက်သွားပါဦး။ ကျုပ်တို့ စကားတောင် အေးဆေးမပြောရသေးဘူး။ ထိုင်ဦး"

စစကို ကိုညီက အတင်းဆွဲထားသေးတာမို့ စစက မပြန်ချင်သေးတာလည်း ပါတာမို့ ဝင်ထိုင်လိုက်သည်။



"ဟဲ့ ... ညည်းကို မေးရဦးမယ်။ ခုနကလည်း အလုပ်တွေရှုပ်နေလို့။ ညည်း ဘာဖြစ်နေတာလဲ။ မျက်နှာက မရွှင်မပျနဲ့။ ပြောစမ်းပါဦးအေ"

စစ ဒီဇိုင်နာပေါက်စ ဘဝလေးကတည်းက စစနဲ့အတူ အလုပ်တွဲလုပ်လာခဲ့ကာ မိသားစုလို ဖြစ်နေတာမို့ ကိုညီက စစ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်တတ်တာမို့ ကိုညီ မေးလာလျှင် စစက ပြောပြလိုက်တော့သည်။

"မပြောချင်ပါဘူး ကိုညီရယ်။ မနေ့ကလေ စိတ်တိုတာသေတော့မယ်။ စစကိုလိမ်ပြီး KTV သွားတယ်။ အဲဒါ သူရှိတဲ့နေရာကို ရအောင်စုံစမ်းပြီး သွားခေါ်ပစ်လိုက်တယ်။ စိတ်တိုလွန်းလို့ အသက်ပါ ထွက်ချင်တယ်"

"ဩော် ... ညည်းနဲ့အေ။ တစ်ခါတလေလည်း မသိချင်ယောင်ဆောင်ပေးရတယ်အေ့။ အမြဲတမ်းကြီး ဂျယ်လမက်တွေ မျိုနေတော့ ဟိုက စိတ်ညစ်သွားမယ်နော်။ ရိုးလေးကညည်းကို သိပ်ချစ်တာပါ။ ကျုပ် သိတာပေါ့"

"ကိုညီနော် ... စစ ဘယ်လောက် ဒေါသဖြစ်ရတယ်ထင်လဲ။ သူက အရမ်းအပေါင်းအသင်းမက်တာ။ သူ့သူငယ်



Scanned by CamScanner

ချင်းတွေများဆို ready ဆိုတာချည်းပဲ။ မနေ့ကဆို KTV က ဟာမတွေ တရုန်းရုန်းနဲ့။ စိတ်ပျက်စရာ"

စစက ပြောရင်း ပိုဒေါသက ထွက်လာလေသည်။ မနေ့ကအဖြစ်ကို လုံးဝကို ကျေနပ်တာ မဟုတ်ပေ။

"စစရယ် ... ညည်း စိတ်လျှော့ပါ။ ဒါကတော့ တစ်ခါတလေရှိမှာပေါ့ဟဲ့။ အဲဒီလို လိုက်တိုက်နေပြီး သဝန်တိုရင် နင်ပဲ ဒေါသထွက်ရမှာ။ ယောကျ်ားဆိုတာမျိုးက အနည်းနဲ့အများတော့ လျှမ်းချင်ကြတာချည်းပဲ။ နည်းနည်းတော လွှတ်ပေးသင့်တာ လွှတ်ပေးပေါ့ဟယ် ...

အဲဒါကြောင့် ညည်းမျက်နှာက မဲ့ရွဲ့နေတာကိုး။ ခါတိုင်းဆို တစ်ကိုကိုတည်း ကိုကိုနေတာ။ အန်တီတို့ ပေးစားတဲ့သူ ယူပေလို့ပဲ။ ညည်းဘာသာ တွေ့တဲ့သူများဆို ဘယ်လိုများနေမလဲ မသိဘူး။ အစစ်မတွေ့ သိပ်ကဲတာပဲ"

စစက ခပ်ယဲ့ယဲ့သာ ပြုံးနိုင်သည်။ စစ သိပ်ချစ်လွန်းလို့ သဝန်တိုတာကို နားမလည်နိုင်သူကြီးရဲ့မိန်းမ ဖြစ်နေရတာကိုက ကံဆိုးလို့ပဲဖြစ်သည်။ အမှန်ဆို မနေ့ကကိစ္စအတွက်



Book Sharing



စစကို သူ မရ,ရအောင် တောင်းပန်ရမည်။ ဖြေရှင်းရမည်။ အခု တော့ ဝတ်ကျေတန်းကျေ ဖုန်းလေးတစ်ခါသာဆက်ပြီး ပြီးသွားသည်။

စစမှာသာ ဒေါသတွေကော မကျေနပ်တာတွေပါ ရောထွေးပြီး အသည်းတနုံ့နုံ့ ဖြစ်နေချိန်မှာ သူကတော့ ကုမ္ပဏီမှာ ငြိမ့်နေလောက်ပြီ။

"တော်ပြီ ကိုညီရာ။ စစ စိတ်တောင် ပိုညစ်သွားပြီ။ ပြန်တော့မယ်"

"အေးပါ ... အေးပါ။ လာ ... ကျုပ် ညည်းကို ကားပေါ်ထိ လိုက်ပို့ပေးမယ်။ စိတ်လျှော့ပါ စစရယ်။ ရှိးလေးကို ညည်း ချစ်တာပဲမှလား။ နားလည်ပြီး ဒီတစ်ခါတော့ လျှော့ပေးလိုက်ပါ"

"အင်း ... ကိုညီ ... အဲဒါထက် စစကို ဒီတစ်ပတ်အပြီး ပိတ်စတွေ ပို့ပေးနော်။ နောက်ကျလို့ မရဘူး"

"အမယ်လေး ... သိပါတယ်ဟယ်။ ကျုပ်နဲ့ အလုပ်လုပ်တာ အရိုးပဲဆွေးတော့မယ်။ စိတ်ချ ... ရှင့်ဆီကို ကျုပ် ကိုယ်တိုင် လာပို့ပေးမယ်"



Scanned by CamScanner

စစက စကားတပြောပြောဖြင့် ကားဆီလျှောက်လာလျှင် စစရဲ့ကားဘေးမှာ ရပ်စောင့်နေသော သူ့ကို တွေ့ရလေသည်။

"ဟဲ့ ... ဒီလိုကျပြန်တော့လည်း ချစ်စရာလေးပါဟယ်။ တကူးတကတောင် လိုက်လာတယ်"

"ကိုညီ ... တိုးတိုးပြောပါ။ သူကလည်း ဘာလာရှုပ်တာလဲ့ မသိဘူး"

စစက မကြည်တဲ့ မျက်နှာပေးဖြင့် ကားဆီလျှောက်လာကာ သူ့ကို ဘုရှိုးတစ်ချက် ရှိုးမိလိုက်သည်။ ဟွန်း ... မနေ့က အချိုးအချိတ်နဲ့ ကွာလှစွာ စစကို ဟဲခနဲ သွားဖြဲပြရင်း ...

"စစ ... ကိုကို လာကြိုတာလေ"

"မလိုပါဘူးဆို။ ကျွန်မ အလုပ်ရှိသေးတယ်။ သွားရဦးမှာ"

"ဟဲ့ ... ညည်းပြောတော့ ဘာမှမရှိတော့ဘူး။ အိမ်ပဲပြန်ရုံပဲဆို"

ဘေးက ကိုညီက ဝင်ဖောက်ပေးနေတာမို့ စစက ကိုညီကို မျက်စောင်းတစ်ချက် ကျိတ်ထိုးလိုက်သည်။ သူကတော့ အားကိုးရှိသွားပြီမို့ ပိုမိုအားတက်သွားဟန်ဖြင့် ...





"ဟား ... အဲဒါဆို ကိုယ်တို့ တစ်ခုခုသွားစားကြမယ်လေ။ နော် ... ဒီနေ့ ကိုယ် အလုပ်မသွားဘူး။ လျှောက်လည်ကြမယ်လေ ... နော် ... စစ ... နော်"

"မသွားပါဘူး။ ရှင်သွားချင် ရှင့်သူငယ်ချင်းတွေ ခေါ်သွားပေါ့"

"အာ ... စစကလည်းကွာ။ ကိုကို တောင်းပန်ပါတယ် ... နော်။ လိုက်ခဲ့ပါကွာ။ ကိုညီ ပြောပေးပါဦး"

"အေးလေ ... ဟုတ်သားပဲ။ စစ ... လိုက်သွား။ သွား ..."

ကိုညီနဲ့ သူက အတိုင်အဖောက် ညီနေတာမို့ စစက နှုတ်ခမ်းကို တစ်ချက်ဖိကိုက်ကာ ...

"ကိုညီ လိုက်ချင်ရင် လိုက်သွား။ စစကတော့ မလိုက်ဘူး"

"အမယ်လေး ... ကျုပ်ကို လာဝှန်းနေပြန်ပါပြီ။ စစ ... သွား ... လိုက်သွား။ ညည်းကားကို ကျုပ်ပဲ အိမ်ပြန်ပို့ပေးထားမယ်။ ရိုးလေး ... ခေါ်သွား ... ခေါ်သွား"

"လာပါ ... စစရယ်။ နော် ... ကိုညီ ကျေးဇူးနော်။ နောက်နေ့ သပ်သပ်ကျေးဇူးဆပ်မယ်"



Scanned by CamScanner

"အမယ်လေး ... ဒီကောင်လေး သိပ်ပြောတတ်နေတယ်။ စစကိုသာ ကျေနပ်အောင် ချော့လာခဲ့။ ကဲ ... မယ်မင်းကြီးမ ပေး ... ကားသော့"

ကိုကိုကလည်း သူ့ကို ဖွတ်ခေါ်နေကာ ကိုညီကလည်း ဖွတ်ကို အရောက်ပို့နေတာမို့ စစက အချော့ခံရမည့်သူအဖြစ်နဲ့ ကိုညီလက်ထဲ ကားသော့ထည့်ပေးကာ ကိုကို့နောက်ကောက်ကောက်ပါ လိုက်ရတော့သည်။ ကိုကိုက ရွှင်မြူးသောစိတ်အစဉ်ဖြင့် စစကို ကားပေါ်တင်ခေါ်ကာ မောင်းထွက်လာခဲ့တော့သည်။

"ကန်တော်ကြီးထဲမှာ ကိုကိုတို့ တစ်ခုခု သွားစားမယ်။ ပြီးရင် ချစ်ကို Shopping ပို့ပေးမယ်။ ရုပ်ရှင်အတူတူ သွားကြည့်မယ်။ အိုခေလား အချစ်"

"မသိဘူး။ ဘာမှလာမပြောနဲ့"

စစက ခပ်ဆောင့်ဆောင့်လေသံဖြင့် ပြောလိုက်လျှင် ကိုကိုက ပြုံးရုံသာပြုံးကာ ကားကိုပဲ အာရုံစိုက် မောင်းလေသည်။ ကန်တော်ကြီးထဲရောက်တော့ အရိပ်ရတဲ့ သစ်ပင်ကြီးအနားမှာ ကားကို ထိုးရပ်လိုက်လျှင် စစက ကားပေါ်က ဆင်းမယ်လုပ်တော့ သူက သူ့ဘက်ကနေ ကားလော့ခ်ကို လှမ်းချလိုက်တာမို့ စစက ဒေါသထွက်သွားသည်။



"ဘာလုပ်တာလဲ။ အဲဒါက"

"စစကို ချော့မလို့လေ"

မခိုးမခန့်အပြုံးနဲ့ ပြောတဲ့လေသံကိုက အမြင်ကတ်စရာကြီးမို့ စစက မျက်စောင်းထိုးပစ်လိုက်သည်။

"ရှင့်ကို လုံးဝမကျေနပ်ဘူး။ မုန်းနေတာနော်။ ဘာစကားမှ လာမပြောနဲ့"

"အာ ... ကိုယ် တောင်းပန်ပါတယ် စစရယ်။ မနေ့က ..."

"တော်တော့။ ဆက်မပြောနဲ့ မနေ့ကကိစ္စ။ မနေ့ကကိစ္စကို ပြန်တွေးတိုင်း စစ အရမ်းစိတ်ဆိုးတာ။ ရှင် ဆက်ရှင်းနေရင် အခြေအနေက ပိုဆိုးသွားလိမ့်မယ်။ အခု စစ ရှင့်နောက်ကို လိုက်လာတာ ခွင့်လွှတ်လို့ မဟုတ်ဘူး"

"ကိုယ် တောင်းပန်ပါတယ် စစရယ်"

မျက်နှာငယ်လေးနဲ့ တောင်းပန်ပါတယ်ဆိုတော့လည်း စစ စိတ်လျှော့ချင်လာသည်။ ကိုကို့အပေါ်ကို အရမ်းကို ချစ်နေမိတယ်ဆိုတာ စစ ကိုယ့်ဘာသာသိသည်။ မနေ့ကကိစ္စအတွက် စစ တကယ်ပဲ အရမ်းခံစားခဲ့ရတာဖြစ်၏။ ကိုကို့ကို မနေ့က လုပ်ရပ်အတွက် အရမ်းကို စိတ်ဆိုးဒေါသထွက်တယ်

ဆိုပေမယ့် အဲဒါကို ခွန်းကြီးခွန်းငယ် ရန်ဖြစ်နေရင် စစတို့ အိမ်ထောင်ရေးပဲ အက်ရာထင်မှာ စိုးတာကြောင့် စစ ဆက်စကား မပြောချင်ရတော့တာပါ။

ကိုကို့မျက်နှာကို ကြည့်မိပြန်တော့လည်း မနေ့က ဒေါသထွက်နေတဲ့ပုံ ပေါက်နေတဲ့ ကိုကိုဟာ ဒီနေ့တော့ သူ့အမှားသူသိပြီး တောင်းပန်ချင်နေတဲ့ ပုံစံလေးမို့ စစမှာ မချော့ခင် ပျော့ရလေသည်။

"ကိုယ် တကယ်တောင်းပန်ပါတယ်"

"တော်ပြီ။ မပြောနဲ့တော့။ စစ လိုချင်တာ တောင်းပန်ပါတယ်ဆိုတဲ့ စကားမဟုတ်ဘူး။ ဒီလိုအဖြစ်မျိုး နောက်နောင် ဘယ်တော့မှ မလုပ်တော့ပါဘူးဆိုတဲ့ စကားလည်း မဟုတ်ဘူး။ ကိုကို သိဖို့ပဲလိုတာ။ စစ ချုပ်ချယ်နေတာ မဟုတ်ဘူး ကိုကို။ ဘယ်မိန်းမ မဆို ကိုယ့်ယောကျ်ားက အိမ်ကို တန်းတန်းမတ်မတ် ပြန်လာတာမျိုးကိုပဲ လိုချင်တာ။ အဲဒါဟာ ဘာကြောင့်ဆိုတာ ကိုကို သိဖို့ပဲလိုတယ်။ စစလည်း မိန်းကလေးပါ။ ကိုယ့်ယောကျ်ားရဲ့ အိမ်ပြန်ချိန်ကို မျှော်နေတတ်ပါတယ်"





စစက ရင်ထဲရှိတာ ဖွင့်ချလိုက်ရသည့်အတွက် စိတ်ထဲတော့ နည်းနည်းပေါ့သွားသည်၊ ကိုကိုက စစရဲ့လက်ဖဝါးတွေထဲကို သူ့ရဲ့လက်တွေထည့်ကာ ထွေးဆုပ်လိုက်ပြီး စစမျက်လုံးတွေကို တည့်တည့်ကြည့်ကာ ...

"မနေ့ကကိစ္စအတွက် ကိုကို မှားခဲ့ပါတယ်လို့ မပြောတော့ဘူး။ စစ စောင့်ကြည့်ပါ။ ကိုယ့်ရဲ့ပြောင်းလဲမှုတွေက စစကို ကိုယ်ပေးမယ့် ကတိပါ။ ကိုယ် စစကို ခံစားစေရရင် တောင်းပန်ပါတယ်၊ နောက် ဒီလိုမျိုး ဘယ်တော့မှ စစ စိတ်မဆိုးစေရတော့ဘူး"

အဲဒီကတိအတွက် ကိုကို့ကို စစ ယုံကြည်သည်။ စစ ပြောတဲ့စကားက ကိုကို့ရင်ကို တိုက်ရိုက်ထိသွားပြီ ဆိုတာလည်း သိသည်။ အဲဒါကြောင့် စစက ကိုကို့ရင်ခွင်ထဲမှာ ဝင်ရောက်မှီနွဲ့ရင်းက ...

"စစက သာယာတဲ့ အိမ်ထောင်ရေးကိုပဲ တည်ဆောက်ချင်တာပါ။ ကိုကို မနေ့က စစကို စကားမပြောတော့ ခံစားရတာ စစပဲ။ စစ တားတယ်ဆိုတာက ကိုကို့ကို ချုပ်ချယ်နေတာ မဟုတ်ပါဘူး။ ကိုကို အိမ်ပြန်လာချိန်မှာ မလာသေးရင် စိတ်ပူနေမိလို့ပါ"



Scanned by CamScanner

"စစရယ်။ ကိုယ့်သိပ်မှားတယ်ကွာ။ နောက် ဘယ်တော့မှ
ဒီလိုမဖြစ်စေရဘူးနော် စစ ... နော်"

စစက ကိုယ့်တော်လ်ကီတွေမှာ ကြွေသွားအောင် ချုပ်နိုင်ပြီဖြစ်လို့ အရမ်းကျေနပ်သွားရသည်၊ မိန်းမတစ်ယောက်ရဲ့အရည်အချင်းဆိုတာ ဒါပဲလေ။ မနေ့က ကိုကို့ကို KTV မှာ လိုက်ခေါ်ရတယ်။ သူ့ဘေးမှာ မိန်းမတွေရှိနေတယ်။ အဲဒီပြဿနာအတွက် တခြားမိန်းမတွေဆို ယောကျ်ားနဲ့ အကြီးအကျယ်စကားများ ရန်ဖြစ်ကောင်း ဖြစ်နိုင်မည်။ အဲဒါဆို အဲဒီယောကျ်ားက နောက်တစ်ကြိမ် ထပ်သွားဖို့ လမ်းခင်းသလို ဖြစ်သွားနိုင်၏။ စစကတော့ ဒီယောကျ်ားရဲ့ အမှားတစ်ကွက်ကို မလွှတ်တမ်းဆုပ်ပြီး ငါ အကုန်သိတယ်လို့ မကြွေးကြော်ပြတော့ဘဲ အချိုသပ်တဲ့ ဗျူဟာဖြင့် သိမ်းသွင်းဆွဲဆောင်ထားလိုက်သည်။

တစ်ခါတလေမှာ ယောကျ်ားဆိုတာမျိုးက ဘယ်တော့မှ မကြီးပြင်းတတ်တဲ့ ကလေးမျိုး ဖြစ်တတ်တာမို့ ဒီကလေးဆိုးလေး ဟုတ်ကဲ့ ဖြစ်နေစေဖို့ သိမ်းသွင်းတဲ့နေရာမှာ ကိုယ်ကိုယ်တိုင်ကပဲ အဓိကကျလေသည်။

❦ ○ ❦





မိန်းမဆိုတာ
ရင့်ကျက်ချင်ယောင် ဆောင်ထားတဲ့ ကလေး။
ယောကျ်ားဆိုတာ
ဘယ်တော့မှ မကြီးပြင်းချင်တဲ့ ကလေး။
ဒီကလေးနှစ်ယောက်သာ
ကျား၊ မိုလ် ဆွဲရင်
ဘယ်သူနိုင်မှာပါလိမ့် ? ။



## ၁၂

ဂုဏ်ရှိးက မနေ့က ဝင်ထားတဲ့ Call list ကို ပြန်ကြည့်ကာ နံပါတ်တစ်ခုကို ပြန်ရှာမိသည်။ ကျန်ခဲ့တဲ့ နာရီနဲ့ အိတ်ကို ပြန်ယူရမှာ ဖြစ်တာကြောင့် သူက ဖုန်းဆက်ချိန်းရမှာပဲ ဖြစ်သည်။ သူရှာနေတဲ့ နံပါတ်လည်း တွေ့ပြီမို့ ဂုဏ်ရှိးက ဖုန်းခေါ်လိုက်သည်။ ဖုန်းက ချက်ချင်းဝင်သွားကာ ကိုင်တဲ့သူကလည်း ချက်ခြင်းကိုင်၏။

"ဟယ်လို"

"အမ်မရုတ်ချို့နဲ့ ပြောချင်လို့ပါ"

"ဪ ... ကိုမာန် ကိုယ်တိုင် ဖုန်းပြန်ဆက်တာပါလား။ ချို ပြောနေပါတယ် ကိုမာန်"





ဂုဏ်ရှိးက သိပ်ရှည်ရှည်ဝေးဝေး ပြောမနေဘဲ လိုရင်းသာ ပြောလိုက်၏။

"ကိုယ့်နာရီနဲ့အိတ်ကို ဘယ်မှာလာယူရမလဲ အမ်မရုတ်ချို"

"အဲဒီပစ္စည်းတွေက ချို့ဆီမှာ ရှိပါတယ်၊ ဒါပေမဲ့ ယူ အခုတော့ မရသေးဘူး။ နောက်နှစ်ရက်နေမှ"

လာပြီး ဖယားဝေ့နေတာမို့ သူက နည်းနည်းစိတ်တိုသွားကာ အသံနည်းနည်း မာသွား၏။

"ဘာ ... ဘာဖြစ်လို့လဲ"

"အမယ်လေး ... ဖြည်းဖြည်းပြောပါ။ သူ့ပစ္စည်းကို ဘယ်သူက အပိုင်ယူမှာမို့လို့လဲ။ ဟွန့် ... ဦးစိတ်ပုပ်"

"ဘာ ... မင်း ငါ့ကို ဘယ်လိုခေါ်တယ်။ ဒီမှာ အဲဒီလို ပေါ့ပျက်ပျက် တန်ဖိုးမဲ့ အခေါ်အဝေါ်မျိုး လာမခေါ်နဲ့ ငါ မကြိုက်ဘူး။ ငါ့ပစ္စည်းကို ဆိုင်မှာ လာယူရမှာလား"

ဂုဏ်ရှိးက ခပ်ပြတ်ပြတ် ပြောလိုက်တာမို့ တစ်ဖက်က အောင့်သီးအောင့်သက်တော့ ဖြစ်သွားမှာ သေချာပေသည်။ ဒါပေမဲ့ မတတ်နိုင်။



Book Sharing

Scanned by CamScanner

"နှစ်ရက်စောင့်ရမယ်လို့ ပြောထားတဲ့ဟာ။ ချိုက အခု ရန်ကုန်မှာ မဟုတ်ဘူး။ သူငယ်ချင်းတွေနဲ့ ချောင်းသာ ရောက်နေတယ်။ အင်္ဂါနေ့မှ ရန်ကုန် ပြန်ရောက်မှာ။ ယူ့ ပိုက်ဆံအိတ်နဲ့နာရီကို စိတ်ချ။ ဘာမှမထိခိုက်စေရဘူး"

"ကျစ် ... အချိန်ကြာတယ်ကွာ။ အဲဒါများ မင်း မနေ့က တစ်ခါတည်း လာယူဖို့ ပြောပါလားကွ။ အခုတော့ အချိန်ရက်ကြာတယ်"

"သြော် ... ယူက မနေ့က ကားမောင်းနေတယ်ဆိုပြီး ဖုန်းချပစ်တာလေ။ ပြီးတော့ ချိုက တာဝန်သိ ကိုယ်ချင်းစာတတ်လို့ ပြန်ပေးတာနော်။ ယူ ကျေးဇူးတင်စကားလည်း မဆိုသေးဘူး။ ကျေးဇူးမတင်ရင်နေပါ။ အခုတော့ ယူ့ အချိုးက ဘာလဲ။ ချိုက ယူနဲ့ ရန်ငြိုးများ ရှိနေလို့လား"

ခပ်ပြတ်ပြတ် မေးတဲ့ မေးခွန်းကြောင့် သူ နည်းနည်းလွန်သွားတယ်ဆိုတာ သတိထားမိသွားတာမို့ ပြန်လျှော့လိုက်ရသည်။

"ဆောရီး ... ကိုယ် အလုပ်ရှုပ်နေတာတွေရောပြီး စကားလောသွားတာ။ Ok ... နောက်နှစ်ရက်နေမှ ဆိုတော့လည်း





နောက်နှစ်ရက်မှပေါ့။ မင်းဆီက မယူမဖြစ် ပြန်ယူရတယ်ဆိုတာကလည်း ကိုယ့်ပိုက်ဆံအိတ်ထဲမှာ အရေးကြီးတဲ့ ကတ်တချို့ ပါနေလို့ပါ။ ပြန်ပေးတဲ့အတွက်လည်း မင်းကို ကိုယ် ကျေးဇူးဆပ်မှာပါ"

"မလိုပါဘူး။ ချို ပြန်ရောက်ရင် ဆက်သွယ်လိုက်မယ် ဒါပဲ"

တစ်ဖက်က ဖုန်းချသွားလေသည်။ ဂုဏ်ရိုးက စိတ်ဆိုးသွားတယ်လို့ ထင်ရတဲ့ အဲဒီအမျိုးသမီးအတွက် ပခုံးတစ်ချက်သာ တွန့်ပြကာ အလုပ်ဆက်လုပ်နေလိုက်သည်။

"ဆရာ ... ကိုမင်းယံ လာတယ်"

"သြော် ... ဒီခေါ်လာခဲ့လေကွာ"

အစ်ကိုကြီးက သူ့ကုမ္ပဏီကို ထူးထူးခြားခြားလာတယ်ဆိုလို့ သူက အံ့တောင် အံ့သြသွားရသည်။ ကိုမင်းယံက ထုံးစံအတိုင်းပဲ သပ်ရပ်စမတ်ကျကာ သူ့ရုံးခန်းထဲ ဝင်လာ၏။

"ဟား ... ဘရာသာ အလာထူးလို့။ ထိုင်ဗျာ"

"အေးကွ ... မင်းကို ပြောစရာရှိလို့ လာတာ။ မင်း အားကော အားရဲ့လား"



Scanned by CamScanner

"ရတယ် ... အေးဆေး။ အားတယ် ... အစ်ကိုကြီးဘာ ပြောမလို့လဲ။ ပြောလေ"

ကိုမင်းယံက သူတပ်ထားတဲ့ မျက်မှန်ကိုချွတ်ကာ စားပွဲပေါ်တင်လိုက်ပြီးမှ သူ့ကိုကြည့်ကာ ပြော၏။

"ဟိုနေ့ညက မင်းကို လာခေါ်တာ မင်းရှိနေမယ့် နေရာကို မင်းမိန်းမ သိသွားတာ တခြားသူ ပြောလိုက်တာ မဟုတ်ဘူး။ ငါ့မိန်းမ ပြောလိုက်တာ"

"ဗျာ"

အထူးအဆန်းစကားမို့ သူ့မှာ အရမ်းကို အံ့အားသင့်သွားရသည်။ ဘယ်လိုဖြစ်တာပါလိမ့်။ စစနဲ့ အစ်ကိုကိုမင်းယံမိန်းမနဲ့က ဘယ်လိုလုပ် သိသွားတာပါလိမ့်။ အမှန်တကယ်တော့ အဲဒီညက စစ သူ့ကိုလာခေါ်တာကို သူ အရမ်းအံ့သြနေတာဖြစ်သည်။ ဒီနေရာကို စစ သိအောင် ဘယ်သူကပြောသလဲ ဆိုတာကိုလည်း သူ အရမ်းသိချင်နေတာဖြစ်၏။ စစနဲ့ အဆင်ပြေအောင် မနည်း ပြန်လုပ်ထားရတဲ့ အခြေအနေလေးမို့ သူဟာ သိချင်ပေမယ့်လည်း စစကို မမေးရဲဘဲ မျိုသိပ်နေရတာ ဖြစ်သည်။ အခု သူ သိချင်နေတဲ့အဖြေကို အစ်ကိုကြီး ကိုမင်းယံက လာပြောနေတာမို့ အဆန်းတကြယ် ဖြစ်ရ၏။





"အစ်ကိုကြီး အမျိုးသမီးနဲ့ စစက ဘယ်လိုက ဘယ်လို သိတာလဲ"

"ဘယ်လိုက ဘယ်လို သိလဲဆိုတာတော့ ငါလည်း သေချာမသိဘူး။ မနက်က ငါ့မိန်းမက အပြင်သွားဖို့ ဖုန်းဆက်ချိန်းနေကတည်းက စစ ဆိုပြီး နားစွန်နားဖျားကြားလိုက်သား။ အေး ... ငါအလုပ်ကနေ စာရွက်ကျန်လို့ အိမ်ပြန်ယူတော့ အိမ်မှာ မင်းမိန်းမကို တွေ့လိုက်ရတာပဲ ဟေ့။ ငါကွာ မင်းမိန်းမနဲ့ မျက်နှာချင်းဆိုင်ရမှာစိုးလို့ စာရွက်တောင် မယူခဲ့ဘဲ အခု မင်းဆီ တန်းလာခဲ့တာ။ သူတို့နှစ်ယောက် ဘယ်လိုဖြစ်ပြီး သိသွားလဲ ငါ စဉ်းစားလို့တောင် မရဘူး ...

အဲဒီနေ့ကလည်း စစ မင်းကို လာခေါ်နိုင်တာ ချိုချို ပြောပြလိုက်တာ သေချာတယ်။ ဘာလို့လဲဆိုတော့ ငါ အဲဒီနေ့က မင်းတို့နဲ့ ဘယ်မှာရှိတယ်ဆိုတာကို ငါ့မိန်းမကို ပြောပြထားလို့ကွ"

ဂုဏ်ရှိက တွေတော့ တွေသွားသည်။ စစက ဘယ်လိုလုပ် ကိုမင်းယံ အမျိုးသမီးနဲ့ သိနေရတာပါလိမ့်။



Scanned by CamScanner

"အစ်ကိုကြီး ... အဲဒါဆိုရင်အခု စစက ကိုကြီးတို့အိမ်မှာပေါ့"

"အေး ... ဟုတ်တယ်။ ကြည့်ရတာတော့ အပြင် အတူသွားမယ့်ပုံပဲ။ ငါလည်း သူတို့မမြင်အောင် အမြန်လစ်လာခဲ့ရတာ"

"စစ တစ်ယောက်တည်းပဲလား အစ်ကိုကြီး"

"အာ ... မဟုတ်ဘူး။ ခင်ဦးသစ်စ ဘေးမှာ အမျိုးသမီးတစ်ယောက်လည်း ပါသေးတယ်"

ဘာတွေပါလိမ့်။ ဂုဏ်ရှိးက စစ ဘယ်လိုဖြစ်ပြီး ကိုမင်းယံ အမျိုးသမီးနဲ့ သိသွားသလဲ ဆိုတာကို အရမ်းစိတ်ဝင်စားနေတာပဲဖြစ်သည်။

"အစ်ကိုကြီး အခြေအနေ သိရအောင် စစဆီ ကျွန်တော်ဖုန်းဆက်လိုက်ရမလား"

"အာ ... မဆက်နဲ့လေ။ မိန်းမဆိုတာ အင်မတန် ပါးနပ်တာကွ။ မင်း စကားအစ်လိုက်တာကို စစက မရိပ်မိနိုင်ဘူးလို့ အာမ,မခံနိုင်ဘူး။ ငါ သိချင်နေတာက ဘယ်လိုဖြစ်လို့ ငါ့မိန်းမနဲ့ မင်းမိန်းမ ဆက်စပ်မိသွားသလဲဆိုတာ စဉ်းစားမရတာ။ တော်တော် ထူးဆန်းတယ်ကွ"





အစ်ကိုကြီး ကိုယ်တိုင်ကိုက ဒီကိစ္စကို စိတ်ဝင်စားနေတာမို့ သူက ပိုပြီးသိချင်သွားမိသည်။ စစနဲ့ အစ်ကိုကြီးမိန်းမ ဘယ်လိုသိနေသလဲဆိုတာ သူတို့ သိရဖို့ သူက ဖျတ်ခနဲ idea ရသွားတာမို့ အစ်ကိုကြီးကို အသည်းအသန် ပြောလိုက်၏။

"ဟား ... ဟုတ်ပြီ အစ်ကိုကြီး။ စစနဲ့ အစ်ကိုကြီးမိန်းမ ဘယ်လိုသိကြသလဲ သိရအောင် ထမင်းစားပွဲတစ်ခု စီစဉ်လိုက်မယ်လေ။ ကျွန်တော်တို့ ထိပ်တိုက်တွေ့လိုက်ပြီဆိုတော့ တစ်ခုခုတော့ သိလာမှာပဲ။ အဲဒါ မကောင်းဘူးလား"

"အာ ... ဟုတ်ပြီ၊ အဲဒါ အကောင်းဆုံးပဲ။ ခေါင်းစဉ်က ငါ့အလုပ်အောင်လို့ မင်း ကူညီခဲ့တဲ့အတွက် တစ်ဝိုင်းစီစဉ်တာ။ အဲဒါဆို ယုတ္တိလည်းရှိတယ်။ ကောင်းတယ် ဂုဏ်ရှိး"

"ဟုတ်တယ် အစ်ကိုကြီး။ အဲဒါဆို ချမယ်လေ။ ကျွန်တော် ကျွေးမယ်နော်"

"ဟေ့ကောင် ... မင်းကျွေးမယ်။ ငါ ကျွေးမယ် လုပ်မနေနဲ့။ အရေးကြီးတာ ပွဲဖြစ်ဖို့ပဲ။ မင်းသာ မင်းမိန်းမကို ရအောင်ခေါ်ခဲ့။ မနက်ဖြန်ညနေလောက်ဆို အဆင်ပြေ



Scanned by CamScanner

တယ်။ အေးရာအေးကြောင်း ဖြစ်မယ်။ တစ်ဆိုင်ဆိုင်ရွေးလိုက်မယ်လေ။ မင်းမိန်းမကို စည်းရုံးထားလိုက်"

ဂုဏ်ရှိုးက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ အဲဒါတော့ သူလည်း စိတ်ဝင်စားလေသည်။ ဘယ်လိုမှ ဆက်စပ်မှု မရှိလောက်ဘူးလို့ ထင်ထားတဲ့ စစနဲ့ ကိုမင်းယံ အမျိုးသမီးဟာ သိနေကြသည်။ ဘယ်လို သိနေကြသလဲ ဆိုတာကိုတော့ ညနေပြန်ရောက်မှပဲ စစကို အစ်အော်က်မေးကြည့်ရတော့မှာပဲဖြစ်သည်။

ꩥ ○ ꩥ





သူတို့ရဲ့ ဒီကနေ့တွေ့ဆုံပွဲဟာ စည်စည်ကားကား စိုစိုပြည်ပြည်လေး ရှိပေသည်။ အစ်ကိုကြီး ကိုမင်းယံရဲ့ဒင်နာ ဖိတ်ကြားမှုကို စစကလည်း အသာတကြည် လက်ခံသလို ကိုမင်းယံအမျိုးသမီးနှင့် တိုက်ဆိုင်စွာ သိနေတာကိုလည်း အစ်အောက်မေးစရာတောင် မလိုဘဲ အသာတကြည်ဘဲ ဖွင့်ပြောပြတာ ဖြစ်သည်။

"စစနဲ့ မမချိုက ရင်းနှီးပြီးသား ကိုကိုရဲ့။ အန်တီမေနဲ့ မမချိုက သူငယ်ချင်းတွေလေ။ စစနဲ့ နဂိုတည်းက ခင်နေတာ။ အခုတော့ ကိုကို့သူငယ်ချင်း ကိုမင်းယံနဲ့ပါ အသိဖြစ်သွားတာပေါ့"

သူတို့က စကားပြောရင်း ဆိုရင်းနဲ့ စားကြသောက်ကြဖြင့် အဆင်ကို ပြေနေတာပဲဖြစ်သည်။



Scanned by CamScanner

"နောက်လည်း ကိုမင်းယံပါ အိမ်လာခဲ့လေ။ မမချိုနဲ့က တော့ စစက မကြာမကြာတွေ့ဖြစ်တယ်။ ဒီတစ်ခါ မမချို တို့ လင်မယားကို စစတို့က ပြန်ဧည့်ခံမယ်။ ဪ ... ဒါနဲ့ ကိုကိုနဲ့ ကိုမင်းယံက သိတာ ကြာပြီလား"

"အင်း ... ကြာပြီ။ ကိုကြီးက ကိုယ့်စီနီယာလေ။ အရမ်း ကိုခင်ဖို့ ကောင်းတာကွ"

"ဟုတ်တယ် စစရေ။ ကိုမင်းက သိပ်အပေါင်းအသင်း မက်တာလေ။ အရမ်းကို သဘောကောင်းတာ"

မမချိုက သူ့ယောကျ်ားကို အငေါ့တူးပြောလိုက် လျှင် စစကလည်း အတိုင်အဖောက်ညီညီ ဝင်ပြောလေ၏။

"ဟုတ်လား။ အဲ့ဒါဆို ကိုကိုလို့ပဲပေါ့။ သူလည်း အဲဒီလို ပဲ။ အပေါင်းအသင်းတွေနဲ့များဆို အိမ်က စစကိုတောင် မေ့နေတာ"

"အာ ... စစကလည်းကွာ။ လူစုံတုန်းလေး ရှင်းပြတာပါ ဆိုသလို ဖြစ်နေပါပြီ ... ဟား ဟား"

စစတို့က သဘောတကျဖြင့် တဟားဟား ရယ်နေ ကြချိန်မှာ သူတို့နောက်က လှမ်းခေါ်သံကို ကြားရတော့ သူကော အားလုံးကပါ အဲဒီခေါ်သံဆီ အာရုံရောက်သွားကြလေသည်။





-"ကိုမာန်နဲ့ ကိုကြီးပါလား"

သူက ရုတ်တရက် ရောက်လာနှုတ်ဆက်တဲ့ ကောင် မလေးကို တစ်ချက်ရှိုးလိုက်သည်။ ဟား ...။ အမ်မရုတ်ချို။ သူ က မျက်လုံးပြူးဖြင့် အစ်ကိုကြီးကို လှမ်းကြည့်လိုက်လျှင် စီနီ ယာကြီးက တကယ်ပဲ pro ပီသစွာ အေးဆေးနှုတ်ဆက်နိုင်တာ ဖြစ်သည်။

"ဟား ... အမ်မရုတ်။ ဒင်နာလာစားတာလား"

"ဟုတ်တယ်။ မနက်ကမှ ချောင်းသာက ပြန်ရောက် လာတာလေ။ အခု သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ဖို့ ချိန်းထားတာ။ ကိုမာန် ... နေကောင်းတယ်နော်"

ဂုဏ်ရှိုးက မချိသွားပြပုံစံမျိုးဖြင့် အင်းဆိုပြီး ခေါင်း ညိတ်ပြလိုက်သည်။ ဘုရား ... ဘုရား ... အမ်မရုတ်ချို တစ် ယောက် သူ့နာရီနဲ့ ပိုက်ဆံအိတ်ကိစ္စ ပြောလိုက်ရင် ... သူ့ရှောခ် ကကြီးသွားမှာပဲဖြစ်သည်။

"အိုခေ ... အေးဆေးစားကြဦး။ ချို သွားလိုက်ဦးမယ်"

"ဟုတ်ပြီ ... see u ။ တာ့တာ"

အစ်ကိုကြီးကတော့ အေးရာအေးကြောင်းပင် အမ်မရတ်ချိုကို ပြန်လည်နှုတ်ဆက်လေ၏။ တော်သေး၏။ ဟိုဆော်က အေးရာအေးကြောင်း အလိုက်သိတတ်သူမို့ တော်သွားတာဖြစ်သည်။

"ဘယ်သူလဲ ကိုကို။ မြင်ဖူးသလိုပဲ"

"ဩော် ... ဟို ... ဟို ... အစ်ကိုကြီး ... ကျွန်တော်လည်း သူ့ကို မြင်ဖူးသလိုလိုပဲ၊ ဘယ် ... ဘယ်သူလဲဗျ"

သူက ဆက်မရှင်းတတ်တော့တာမို့ အစ်ကိုကြီးကို စစ်ကူခေါ်ရတော့သည်။ သူ အထစ် အထစ် ဖြစ်နေတဲ့ ကိစ္စကို ကိုမင်းယံက ဝင်ရှင်းပေးရတော့၏။

"အဲဒါ ဟိုတစ်ခါ ငါတို့ အလုပ်ကိစ္စမှာ အကျိုးဆောင်ဝင်လုပ်ပေးတဲ့ ကောင်မလေးလေ။ မင်း မမှတ်မိဘူးထင်တယ်"

ဟိုက်ရှားပါး။ တော်လိုက်တဲ့ အစ်ကိုကြီး။ သူက တစ်ချက်တည်းနဲ့တင် ရေရေလည်လည် ဂါသွားရသည်။ အဲဒီတော့မှ သူက အာသွက်လျှာသွက် ဖြစ်သွားရတော့သည်။





"အာ ... ဟုတ်သားပဲ။ အဲဒါကြောင့် မြင်ဖူးတယ် ထင်နေတာ။ စစကကော ဘယ်လိုသိတာလဲ။ သိလို့လား"

သူက အကြောင်းဝင်ရိုက်ကာ ခပ်တည်တည်ပြောလိုက်လျှင် စစက တွေခနဲ ဖြစ်သွားကာ ခေါင်းတစ်ချက်ညိတ်ပြပြီး ...

"အင်း ... စိတ်ထင်တာ နေမှာပါ။ ထားလိုက်ပါတော့။ မမချို ... ဟင်းတွေထည့်စားလေ။ ကိုမင်းယံကောပဲ။ စစက ပြန်ညှိခံနေရတယ့် အဟင်း"

စစက ဟင်းပွဲတွေဆီ အာရုံရောက်သွားချိန်မှာ အစ်ကိုကြီးနဲ့ သူက မျက်လုံးချင်း တစ်ချက်ဖမ်းဆုံကာ ကိုယ့်ဘာသာ ပြုံးမိသွားသည်။ ပြီးတော့ ကိုယ့်ဘာသာလည်း ရယ်ချင်မိသွား၏။ ဩော် ... သူလည်း မိန်းမရပြီးကတည်းက မုသာဝါဒကို ကန်ထရိုက်ဆွဲထားရပါကောလား။

အဲဒီလိုဖြင့် စားပြီးသောက်ပြီးလို့ အစ်ကိုကြီးတို့ လင်မယားကို နှုတ်ဆက်ကာ ပြန်လာချိန်မှာ ကားပေါ်ရောက်လို့ ဘယ်လောက်မှ မကြာသေး စစက စကားစလာ၏။

"ကိုကို ... ခုနက အမျိုးသမီးကို စစ မြင်ဖူးနေသလိုရှိတယ် ... သိလား"



Scanned by CamScanner

စစရဲ့ မြင်ဖူးသလိုရှိတယ်ဆိုတဲ့ စကားမှာ ရင်ခုန်နေရသူက သူပဲဖြစ်သည်။ အဲဒီနေ့ညက KTV ခန်းထဲလည်း ဖြစ်နေတာမို့ မှိုင်းပျပျ ဒစ်စကိုမီးတွေကြားမှာ အမ်မရတ်ချိုကို စစမြင်ခဲ့တာမို့ ရေးတေးတေး ဖြစ်နေတာကို စစ မှတ်မိသွားမှာစိုးတာကြောင့် သူက အာရုံဖျောက်ပေးပစ်ရ၏။

"ဟုတ်လား။ ကိုကိုကပြင့် သူ့ကို သေချာတောင် မမှတ်မိပါဘူးကွာ။ စစ စိတ်ထင်တာတို့ လူတူတာတို့ဖြစ်ရင်ဖြစ်မှာပေါ့။ ဪ ... စစ ... ဘယ်သွားဦးမလဲ။ ကိုယ်တို့ တစ်နေရာရာ သွားမလား"

"ဟင် ... မိုးပဲချုပ်နေပြီ။ ကိုကိုက ဘယ်သွားချင်သေးလို့လဲ"

"အမ်း ... အခု ရှစ်နာရီထိုးပြီဆိုတော့။ အာ ... ဟုတ်ပြီ။ ရှေ့ဆောင်မှာတင်တဲ့ သရဲကားကောင်းတယ် ပြောတယ်။ ၉း၃၀ ပွဲ ကြည့်မယ်လေ။ ကိုကိုတို့ နှစ်ယောက် ရုပ်ရှင်သွားမကြည့်တာ ကြာပြီဟာ။ ဘယ်လိုလဲ ချစ်သဲလေး ကြည့်မယ်နော်"





"အင်း ... ကြည့်တာက ရပါတယ်။ ဒါပေမဲ့ သရဲကားကြီးတော့ မကြည့်ချင်ပါဘူး။ ညဘက်ကြီးဟာ ကိုကိုကလည်း"

စစက အင်း ... အဲ လုပ်နေရင် သူက ရယ်ကျဲကျဲဖြစ်သွား၏။ ဟုတ်သားပဲ။ စစက တခြားနေရာတွေမှာသာ brave ဖြစ်ပေမယ့် သရဲတော့ ကြောက်တတ်တယ်ဆိုတာ သူမေ့သွားတာဖြစ်၏။ ဒါပေမဲ့ အဲဒါ ခွင်ပဲ။ ခုတလောမှာ သူနဲ့စစက တကျက်ကျက် ဖြစ်နေတာ။ သရဲကားကြည့်ရတာ ကြောက်လို့ ရုံထဲမှာ သူ့အနား တိုးတိုးလာမယ့် စစရဲ့ပုံစံလေးကို မြင်ယောင်လာမိလျှင် သူက ဒီအစီအစဉ်ကို မရွှေ့ချင် ဖြစ်သွားရ၏။

"အာ ... စစကလည်းကွာ။ ကိုကိုက အဲဒီကား အရမ်းကြည့်ချင်နေတာ။ ကိုယ်ကြိုက်တဲ့ရုပ်ရှင်ကို ကိုယ်ချစ်တဲ့မိန်းမနဲ့ အတူကြည့်ချင်တာပေါ့လို့။ ဘာလဲ ... စစက မလိုက်လျောချင်ဘူးလား ဟုတ်လား"

သူက ဂျီနည်းနည်းကျလိုက်လျှင် စစက ဟက်ခနဲ တစ်ချက်ရယ်ကာ သူ့ပါးတစ်ဖက်ကို လက်ဖြင့်တွန်းပစ်ရင်းက ...

"ဟား ဟား ... အဲဒါ ဘာဖြစ်သွားရတာလဲ။ ကလေးကျနေတာပဲ"



Scanned by CamScanner

"ဟင် ... ကိုကိုက ကလေးပဲဟာ။ စေကေ ကိုကို့ရဲ့အုပ်ထိန်းသူလေ။ ကလေးဂျီကျတာကို လိုက်လျောပေးရမယ် နော် ... နော်"

"အိုခေ ... ပြီးရော ... ပြီးရော။ ကိုကို့သရဲကားက အရမ်းကြောက်ဖို့ ကောင်းလားဟင်"

"ဟင် ... ကိုယ်ရှိနေတာပဲဟာ။ ကြောက်စရာကောင်းလည်း ဘာဖြစ်လဲ။ ကိုယ့်ကို ဖက်ထားပေါ့"

"ဟီတ် ... ရောက်လာပြီ။ မကြည့်ဘဲ နေမှာနော်"

စေကေ အဲဒီလိုမျိုး ကျပြန်တော့လည်း အရမ်းကို ချစ်စရာကောင်းနေပြန်၏။ သူဟာ သူ့ရဲ့ရင့်ကျက်ချင်ယောင်ဆောင်ထားတဲ့ ချစ်ဇနီးလေးကို အရမ်းကို ချစ်မြတ်နိုးမိစွာဖြင့် ရှုမိသွားသည်။

"အာ ... နောက်တာ။ နောက်တာ။ ကြည့်မယ်နော်။ မွှ"

စေရဲ့ မျက်စောင်းကြည်ကြည်လေးတစ်ခုက ဒိုင်းခနဲ ရောက်လာ၏။ သူဟာ ရင်ခုန်သံများ ပွေ့ပိုက်ရင်း ညခင်းတွေကို ချစ်သူနဲ့အတူ ဖြတ်သန်းဖြစ်သည်။

❦ ○ ❦





ချစ်တတ်တဲ့စိတ် ရှိနေလို့
မနာလိုစိတ် ရှိနေတာဆိုရင်
အချစ်နဲ့ ဂျေက အိမ်နီးချင်းတွေပဲ။
ချစ်လွန်းလို့ ဂျေဝင်တာယ်။



## ၁၃

"နင် ကြိုက်တယ်ဆို ပြီးတာပဲ။ ငါ့သယ်ရင်းလေးအတွက်ပဲ ဒီလောက်တော့ အပင်ပန်းခံရမှာပေါ့ မဟုတ်ဘူးလား"

တွယ်တာ မင်္ဂလာဆောင်အတွက် စိတ်ရောကိုယ်ပါ နှစ်ပြီး ကူညီနေရတာအတွက် စစက ပီတိဖြစ်ရလေသည်။ အခုလည်း စစရဲ့မိတ်ဆွေ မာမိဆီမှာ မိတ်ကပ်အတွက် ဒိတ်ချိတ်ခဲ့ပြီး ပိုက်ဆာလာတာနဲ့ Lotteria မှာ လာဝင်စားနေကြတာဖြစ်သည်။

"နင်တစ်ယောက်တည်း ငါ့ အတွက် အပင်ပန်းခံတာ။ ယူမယ့်ယောက်ျားကတော့ အရမ်းကို ယူချင်စရာကောင်းတယ်။ မိတ်ကပ်ဒိတ်ချိတ်ဖို့တောင် မလိုက်ပေးနိုင်ဘူး။ ငါ ဒေါသထွက်လိုက်တာ ပြောမနေနဲ့။ ငါတော့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ မှားပြီလား မသိပါဘူး စစရယ်"





"နင်ကလည်းဟယ်။ ကိုသူက နင့်ကိုချစ်ပါတယ်။ သူလည်း အလုပ်ကိစ္စ တကယ်အရေးကြီးလို့ နေမှာပါဟဲ့။ နင့်လို ဇီဇာကြောင်သူကြီးကို ကိုသူ ယူတာ ကံကောင်း ဟွန်း။ နင်တို့ ဒီလောက် တကျက်ကျက် ဖြစ်ကြတာတောင် နင့်ဘဲကြီးက နင်မှနင် ဖြစ်နေတာ။ မိန်းမ ... သူ့ပဲ မရရင် သေမလို ဖြစ်နေပြီး လာပဲမများမနေနဲ့"

စစက အကြောင်းသိပိပိ ပဲမျှားနေတဲ့ တွယ်တာမကို ပြောလိုက်လျှင် တွယ်တာက မျက်နှာကြီးရှုံ့မဲ့ကာ ခွက်ထဲက ရေတွေကို အကုန်မော့ချလိုက်ပြီးမှ အီးပုန်နေတဲ့ရုပ်နဲ့ ...

"နင်နော် ... နင်မသိတာတွေ ရှိသေးဘယ်။ ကိုသူက ငါ့ကိုချစ်တယ်ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့လေ ငါ ကြောက်နေတာ လက်ထပ်ပြီးသွားရင် အဲဒီလို တကျက်ကျက် ဖြစ်နေမှာကိုဟ။ ကိုသူက နင့်ယောက်ျားလို မဟုတ်ဘူး။ သင်းက ရည်းစားဘဝကတည်းကိုက ငါက လွှဲရင် အကုန်လုတယ် ဖြစ်နေတာ။ ယူပြီးသွားရင် ငါက စိတ်ချမ်းချမ်းသာသာပဲ နေသွားချင်တာ"



Scanned by CamScanner

မင်္ဂလာမဆောင်ရသေးခင်မှာ worry တွေများကာ ဟိုပူဒီပူဖြင့် စိတ်ညစ်နေရှာသော ဒီချစ်သူငယ်ချင်းကို စစက စိနိုယာပီပီ လက်ချာတွေ ရိုက်နေရတာဖြစ်သည်။ ဘာပဲဖြစ်ဖြစ် တွယ်တာ့အတွက် ကိုသူက အဆင်ပြေတယ်လို့ စစကတော့ မြင်သည်။

"ဩော် ... နင်က ပူစရာမရှိ လျှောက်တွေးပူနေတာပါ။ နင်နဲ့ ကိုသူက ချစ်လို့ယူကြမှာပဲဟာ။ ဘာအဆင်မပြေစရာရှိလဲ။ ငါ့တုန်းကဆို မေမေတို့ ပေးစားလို့ ယူရတာ။ ဘာမှ ကိုကို့အကြောင်း ဂဃနဏ သိတာတောင် မဟုတ်ဘူး။ ယူခါနီး လူကြီးတွေ ဆုံပေးမှ တစ်ယောက်နဲ့တစ်ယောက် ကြိုက်သွားတာလောက်ပဲ ရှိတာ။ နင်တို့က ဒီလောက် တစ်ယောက်အကြောင်း တစ်ယောက်သိနေတာ။ ဘာမှစိတ်မပူနေနဲ့။ ယူလိုက်။ နင့်အရွယ်က အပျိုဟိုင်းကြီးအရွယ် ရောက်နေပြီ တွယ်တာမရဲ့"

"ဟင် ... နင်ကတော့ လှော်ပေးမယ် ဆိုတာချည်းပဲ။ ကဲ... ယူပြီးမှ တစ်ချိန်လုံး ရန်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"





"တောက် ... တွယ်တာမ။ နင့်ရည်းစားမရစ်ရလို့ ငါ့လာရစ်နေတာလား။ နင်တို့ အခုပဲ ယူဖို့ ဖိတ်စာတောင်ဝေနေပြီ မဟုတ်ဘူးလား။ အခုမှ အိုးအဲလုပ်မနေနဲ့။ ရန်ကတော့ဟယ်။ လင်မယားဟာ လျှာနဲ့သွားလိုပဲလေ။ ကိုက်မိတဲ့အခါမျိုးတော့ ရှိတာပေါ့ဟဲ့။ ရည်းစားဘဝကလို တွေ့တုန်းခဏ ချိုမနေနိုင်တော့ဘူးလေ။ ဒါပေမဲ့လည်း ချစ်လို့ယူထားတာပဲဟာ။ ဒီလိုပဲ အဆင်ပြေသွားတာပဲ။ ဟဲဟဲ ... ရည်းစားဘဝတုန်းကတော့ အလကားနေရင်း အကြည့်ချင်းဆုံတယ်။ ဟော ... အိမ်ထောင်သည်ဘဝရောက်တော့ အကြည့်ချင်းဆုံလည်း အလကား ဖြစ်ကောတဲ့။ ဒီလိုပါပဲ။ သယ်ရင်း ... ကြောက်မနေနဲ့။ Carry on"

"စစမ ... နင် ငါ့ကို အားပေးနေတာလား။ ခြိမ်းခြောက်နေတာလား။ နဂိုကမှ ကိုသူနဲ့ ငါက တကျက်ကျက်ဟာ။ အဲလိုသာဆို သေပြီပေါ့"

စစက အံချွန်နဲ့ မ,လိုက်တာကို တွယ်တာက စိတ်ပျက်သံကြီးဖြင့် ပြောတာမို့ စစမှာ သဘောတကျ အော်ရယ်မိရသည်။



Book Sharing

Scanned by CamScanner

"ဟား ဟား ... နင့်ကို နောက်နေတာ။ ဘာမှ worry တွေ ဖြစ်မနေနဲ့။ နင့်ကို ကိုသူ ချစ်တယ်ဆိုတာ ငါတို့တောင် သိတယ်။ သူက ပါးစပ်ကသာ နင့်ထက် ဟိုသူလှတယ်။ ဒီသူလှတယ် ပြောနေတာ။ တကယ်တမ်း သူ နင့်နားက ခွာနိုင်လို့လား။ အဲဒီကတည်းက အဖြေက ရှင်းနေပြီပဲ ဟာ"

"အေးပေါ့လေ။ ငါ့ကံပေါ့။ ငါကလည်း သူ့ပဲချစ်တာကိုး။ ကိုသူသာ နင့်ယောကျ်ားလိုမျိုး ငါ့ကို ချစ်မယ်ဆို ငါ ဒီလောက် သူ့ကို အချိန်ဆွဲ စဉ်းစားနေမှာ မဟုတ်ဘူး"

တွယ်တာက စစတို့ လင်မယားကိုဆို အားကျအတု ယူနေသူဖြစ်သည်။ အဲဒီအတွက်လည်း အရမ်းဂုဏ်ယူရလေသည်။ ကိုကိုဟာ စစ အတွက် ပွဲလယ်တင့်စေတဲ့ အမျိုးသားဖြစ်၏။ ဘယ်တော့ပဲဖြစ်ဖြစ် စစ အမျိုးသားက စစကို အရမ်းချစ်တာပဲ နော်၊ အရမ်းဂရုစိုက်တာပဲနော် စသဖြင့် အကောင်းတွေသာ ဂုဏ် တပ်ခံရတာမျိုးဖြစ်သည်။

"ကိုသူကလည်း ချစ်ပါတယ် တွယ်တာရယ်။ ယောကျ်ား တွေက သူတို့ချစ်လို့ ယူထားတဲ့ မိန်းမအပေါ် သစ္စာစောင့်





သိကြတယ်တဲ့။ နင့်ဘက်ကလည်း ချုပ်ဝတ်ဖို့ လိုတာပေါ့ ဟာ။ ငါ့ယောကျ်ားဆို ငါစိတ်ဆိုးမှာကြောက်လို့ အိမ်ပြန် ချိန် နောက်မကျရဲဘူးလေ။ Right time ပဲ။ အဲဒါကလည်း သစ္စာစောင့်သိနည်း တစ်မျိုးပေါ့"

စစက ကိုကို့အတွက် ဂုဏ်ယူမော်ကြွားစွာ ပြော နိုင်တာတွေအတွက် စိတ်ထဲမှာ အရမ်းပဲ ကျေနပ်ရလေသည်။ စစက ကိုကို့အကြောင်း ပြောနေတုန်း မြင်ကွင်းထဲမှာ ကိုကို့ကို တွေ့လိုက်တာမို့ ကြည့်မိသွားလျှင် အဲဒါဟာ စိတ်ထင်လို့မဟုတ် ဘဲ တကယ်ကြီး ကိုကို အစစ်ဖြစ်နေတာ ဖြစ်သည်။ ကိုကိုက ဒီကို ဘာလာလုပ်တာပါလိမ့်။ ပြီးတော့ ကိုကို့ဘေးမှာပါလာတဲ့ တစ်ယောက်က ... တစ်ယောက်က။ စစကို အဲဒီမြင်ကွင်းဟာ အရမ်းပဲ မှင်တက်သွားစေပါသည်။

ကိုကို့ဘေးက အမျိုးသမီးဟာ မနေ့ကတင် ကိုကို မမှတ်မိဘူးလို့ ပြောထားတဲ့ တစ်ယောက်။ အခု ဒီမိန်းမနဲ့ ကိုကို က ဘာလို့ နှစ်ယောက်တည်း ရှိနေတာလဲ။

"စစ ... သူ့အလုပ်ကိစ္စ နေမှာပေါ့ဟဲ့။ ငါတို့ ပြန်ရ အောင်လေ"



Scanned by CamScanner

တွယ်တာက ဟိုဘက် ဒီဘက် အနေအထားကို သတိထားမိကာ ပြန်ဖို့ပြောလျှင် စစက ခေါင်းအသာယမ်းပြသည်။ ဘာဖြစ်လို့ ကိုကို လိမ်တာလဲ။ ပြီးတော့ စစတို့နဲ့မလှမ်းမကမ်းဝိုင်းမှာ ထိုင်နေတာကို စစကို မမြင်နိုင်အောင် မွှန်နေကြတာလား။

"ဟဲ့ ... စစ ... နင် အဲဒီလောက်ကြီး ပြူးပြဲကြည့်မနေနဲ့လေ။ ကိုရီးက သူ့အလုပ်ကိစ္စ နေမှာပါဟယ်။ ပြန်ရအောင်"

"မပြန်သေးဘူး တွယ်တာ။ ငါ ဘာလဲဆိုတာ အဖြေထုတ်ရဦးမယ်။ နင် အသာနေ"

စစက စိတ်ထဲမှာ တနုံ့နုံ့ ဖြစ်နေကာ အဲဒီဝိုင်းကို ကြည့်နေချိန်မှာ အဲဒီမိန်းမက ကိုကို့ရှေ့ကို သူ့အိတ်ထဲက နာရီနဲ့ပိုက်ဆံအိတ်ကိုထုတ်ကာ ကိုကို့ရှေ့ တွန်းပေးလိုက်သည်။ ဘာတွေလဲ။ စစက အဲဒီအိတ်ကို လှမ်းကြည့်လိုက်လျှင် လုံးဝကို သေချာသွားသည်၊ ဒါ ကိုကို့ပိုက်ဆံအိတ်။ အဲဒါဆို ဟိုဘက်က နာရီကလည်း ...။ အဲ ...။ အခုမှ စစက သတိရမိသွားသည်။ ဒီတလောမှာ ကိုကို ဒါကြောင့် နာရီမပတ်တာကိုး။ ဒီမိန်းမလက်ထဲကို ကိုကို့နာရီနဲ့ ပိုက်ဆံအိတ်က ရောက်နေတယ်ဆိုတော့ ...





ဒါဟာ။ စစက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ခဲ၍ အဲဒီမိန်းမကို ထပ်ကြည့်မိလိုက်သည်။ ကိုကို့ကို ရယ်ပွဲတွေဖွဲ့ကာ ဟန်ပန်အမူအရာတွေနဲ့ စကားပြောနေတဲ့ ဒီမိန်းမဟာ ...။

စစရဲ့ မှတ်ဉာဏ်အချက်ပေးခေါင်းလောင်းက ထမြည်လာသလိုမျိုး လင်းခနဲ ဖြစ်သွားကာ အဲဒီမိန်းမကို စစ မှတ်မိသွားသည်။ အဲဒီမိန်းမက ကိုကို့ကို သွားခေါ်လာခဲ့တဲ့ KTV က။ အဲဒီနေ့က ကိုကို့ဘေးနားမှာ ရှိနေတဲ့ တစ်ယောက်။ မနေ့က စစတို့နဲ့ ထိပ်တိုက်လာဆုံတဲ့ အချိန်မှာ မသိဘူး မမှတ်မိဘူးလို့ ကိုကိုက ဘာလို့ လိမ်ရတာလဲ။

စစသည် စကားပြောကောင်းနေသော အဲဒီနှစ်ယောက်ကို ကြည့်ကာ အသည်းတွေ ပေါက်ထွက်မတတ် ခံစားရလေသည်။ လိမ်တယ်။ သစ္စာဖောက်တယ်။ ဒီလောက်ထိ သေချာနေတဲ့ ဖြစ်စဉ်အတွက် စစဟာ ဘယ်လိုမှ သည်းညည်းခံနိုင်စွမ်း မရှိတော့ကာ မျက်လုံးတွေ ပြာနှမ်းသွားသည်အထိ ဒေါသအရှိန်တွေ တက်နေတာမို့ စစက တစ်ခုခုလုပ်ပစ်ဖို့ ဝုန်းခနဲအထမှာ ဆိုင်ထဲက လူအားလုံးက စစဆီမှာ အကြည့်ဆုံလာသလို တွယ်တာကလည်း စစကို အတင်းကို ဆွဲခေါ်ထုတ်လာ၏။

"စစ ... ငါ တောင်းပန်ပါတယ်ဟာ။ လာပါ ... လူကြား ထဲမှာ မကောင်းပါဘူး။ နင် အဲဒီလို စိတ်လိုက်မာန်ပါ မလုပ်စမ်းပါနဲ့ဟာ ... လာ"

"နင် ... ဖယ် ... ငါ့ကို မဆွဲနဲ့"

စစတို့ရဲ့ ရှန်းရင်းဆန်ခတ် အခြေအနေကို သူတို့ နှစ်ယောက်ကလည်း သေချာပေါက် မြင်သွားကာ သူက အရမ်း ကို သွေးပျက်ချောက်ချားစွာသော အမူအရာဖြင့် စစဆီ အမြန် လာလေသည်။

"စစ ... မဟုတ်ဘူး၊ ကိုယ်ရှင်းပြ ..."

"ကိုရိုး ... ကျွန်မ စစကို ခေါ်သွားမယ်။ ဒီနေရာမှာ ရှန်း ရင်းဆန်ခတ် မလုပ်ပါနဲ့။ စစ ... လာ သွားမယ်"

တွယ်တာက စစကို ဆိုင်ထဲကနေ အတင်းဆွဲခေါ် ထုတ်လာ၏။ စစက အနီးကပ်မြင်လိုက်ရတဲ့ အနေအထားအတွက် အရမ်းကို ဆွံ့အ်နေကာ စနက်တံဖြုတ်လိုက်ပြီဖြစ်တဲ့ မကြာခင် စက္ကန့်ပိုင်းအတွင်းမှာ အပြင်းထန်ဆုံး ပေါက်ကွဲတော့မယ့် ဗုံးတစ် လုံးလို အနေအထားမျိုးမှာ ရှိလေသည်။





ရက်စက်လိုက်တာ။ ရက်ရက်စက်စက် နောက်ကျော ကို ဓားထိုးခံရမှုအတွက် စစက နှလုံးသားတွေ အစိတ်စိတ် အမွှာမွှာ အကွဲခံကာ အဆုံးစွန် မုန်းပစ်မှာဖြစ်သည်။ စစအချစ် အတွက်ကို သစ္စာဖောက်တဲ့ ဒီယောကျ်ားကို စစ အရမ်းမုန်းပါ သည်။

❦ ○ ❦



Scanned by CamScanner

"ရှင့်ကို လုံးဝမပေါင်းနိုင်ဘူး။ ကွာမယ်။ အခု ကွာမယ်"

တစ်အိမ်လုံး ပြောင်းဆန်ကာ အခန်းထဲကခေါင်းအုံးတွေက ကြမ်းပြင်တွေပေါ်မှာ ပလဲနေ၏။ ဂုဏ်ရိုးက ဘယ်လိုမှ ရှင်းမရအောင် ဒေါသတွေ ကြီးနေတဲ့ စစကို ဘယ်ကစလို့ ကျေလည်အောင် ပြောရမယ်မှန်းလဲ မသိပါ။ တကယ်ကို စိတ်ဆင်းရဲလှစွာ စစက သူ့ကို လုံးဝအနားကပ်မခံပေ။

"စစရယ် ... စစ အထင်လွဲသွားတာ။ ကိုကို ရှင်းပြတာလေးကို ခဏလေး နားထောင်ပေး"

"အဲဒီစကားတွေ ကျွန်မကို လာမပြောနေနဲ့၊ ရှင်ဖောက်ပြန်တဲ့ကိစ္စကို မေမေတို့ လာမှရှင်း"

"ဘယ်လို ...။ ဟား ... စ ... စစ ... မင်း ဒီကိစ္စကို မေမေတို့ဆီ မင်းသွားပြောလိုက်တယ် ဟုတ်လား"





"ဟုတ်တယ်၊ ရှင်နဲ့ မပေါင်းနိုင်တော့တဲ့ အကြောင်းကို လူကြီးတွေဆီ အသိပေးလိုက်တာ။ ခဏနေ လူကြီးတွေ ရောက်လာလိမ့်မယ်"

ဂုဏ်ရိုးက ဒေါသတကြီးဖြင့် တောက်တစ်ချက်ခေါက်လိုက်သည်။ ဟား ... ဘာလဲကွာ။ စစက ဒါတော့တရားလွန်သွားပြီ ဖြစ်သည်။ အမ်မရတ်ချိုနဲ့ သူ့ကို ဆိုင်မှာ တွဲတွေ့လိုက်သည့် အဖြစ်အတွက် လူကြီးတွေကိုပါ တိုင်လိုက်တယ်ဆိုတော့ လွန်သွားပြီဖြစ်သည်။

"မင်းကွာ။ ဘာကိစ္စ လူကြီးတွေကို တိုင်ရတာလဲ။ ဒီကိစ္စ မင်းနဲ့ငါ ရှင်း,ဖြစ်တဲ့ဟာ။ အခု မင်းလုပ်နေတဲ့ပုံက ငါက အိမ်ထောင်ရေး ဖောက်ပြန်နေတဲ့ပုံ ဖြစ်နေတယ်။ ခင်ဦးသစ်စ ... မင်း ငါ့ကို အရှက်ခွဲနေတာလား"

"မဟုတ်လို့လား။ ရှင်တို့ ဖောက်ပြန်နေတာပဲလေ"

"တော်တော့ ... မင်း ပါးစပ်ကို ပိတ်လိုက်တော့ စစ။ ခွန်းကြီးခွန်းငယ် ရန်ဖြစ်နေစရာ အကြောင်းမရှိဘူး။ ခု ဖြစ်တဲ့ကိစ္စအတွက် မင်းကို ကိုယ်ရှင်းပြမယ် ဆိုတာလည်း မင်း လက်မခံဘူး။ မင်း ဘာဖြစ်ချင်နေတာလဲ စစ"



Scanned by CamScanner

သူကပါ စိတ်ဝိုလာကာ စစကို ရဲရဲတောက်ရင်ဆိုင်ပစ်လိုက်သည်။ စစဟာ အရမ်းကို လွန်လွန်းလာပြီဖြစ်သည်။ သူ့ရဲ့စိန်ခေါ်သလို မေးခွန်းကြောင့် စစက သူ့ကို မီးဝင်းဝင်းတောက် အကြည့်တွေဖြင့် တန်ပြန်ကြည့်ကာ တစ်လုံးချင်းရှင်းလင်းစွာ ပြောလေသည်။

"ရှင်နဲ့ မပေါင်းနိုင်တော့ဘူး။ ကွာရှင်းပေးပါ"

"မကွာပေးနိုင်ဘူး။ မင်းကို ငါက ဘာကိစ္စကွာပေးရမှာလဲ။ အဓိပ္ပာယ်မရှိတာတွေ လာပြောမနေနဲ့ စစ။ မင်းကို ဘယ်တော့မှ မကွာပေးဘူး"

"ရှင်မကွာလည်း ကျွန်မကတော့ ကွာမယ်။ ရှင့်လို အိမ်ထောင်ရေးဖောက်ပြန်တဲ့ သူမျိုးကို လုံးဝလက်မခံဘူး။ ဘာမဟုတ်တဲ့ မိန်းမတွေနဲ့ ပလူးနေတဲ့ ရှင့်ကို ရွံတယ်"

"စစ ... တော်တော့ ... မင်း ... အား ..."

သူ့ရဲ့ဒေါသတွေက တဆုံးပေါက်ကွဲပစ်မိတော့မလို ဖြစ်ကာ စစကို လက်ရွယ်လိုက်စဉ် လေထဲမှာပင် အဲဒီလက်က တုံ့သွားချိန်မှာ ခပ်စူးစူးအသံက ပြေးဝင်လာ၏။

"မင်း ရပ်လိုက်စမ်း။ ဒါ ဘာလုပ်တာလဲ။ ရာရာစစ ... မင်းကများ ငါ့သမီးကို"





"မေမေ"

ဟား ... သွားပြီကွာ။ ပြဿနာကတော့ ပိုကြီးသွားပြီပဲ ဖြစ်၏။ စစရဲ့အမေက သူ့ကို ဒေါကြီးမောကြီး ပြောနေချိန်မှာ စစက သူ့အမေရင်ခွင်ထဲဝင်၍ ငိုလိုက်လျှင် အခြေအနေက ပိုဆိုးပြီဖြစ်၏။

"ဒီမယ် ... မောင်ဂုဏ်ရှိ။ မင်းကို အန်တီက မိကောင်းဖခင် သားသမီးအဖြစ် အသိအမှတ်ပြုထားတာ။ အခုတော့ မင်းလုပ်ရပ်က မင်းအဆင့်အတန်းကို ဖော်ပြနေတာပဲ"

"မဟုတ်ပါဘူး မေမေ။ ကျွန်တော် ရှင်း ..."

"သား ... မင်း အသာနေစမ်း။ ဒီမှာ ... သစ် ... မင်း ဘယ်လိုစကားပြောလိုက်တာလဲ။ ကလေးချင်း အခန့်မသင့်လို့ ဖြစ်ကြတဲ့ကိစ္စမှာ မင်းက တို့သားကို ဘယ်လိုပြောလိုက်တာလဲ"

အမေနှစ်ယောက်က တည်နေကြပြီ ဖြစ်သဖြင့် သူက မျက်လုံးပြူးရတော့သည်။ မဖြစ်ဘူး ...။ လူကြီးတွေပါ ပါကုန်ရင် အခြေအနေက ရှင်းလို့ကို ရတော့မှာမဟုတ်။

"ဟော့ ... နင့်သားကိုက ဖောက်ပြန်နေတာလေ"

"ဟဲ့ ... မသေချာဘဲနဲ့ ရမ်းမပြောနဲ့။ သား ... မင်းပြောစမ်း။ မင်း ဖောက်ပြန်နေတယ်ဆိုတာ တကယ်ပဲလား"

"ခဏလေး နေကြပါဦး မေမေတို့ရာ။ ကျွန်တော် တောင်းပန်ပါတယ်။ အမေ ... ကျေးဇူးပြုပြီး ကျွန်တော်ပြောတာ ဆုံးအောင်နားထောင်ပေးပါ။ စစ ကျွန်တော့်ကို အထင်လွဲနေတာပါ"

"အေး ... အဲဒါတွေ ငါမသိဘူး။ မင်း ဒါပေမဲ့ ငါ့သမီးကို ကိုယ်ထိလက်ရောက် ရိုက်နှက်စရာ ဘာအကြောင်းမှ မရှိဘူး။ ဒီမယ် ... ဂုဏ်ရှိးမာန်။ အန်တီ့သမီးက အင်မတန် စိတ်မာတဲ့သူ။ တော်ရုံ မျက်နှာတောင် မမဲ့တတ်တဲ့ ကလေးက အခု မျက်ရည်ပေါက်ကြီးငယ်ကျအောင် ငိုနေတယ် ဆိုကတည်းက မင်း ဘယ်လောက်တောင် ငါ့သမီးကို ခံစားစေရသလဲဆိုတာ ငါ တွေးကြည့်လို့ရတယ်။ ဒီမယ် မြမြရွှေ ... မင်းသားက အိမ်ထောင်ရေး ဖောက်ပြန်တယ်။ ငါ့သမီးကို ရိုက်ဖို့လက်ရွယ်တာလည်း မင်း အမြင်ပဲနော်။ အဲဒီတော့ မင်းသား လွန်တာ မင်း သိပါတယ်။ ငါတို့ဘက်က ဂုဏ်ရှိးမာန်ကို လုံးဝမကျေနပ်ဘူး"





"ဟဲ့ ... သားက အိမ်ထောင်ရေး မဖောက်ပြန်ဘူး။ စစ အထင်လွဲနေတာပါလို့ ပြောပြီးပြီဟာ။ ကလေးတွေ သူတို့ချင်း ရှင်းရမယ့်ကိစ္စမှာ မင်း ဝင်ပါစရာမလိုဘူး။ ပြီးတော့ ငါ့သားကိုလည်း ဘာမှပြောဖို့ ။လိုဘူး"

"ဘာ ... နင်ကများ"

လူကြီးတွေရဲ့စကားလုံးတွေက ပိုပြင်းထန်လာချိန်များ ကြားဝင်လာသူကတော့ စစပဲဖြစ်သည်။ စစက ငိုသံစွက်အသံဖြင့် ဝင်တားလာတာဖြစ်သည်။

"တော်ကြပါတော့ မေမေတို့ရယ်၊ စစ တောင်းပန်ပါတယ်"

"ကဲ ... သမီး ... နင်ပြော။ ဒီကောင့်ကို သမီး ဘာလုပ်ချင်လဲ။ မေမေ့ကိုပြော"

စစအမေက စစရဲ့ဆုံးဖြတ်ချက်ကို တောင်းလေလျှင် သူက စိုးရိမ်မှုကြီးစွာ စစကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဒါပေမဲ့ စစက သူ့ကိုတော့ဖြင့် မကြည့်ပါဘဲ အေးစက်တည်ငြိမ်စွာ ပြောလေသည်။

"သမီးတို့ကြောင့် မေမေတို့ လူကြီးချင်း ပြဿနာမတက်ပါနဲ့။ စစ ဆုံးဖြတ်ပြီးသားပါ။ စစ သူ့ကို မပေါင်းနိုင်တော့ဘူး။ သူနဲ့ ကွာရှင်းချင်တယ်"

"စစ ... မင်းကို မကျွေးနိုင်ဘူးလို့ ပြောပြီးပြီနော်"

ဂုဏ်ရိုးက သွေးရူးသွေးတမ်းဖြင့် ထအော်ကာ ကန့်ကွက်ပစ်လျှင် မေမေက သူ့လက်မောင်းကိုဆွဲကာ တားလိုက်ရင်း စစရဲ့ ရှေ့တည့်တည့်ကို လျှောက်သွားသည်။

"သမီးလေး စစ။ သမီး စိတ်ဆိုးနေတုန်းမို့ အလောတကြီး မဆုံးဖြတ်ပါနဲ့ဦး။ သားကို သမီး အထင်လွဲနေတာဖြစ်မှာပါ"

"စစ တကယ် သူ့ကို မပေါင်းနိုင်တော့လို့ပါ အမေ။ သူ ဘာအပြစ်ကျူးလွန်သလဲဆိုတာ သူသိပါတယ်။ သူ့ကို စစ လုံးဝခွင့်မလွှတ်နိုင်လို့ပါ"

"စစ ... မင်း မဟုတ်တာတွေ မပြောနဲ့။ ငါနဲ့ အမ်မရတ်ချိုက ဘာမှမဆိုင်ဘူး။ မင်းကို မကွာပေးနိုင်ဘူး"

"ကဲ ... တော်ကြတော့။ ဒီမယ် ... ဂုဏ်ရိုးမာန်။ အခုချိန်မှာ မင်း ဘာမှမပြောပါနဲ့။ သမီးကလည်း သူခံစားနေရတာကို ပြောတာပါ။ ကွဲကြ ကွာကြဆိုတာ ကလေးကစားသလို လုပ်လို့မရဘူး။ သမီးကို အခုချိန်မှာ မင်း ပြောနေလည်း အလကားပဲ။ ဒီတော့ ... အန်တီ့သမီးကို အန်တီ ပြန်ခေါ်





သွားမယ်။ မြ ... မင်းလည်း မင်းသားကို ပြန်ခေါ်သွားပါ။ ဒီကိစ္စက သွေးပူတုန်း ဆုံးဖြတ်လို့ရတဲ့ကိစ္စ မဟုတ်ဘူး"

စစကို အိမ်ပြန်ခေါ်သွားရင် စစက သူ့ကိုပို‌ဝေးသွားမှာပေါ့။ အဲဒီအသိကြောင့် သူက စစအာမေကို အသည်းအသန် တောင်းပန်ရလေသည်။

"စစကို ပြန်မခေါ်သွားပါနဲ့ အမေရယ်။ ကျွန်တော် သူ့ကို နားလည်အောင် ရှင်းပြပါ့မယ်"

"ခေါ်သွားမှ ဖြစ်မှာပေါ့။ မင်းက စကားပြောတာ ပါးစပ်နဲ့ပြောတာမှ မဟုတ်တာ။ ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းကို အန်တီကလည်း ဒေါသဖြစ်နေတာ။ ဒီတော့ အန်တို့သမီးကို အန်တီ ပြန်ခေါ်သွားမယ်။ မင်းတို့ဘက်က ဆွေးနွေးဖို့ လူကြီးစုံရာနဲ့လာမှ အန်တီ စကားဆက်ပြောမယ်"

"ဒီမှာ ... ဒီမှာ ... သစ်သစ်၊ မင်း တစ်ဆိတ် လွန်နေပြီ။ တို့သား မှားတယ်ထားဦး။ ကလေးချင်းဖြစ်တဲ့ ကိစ္စအပေါ် မင်းက ပုံကြီးပိုချဲ့လွန်းနေတာ၊ မင်း သိပ်ကြီးကျယ်မနေနဲ့၊ မင်းတို့က မိန်းကလေးရှင်နော်။ ဘယ်သူနစ်နာမလဲ



Scanned by CamScanner

မင်း စဉ်းစားဦး။ ခေါ်သွားပစေ သား။ မေမေတို့ဘက်က မှန်တဲ့အတွက် ဘာမှ တောင်းပန်စရာ မလိုဘူး"

"တော်ကြပါတော့။ မေမေ သမီးတို့ သွားရအောင်"

စစက တားမြစ်သလိုလေး ပြောရင်းက သွားဖို့ လောဆော်လိုက်လျှင် သူလည်း ဘယ်လိုမှ မတားနိုင်တော့ပေ။ စစရဲ့အလိုဆန္ဒအရ ထွက်သွားခါနီးမှာ သူက စစကို စကားတစ်ခွန်းတော့ ကြားအောင် ပြောလိုက်သည်။

"စစ ကိုယ် မဖောက်ပြန်ခဲ့သလို မင်းကိုလည်း မကွာပေးနိုင်ဘူးနော်"

စစက သူ့စကားအတွက် ခြေလှမ်းတုံ့ခနဲ ရပ်သွားပေမယ့် ပြန်လည်း မလှည့်လာသလို ဘာမှလဲ ပြန်မတုံ့ပြန်ဘဲ ရှေ့ကိုသာ ဆက်သွားလေသည်။ သူဟာ ရင်ထဲမှာ တအားဆို့နင့်လာကာ မျက်ရည်တွေတောင် ဝဲတက်လာမိသည်။

"သား ... ဘာမှ ခံစားမနေနဲ့။ ဒီလို မိန်းကလေးထက်သာတဲ့သူတွေမှ တပုံကြီး။ ဘယ့်နှယ်ဟယ် ... စစထက် သူ့အမေက ပိုကက်ကက်လန်နေတယ်။ သင်းနဲ့ တွေ့ဦးမယ်"





မေမေက သူ့ကို အားပေးရင်းက စစ အမေကို မကျေနပ်တာတွေ ပြောနေသည်။ သူ ဘာမှမကြားတော့။ သိလည်း မသိချင်တော့။ ဒီလိုအဖြစ်မျိုး ဘာအကြောင်းကြောင့် ဖြစ်ရတာလဲ။

သူနဲ့ စစ သိပ်ချစ်ပါရက် ဘာလို့ ဒီလောက်ထိ ကြီးကြီးမားမား ပြဿနာတွေ ဖြစ်နေရတာလဲ။

သူ့ဘဝထဲက ခင်ဦးသစ်စ ဆိုသော အမျိုးသမီး ခွဲခွာထွက်ခွာသွားချိန်မှာ သူ့နှလုံးသားဟာ အလုံးအလဲကို အောက်အများထိ ပြုတ်ကျကြေမွခဲ့ရလေသည်။

❦ ○ ❦



Scanned by CamScanner

စစနှင့် သူ့ရဲ့အိမ်ထောင်ရေးကို ဘာဖြစ်သွားမလဲလို့ သိချင်နေသူအတွက် ဒါဟာ ဝတ္ထုဇာတ်လမ်းတစ်ပုဒ်သာဖြစ်ခဲ့မည်ဆိုလျှင် သူဟာ ဇာတ်လမ်းကို ဖန်တီးတဲ့သူကို ရက်ရက်စက်စက် အပြစ်တင်မှာပဲ ဖြစ်သည်။ ဘယ်လို ဘယ်လိုမှ ထင်မှတ်မထားလောက်အောင် သူ့အပေါ်ကို ရက်စက်ခဲ့တဲ့ ဖန်တီးမှုကတော့ အစ်မရတ်ချို သူ့ကို ဘာလို့ ပတ်သက်ရတယ်ဆိုတဲ့ အချက်က အဓိကဖြစ်သည်။ စစကို သူ့မိဘတွေ ပြန်ခေါ်သွားပြီး နောက်နေ့ကစလို့ စစကို ရှင်းပြဖို့အတွက် အမ်မရတ်ချိုကို အကူအညီသွားတောင်းလျှင် သူမက ခါးခါးသီးသီးပင် ငြင်းလွှတ်လေသည်။

"ဆောရီးပဲ။ ဒီကိစ္စမှာ ချို မကူညီပေးနိုင်ဘူး။ ကူညီပေးစရာလည်း မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ ယူနဲ့ ချိုက ဘာအကန့်မှ ပတ်သက်မှု မရှိခဲ့ဘူးလေ။ အဲဒါအတွက်





ချိုက ယူ့မိန်းမကို မျက်နှာငယ်လေးနဲ့ လိုက်ရှင်းပြရဦးမှာလား"

"မဟုတ်ဘူးလေကွာ။ ကိုယ့်ဘက်က ချို့ကို အကူအညီတောင်းတာ။ မင်းနဲ့ ကိုယ့်ကို ကိုယ့်ဇနီးက အထင်လွဲသွားတယ်။ မင်းနဲ့ ငါ ဘာမှ အကန့်မရှိဘူးဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ လူသားချင်း စာနာတဲ့အနေနဲ့ မင်းနဲ့ငါ့ကို အထင်လွဲသွားလို့ ကွဲတော့မလို ဖြစ်နေတဲ့ အိမ်ထောင်ရေးကို အဆင်ပြေသွားအောင် ကူညီပေးပါလို့ ကိုယ်က တောင်းပန်နေတာပါ"

ဂုဏ်ရှိးက ဒေါကန်နေပြီ ဖြစ်သော်လည်း သူ့ဘဝကြီး တစ်ခုလုံးစာအရေးမို့ အသေအလဲ စိတ်ကိုလျှော့၍ တောင်းပန်နေတာတောင် အဲဒီမိန်းမက လုံးဝကို ခါချိနေကာ နိုးချည်းဆိုလေ၏။

"ဆောရီး။ ချိုလည်း မတတ်နိုင်ဘူး။ ယူ့တို့ ပြောချင်တာ ဒါပဲမှလား။ ချို အလုပ်ဝင်ရတော့မယ်။ ခဏနေရင် ချို့ ဧည့်သည်တွေ လာတော့မှာ"

"ဒီမှာ အမ်မရတ်။ မင်းကို အစ်ကိုကြီးက နားဝင်လွယ်တယ်လို့ ထင်ထားတာ။ မင်းက ထင်တာနဲ့ တခြားစီပဲ။ အဲဒီတော့ ကိုကြီးက ပေါ်တင်သမား။ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ မင်း ကိုယ့်ညီ ဂုဏ်ရှိးရဲ့မိန်းမကို မင်းနဲ့သူ ဘာမှအကန့်မရှိဘူးဆိုတာ ရှင်းပေးရင် မင်းကို အရမ်းကျေးဇူးတင်မှာ။ မင်း ဘာလိုလဲပြော။ မင်းလိုချင်တာ မှန်သမျှ စပွန်ဆာပေးမယ်။ မင်းဘက် ဝင်ရှင်းပေးဖို့။ ဘယ်လောက်လိုချင်လဲပြော"

အစ်ကိုကြီးကပါ ကြားဝင်ပြီး ရှင်းပေးကာ အမ်မရတ်ချိုကို အပြတ်ပြောတာမို့ သူ့ဟာ အဆင်ပြေဖို့သာ မျှော်လင့်လေသည်။ စစနဲ့ အဆင်ပြေဖို့ သူ့ဘက်က ဘာပဲပေးရ ပေးရ ပေးမှာပဲဖြစ်သည်။ အစ်ကိုကြီးက ဘယ်လောက်လိုလဲ ဆိုတဲ့ မေးခွန်းအတွက် အဖြေမှာ သူထင်ထားသလို ဟုတ်ကဲ့ဆိုတာ ထွက်မလာဘဲ ခြောက်ကပ်ကပ် ရယ်သံတစ်ခုနဲ့အတူ အမ်မရတ်ချိုက ...

"ဟက် ... ဟက် ... အစ်ကိုကြီးက အလဲအလှယ်သဘောတွေ လာလုပ်နေတာပဲ။ အမ်မရတ်ချိုက ရေအကန့်မပါဘူးလေ။ ချို့ဘက်က စကားကုန် ပြောထားလိုက်ပြီ။ ချို့



နဲ့ ဘာမှမဆိုင်တဲ့ ကိစ္စမှာ ချို လုံးဝဝင်မပါနိုင်ဘူး။ ကိုယ့်သမိုင်း ကိုယ်ရေးတာပဲ။ ချို့ညီ့သည်တွေ လာတော့မယ်။ ကိုကြီးနဲ့ ကိုမာန် ပြန်လိုက်တော့"

သူဟာ စိတ်ဆင်းရဲမှုများစွာဖြင့် လေလွင့်သွားရသည်။ အမ်မရတ်ချိုက လုံးဝနိုးမှနိုး ဖြစ်နေတဲ့အခါ သူ ဘာမှဆက်လုပ်လို့ မရပေ။ သူ့အတွက်က မျှော်လင့်ချက် ရာခိုင်နှုန်းက လုံးဝနည်းနေပြီဖြစ်သည်၊ စစတို့အိမ်ကို အဖေနဲ့ အမေ ခေါ်ပြီး လူကိုယ်တိုင် သွားတောင်းပန်တော့လည်း လူကြီးချင်းစကားတွေ တည့်လာကာ အမြင်တွေ စောင်းလာတာသာ အဖတ်တင်၍ သူနဲ့ စစ ပြန်လည်နီးစပ်ဖို့ အခွင့်အရေးက နည်းသွားပြီ ဖြစ်သည်။

ဂုဏ်ရှိးက စစနဲ့တွေ့ဖို့ စစကို ရှင်းပြဖို့ အခွင့်အရေးက ဘယ်လိုမှ မရကာ သူကြိုးစားလိုက်တိုင်း ပြဿနာတွေ တက်လာတာပဲ အဖတ်တင်သည်။ ထူးခြားမှုက ဘာမှကို မရှိလာချေ။ အရင်တုန်းက စစက ချုပ်ချယ်တယ်ဆိုပြီး သူ လိမ်တတ်ခဲ့သည်။ ပြီးတော့ စစ စိတ်ဆိုးရင် နောက်မလုပ်တော့ပါဘူးဆိုတဲ့ ကတိတွေ အထပ်ထပ်ပေးကာ အဲဒီ ကတိတွေကို အကြိမ်ကြိမ် ချိုးဖောက်မိခဲ့တာလည်း သူပဲဖြစ်သည်။



Book Sharing

Scanned by CamScanner

စစရဲ့အသိုင်းအဝိုင်းဘက်ကပါ သူ့ကို လက်သင့်မခံတော့တဲ့အတွက် သူဟာ စစနဲ့ တကယ်ပဲ ဝေးသွားရတော့မလားဆိုပြီး ဘာမှဆက်မလုပ်နိုင်အောင် စိတ်ဓာတ်တို့ ပျက်ပြားခဲ့ရပါသည်။

❦ ○ ❦





အရင်တုန်းက ချစ်သူတွေက
စိတ်နာတယ်ဆိုရင်
မခေါ်မပြော မတွေ့ကြဘူး။
လုံးဝကို မေ့ပစ်တဲ့အထိ စိတ်နာကြတယ်။
အခု ချစ်သူတွေက
စိတ်နာတယ်ဆိုရင်
နာတဲ့စိတ်ကို မီးဖိုပေါ်တင်
ပွက်ပွက်ဆူလာရင်
Status အဖြစ် facebook ပေါ်တင်
စိတ်နာသူကြီးကို မမြင် မြင်အောင်လို့
သုံးမိနစ်တစ်ခါ status အသစ် တင်ကြတယ်။



## ❦ ၁၄ ❦

"ဒီအမ်မရတ်ချို ဆိုတဲ့ မိန်းမက ဘာလို့ ဒီလောက်တောင် ခေါင်းကြောမာနေရတာလဲ။ သူ့ကို ဒီလောက်တောင်းပန်နေတာတောင် နိုးချည်းပဲ။ ငါ့ညီ ဂုဏ်ရှိးကိစ္စမို့လို့ပေါ့ကွာ။ တခြားကိစ္စမှာသာဆို ငါ ဒီဆော်နဲ့ ပြဿနာအကြီးကြီးတက်တယ်"

ကိုမင်းယံကလည်း ဒေါသူပုန်တွေ ထနေကာ အမ်မရတ်ချိုကို မကျေနပ်တွေ ဖြစ်နေကာ ထိုင်ပေါက်ကွဲနေတာဖြစ်၏။ သူတို့ရဲ့ကြိုးစားအားထုတ်မှုဟာ ဘယ်လိုမှကို အရာက ပိစိလေးတောင် ထင်မလာသေးချေ။ ဘာကိစ္စ အမ်မရတ်ချိုဟာ ဒီလောက် ခေါင်းကြောမာနေသလဲဆိုတာ သူတို့လည်း မသိပေ။





ပြောရမယ်ဆို ဒီကိစ္စက သူ့လို မိန်းကလေးအတွက် တအားကြီး ခက်ခဲနက်နဲတာမျိုးလည်း မဟုတ်ပေ။ ဒါကို ဘာလို့ ဒီလောက် ခါးခါးသီးသီး ငြင်းနေသလဲ ဆိုတာကတော့ သူတို့တွေလည်း အရမ်းကို သိချင်နေမိတာဖြစ်သည်။

"သားကြီး ... မင်းကော စစကို ဆက်သွယ်လို့ရလား"

"မရပါဘူးကွာ။ စစက သူ့ဟန်းဖုန်းလည်း ပိတ်ထားတယ်။ ငါ facebook ကနေတော့ message တွေ ပို့ထားတယ်။ ဒါပေမဲ့ စစ online လုံးဝမသုံးဘူးကွ။ ငါ့မှာ စစ ငါ့ကို block လုပ်သွားမှာ စိုးရိမ်နေရတာ"

"အရမ်းကြီးလည်း စိတ်ဓာတ်ကျမနေပါနဲ့ သူငယ်ချင်းရာ။ မင်းနဲ့ စစမှ သေချာစကားမပြောရသေးတာ။ အခု နည်းနည်းသွေးအေးသွားပြီဆိုတော့ မင်း နားဝင်အောင်ပြောရင် သူ လက်ခံမှာပါ။ မင်းတို့ နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် တကယ်ချစ်ကြတာပဲဟာ"

"အေးလေ ... ငါ့မိန်းမ ချိုချိုကလည်း မင်းကို ကူညီမှာပါကွ။ လောလောဆယ်တော့ ချိုချိုနဲ့ သူတို့တွေ့လို့မလွယ်သေးဘူး ဖြစ်နေတာ"



Scanned by CamScanner

ဂုဏ်ရှိးက ခေါင်းသာ ညိတ်ပြနိုင်သည်။ စိတ်ထဲမှာ စစကို လွမ်းလွန်းလို့ သေနိုင်သည်။ ပြီးတော့ စစကိုလည်း သူ အရမ်းကို တွေ့ချင်လှပေသည်။ စစနဲ့ အေးဆေးတွေ့ပြီး သေချာရှင်းပြရင်တော့ စစ ယုံကြည်နိုင်ကောင်းပါသည်။ စစနဲ့ သူ တွေ့ခွင့်ရဖို့အတွက် သုံ့ဘက်က စွန့်စားဖို့ ဆုံးဖြတ်ကာ သူ idea ကို ဘော်ဒါတွေနဲ့ ညှိနှိုင်းလိုက်သည်။

"ငါ ဆုံးဖြတ်လိုက်ပြီကွာ။ ဒီနေ့ည စစအိမ်ကို ခိုးဝင်ပြီး စစကို တွေ့မယ်"

"ဟောကောင် ... ဖြစ်ပါ့မလား။ တော်ကြာ မိသွားရင် ပြဿနာက ပိုကြီးသွားမှာနော်"

"ဖြစ်ပါတယ်ကွာ။ အစ်ကိုကြီး ကျွန်တော်တို့ အခုလုပ်ရမှာက စစ ဒေါ်လေး အန်တီမေ့ကို သွားတွေ့ပြီး နားလည်အောင် ပြောဖို့ပဲ။ စစက သူ့အဒေါ်နဲ့ အတူအိပ်တာ။ ကျွန်တော် စစဆီ ရောက်နိုင်ဖို့ အန်တီမေ့ အကူအညီ အများကြီးလိုတယ်"

"ဂုဏ်ရှိး ... နည်းနည်းစဉ်းစားနော်။ သူများအိမ် ခိုးဝင်တယ်ဆိုတာ ရုပ်ရှင်ထဲမှာသာ လွယ်တာ။ အပြင်မှာ မဖြစ်နိုင်ဘူးနော်"





"ဖြစ်ချင်ရာသာ ဖြစ်တော့ အစ်ကိုကြီးရာ။ စစနဲ့ ကျွန်တော် အဲဒီလိုပုံမျိုးနဲ့ တဖြည်းဖြည်း ဝေးသွားကြမှာထက်စာရင် ဒါက တစ်ခုခုဖြစ်ဖို့ သေချာတယ်။ ကျွန်တော်တော့ ဘာမှမလုပ်ဘဲ ထိုင်နေတာထက်စာရင် အခုလို လုပ်လိုက်တာကို ပိုကျေနပ်တယ်ဗျာ"

သူကိုယ်တိုင်ကလည်း အရမ်းကို စိတ်အားထက်သန်တက်ကြွနေတာမို့ အစ်ကိုကြီးနဲ့ လင်းသူတို့က သူ့ကို မငြင်းရက်တော့ပေ။ ဒီနေ့ည စစဆီ ခိုးဝင်ဖို့ဆိုတာ အများကြီး စွန့်စားရမယ်ဆိုတာ သူ သိသည်။ ဒါပေမဲ့ စစနဲ့ သူ အဆင်ပြေဖို့ မျှော်လင့်သည့်အတွက် အန်တီမေ့ကို အရင်အကူအညီ တောင်းရမှာဖြစ်သည်။

❦ ○ ❦



Scanned by CamScanner

စစက အလုပ်စားပွဲမှာထိုင်ကာ ဒီဇိုင်းရေးဖို့ drawing book နဲ့ ခဲတံကို ရှေ့မှာချထားသော်လည်း စိတ်က အာရုံမရချေ။ ကိုယ့်ကိုယ်ကိုယ်လည်း ဘာဆိုပြီး ဝေဖန်ကြည့်လို့ မရသေးပေ။ ဒီအချိန်မှာ သူရော ဘာတွေလုပ်နေမလဲလို့ စဉ်းစားမိသွားချိန်မှာ စစဟာ အလိုလိုနေရင်း မျက်ရည်က ဝဲချင်လာသည်။ စစဘဝမှာ မှတ်မှတ်ထင်ထင် နာကျင်စွာ မုန်းနေတာ ဘယ်သူလဲဆိုရင် ကိုကို တစ်ယောက်သာ ရှိသည်။ စစကို သစ္စာဖောက်တယ်၊ လိမ်ညာလှည့်ဖြားခဲ့တာတွေအတွက် မုန်းနေတာက မုန်းနေတာ ဖြစ်ပေမယ့် သူ့ကို သတိရမိတာက ကိုယ့်ကိုယ်ကိုယ် ပြန်မုန်းစေလောက်သည့် ဆိုးဝါးမှုပင် ဖြစ်လေသည်။

"သမီး စစ ... ဘာတွေ တွေးနေတာတုန်း။ ပုံဆွဲတာ အာရုံမရလို့လား"





အန်တီမေက စစရဲ့ဆံပင်စလေးတွေ ဖွဖွသပ်ပေးကာ လာမေးလျှင် စစက အာရုံကို စိတ်မှာ ပြန်ကပ်ကာ ဟန်ဆောင်အပြုံးတစ်ခုဖြင့် ပြုံး၍ ...

"အာရုံရပါတယ် အန်တီမေရဲ့။ စစက evening gown လေးအတွက် ကာလာကို စဉ်းစားနေလို့"

အန်တီမေက စစဘေးကခုံကို ဆွဲယူထိုင်လိုက်ပြီးမှ စစကို ကရုဏာသက်စွာကြည့်ကာ ...

"စစ ဂုဏ်ရိုးကို သတိရနေတာမှလား"

အန်တီမေ မှန်းဆချက်က မှန်နေတာကို စစ မအံ့သြချင်တော့။

အန်တီမေက စစရဲ့စိတ်ကို အမြဲသိနေသူ ဖြစ်နေတာမို့ စစက ဘာမှပြန်မပြောဘဲ ဆိတ်ဆိတ်ငြိမ်နေလိုက်သည်၊

"အခုဆို သမီး အိမ်ပြန်ရောက်တာ တစ်ပတ်ရှိသွားပြီ။ ဒီအချိန်ဆို နည်းနည်းလေး သွေးအေးလောက်ပြီလို့ အန်တီမေ ထင်တယ်။ သွေးအေးသွားလို့ပဲ သမီး သူ့ကိုသတိရတဲ့စိတ်လေး ဝင်လာတာပေါ့ မဟုတ်ဘူးလား"

"စစ မသိဘူး။ သူ့ကို စစ အရမ်းချစ်ခဲ့မိတာကိုတော့ ဝန်ခံပါတယ်။ ၁၀၀ ဖိုးပေးပြီး ၁၀ ဖိုးလောက်ပဲ ပြန်ရတာကို စစ ယုံကြည်မိခဲ့တာ စစ အမှားတွေပါ။ ကိုကိုက အရမ်းရှုပ်တယ်။ ရင်ကြားမစေ့ပါနဲ့တော့ အန်တီမေရယ်။ စစ လွမ်းတယ်ဆိုတာ သူ့ကို စိတ်နာတဲ့စိတ်နဲ့ ယှဉ်လိုက်ရင် ပဏာမ သေးသေးလေးပဲ ရှိတာပါ"

"အန်တီမေကတော့ ကိုယ့်တူမလေးကို စိတ်မဆင်းရဲစေချင်ဘူး။ ဂုဏ်ရှိးက တကယ်ပဲ သစ္စာမဖောက်ခဲ့ဘူးဆိုရင် သမီးဘက်က လွန်သွားမှာစိုးလို့။ သေချာစုံစမ်းကြည့်ပါဦးလား သမီးရယ်"

အန်တီမေ ကြည့်ရတာက စစကို တစ်ခုခုပြောချင်ပုံရနေသည်။ စစက အန်တီမေ့ဘေးကို ဝင်ထိုင်ကာ အန်တီမေ့ကို အကဲခတ်ကြည့်ရင်းက ....

"အန်တီမေ ဘာပြောချင်နေတာလဲ။ စစ အခုလုပ်တဲ့လုပ်ရပ်က မှားတယ်လို့ ပြောတာလား"

"မမှားပါဘူး။ စစ မမှားပါဘူး။ ဘယ်လိုပြောရမလဲ။ မိန်းမတစ်ယောက်နဲ့ တွဲတွေ့တာကို စစ သဝန်တို ပေါက်ကွဲပိုင်ခွင့် ရှိတာပေါ့။ အန်တီမေ အခုပြောချင်တယ်ဆိုတာက သမီးကို ပြောချင်တာထက် မေးချင်တာ။ အခုဆို သမီးတို့ချင်း ဖြစ်တဲ့ကိစ္စကနေ လူကြီးတွေပါ ဝင်ပါစကားများကြ ဖြစ်ကုန်ကြပြီ။ ဒီတော့ အန်တီမေ မေးချင်တာက သမီး ဂုဏ်ရှိးမာန်ကို တကယ်ပဲ ကွာရှင်းဖို့ ဆုံးဖြတ်လိုက်ပြီလား။ စစ သူ့ကို တကယ်ကော ပြတ်နိုင်ရဲ့လား"

"အန်တီမေကလည်း စစတို့က အခုလည်း ကွဲနေတဲ့သဘောပဲလေ။ အရင်ကတော့ သူ့ကို ချစ်တဲ့စိတ်နဲ့ အနားမှာပဲ ရှိနေစေချင်တယ်။ သူနဲ့သာ ဝေးရရင် မဖြစ်နိုင်ဘူးလို့တောင် တွေးမိတဲ့အထိ စစ ချစ်ခဲ့တာပါ။ အခုကျတော့လည်း စစ သိပ်ပြီးမခံစားရပါဘူး။ အဲဒါကလည်း သူ့ကို စစ စိတ်ကုန်သွားလို့ ပြတ်နိုင်သွားတာ နေလိမ့်မယ်"

"စိတ်ကုန်တဲ့ အကြောင်းရင်းမျိုး ရှိနေလို့ သမီးက သူ့ကို ပြတ်နိုင်တာမျိုးပေါ့"

စစက ဒီကနေ့မှ စကားအထူးအဆန်းတွေ ကြားနေရတာမို့ စစက အန်တီမေ့ကို သတ်တော့ ထားမိသွားသည်။ အန်တီမေ ဘာကို သိနေတာပါလိမ့်။




အုပ်(၃၀)မြောက် အမှတ်တရ

Book Sharing

Scanned by CamScanner

"အန်တီမေ ... စစကို ပြောချင်တာ ပွင့်ပွင့်လင်းလင်း ပြောပါ။ အန်တီမေက စစကို အဲဒီလိုမျိုး မပွင့်လင်းရင် စစ ပိုခံစားရတယ်။ ဘာပြောချင်တာလဲ။ ပြောပါ"

စစက ဇွတ်အတင်း တောင်းဆိုကာ တတွတ်တွတ် ပြောနေတာမို့ အန်တီမေက စစရဲ့မျက်နှာကိုကြည့်ကာ ခေါင်း အသာဆတ်ပြသည်။

"ကောင်းပြီ။ အန်တီမေ ပြောပြမယ်။ ဒီနေ့ ဂုဏ်ရှိး အန်တီမေ့ကို လာတွေ့တယ်။ သမီး စိတ်ဆိုးချင် ဆိုးတော့။ အန်တီမေကတော့ သမီးပြောတဲ့ မိန်းကလေးနဲ့ ဂုဏ်ရှိး မပတ်သက်ဘူးလို့ ယုံနေတယ်"

"သူက အဲဒီလိုယုံလောက်အောင် ပြောတတ်တယ် အန်တီမေ။ စစကို သူ လိမ်ခဲ့ပေါင်းများပြီ။ ပြန်တွေးလိုက်တိုင်း စိတ်နာရတယ် အန်တီမေရယ်"

စစက စကားဆက်မပြောချင်တော့ဟန်ဖြင့် ဝရန်တာ ဘက်ကို ထွက်လာခဲ့တော့သည်။ ပြောရရင်တော့ စိတ်တွေက ပင်ပန်းမွန်းကျပ်နေကာ အရမ်းကို နုံးချည့်နေပြီဖြစ်သည်။ အန်တီ





မေက စစ ခံစားနေရတာတွေကို မကြည့်ရက်သလို စစရှေ့ရေး အတွက် ပြောနေတယ်ဆိုတာ သိပေမယ့် ဘယ်လိုမှ ခွင့်မလွှတ် နိုင်တာက စစရဲ့ ကြီးမားတဲ့ ပေါက်ကွဲမှုတစ်ခုပဲဖြစ်သည်။

"စစ ... စစ ... စစ"

ခေါ်သံတစ်ခုက နားထဲ တိုးတိုးလေး ကြားရသော အခါ စစက ဘယ်ကပါလိမ့်ဆိုပြီး ဟိုဒီကြည့်မိလိုက်ချိန်မှာ ရုတ်တရက် မြင်လိုက်ရသူက စစပဲ စိတ်ထင်တာလားဆိုပြီး ဝေခွဲရခက်တဲ့ သံသယဖြင့် ထပ်ကြည့်မိသွားသည်။ သူ ... သူ ...။ ရေစင်ဘက်အခြမ်းကနေ ခွကျော်ကာ စစ ရှိနေတဲ့ ဝရန်တာဘက် ကို တွယ်တက်လာ၍ စစကို လှမ်းခေါ်ကာ ဝရန်တာဘောင်ကို ကျော်၍ အထဲကို ဝင်လာလေ၏။

စစက ရုတ်တရက်ကြီး မြင်လိုက်ရတာမို့ ကြက်သေ, သေကာ အကြောင်သား ငေးကြည့်နေမိ စဉ်မှာ သူက စစနားကို ရောက်လာကာ ...

"ကိုယ် အရဲစွန့်ပြီး စစဆီ လာခဲ့တာ။ ကိုယ် စစနဲ့ခဏ လေး ပြောပါရစေနော်"

ဒီတော့မှ စစက သတိပြန်ဝင်လာကာ အခန်းထဲကို ကြည့်လိုက်မိလျှင် အန်တီမေက အခန်းထဲမှာ ရှိမနေတော့။ ဟုတ်ခဲ့မယ်ဆိုရင် ဒါဟာ အန်တီမေ တမင်ရှောင်ထွက်သွားတာပဲ လို့ ယူဆရလေသည်။

"ရှင် ဒီကိုလာစရာ အကြောင်းမရှိဘူးလေ။ ကျွန်မ အော်လိုက်ရင် ရှင် ဘာဖြစ်သွားမယ် ထင်သလဲ"

"စစရယ် ... အမိန့်ကျပြီးသွားတဲ့သူတောင် အယူခံဝင်ခွင့်ရှိပါသေးတယ်ကွာ။ ကိုယ် စစနဲ့ ဘာမှကို စကားမပြောရသေးဘဲနဲ့ စစ ကိုယ့်ကို မရက်စက်လိုက်ပါနဲ့။ ကိုကို တောင်းပန်ပါတယ်"

စစက ဖေဖေမေမေတို့ အိပ်နေကြပြီဖြစ်လို့ အသံကြားရင် နိုးသွားမှာ စိုးတာကြောင့် ခပ်ကျိတ်ကျိတ်အသံဖြင့် သူ့ကိုနှင်ထုတ်ရလေသည်။

"ရှင် ပြန်လိုက်ပါတော့။ ကျွန်မ ဒီ့ထက်ပိုပြီး မပြောချင်တော့ဘူး။ ပြန်တော့။ မေမေတို့ သိသွားရင် ပြဿနာက ဒီ့ထက်ပိုကြီးသွားလိမ့်မယ်။ ပြန်ပါတော့"





စစက သူ့ကိုရှောင်ထွက်ဖို့ အခန်းထဲပြန်ဝင်မယ် အလုပ်မှာ သူက စစလက်ကို လှမ်းဆွဲလိုက်တာမို့ စစက သူ့ကို ခပ်တင်းတင်း ပြန်ကြည့်မိချိန်မှာ သူက တောင်းပန်တိုးလျှိုးသော မျက်ဝန်းတွေဖြင့်ကြည့်ကာ ...

"စစရယ် ... ကိုယ်နဲ့ အဲဒီမိန်းမ ဘာယ်လိုမှ မပတ်သက်ဘူး ဆိုတာကို စစ မယုံနိုင်ဘူးလား"

"တော်တော့ ... ရှင့်ပါးစပ်ကို ပိတ်လိုက်တော့ ဂုဏ်ရှိုးမာန်။ ထွက်သွား။ ရှင့်အသံကိုလည်း မကြားချင်ဘူး။ ရှင့်မျက်နှာကိုလည်း မမြင်ချင်ဘူး၊ သွားတော့"

စစက အရမ်းကို သွေးတွေဆူပွက်လာကာ သူဆွဲထားတဲ့လက်ကို ဆောင့်ရုန်းပစ်ကာ သူ့ကို နှင်ထုတ်သော်လည်း သူက လုံးဝဂရုမစိုက်ဘဲ စစ လက်ကို ပြန်ဆွဲကာ ဇွတ်ကိုပြောနေတော့သည်။

"မသွားနိုင်ဘူး စစ။ မင်းကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး။ မင်း မပြောနဲ့ဆိုလည်း ပြောရမှာပဲ။ ကိုယ် ဝန်ခံတယ်။ ကိုယ် မင်းကို လိမ်ခဲ့ဖူးတယ်။ ဟုတ်တယ် ... ဒါပေမဲ့ ကိုယ် ဘယ်တုန်းကမှ မင်းကို သစ္စာမဖောက်ခဲ့ဘူး စစ။

ကိုယ့်သစ္စာတရားကို မင်း ယုံကြည်ရမယ်။ မင်း ကိုယ်ရှင်းပြတာကို လက်ခံတယ်ဆိုမှ ကိုယ်ဒီကသွားမှာ စစ"

စစက မကြားချင်တဲ့ အကြောင်းအရာတွေချည်းပဲ ကြားလာရသောအခါ စစက အဲဒီနေ့က အဖြစ်တွေကို ပြန်မြင်ယောင်လာကာ အရမ်းကို နာကျင်ရသော စိတ်ခံစားချက်တွေ ပွင့်အန်ထွက်လာကာ ထွက်သွားပါဆိုတာကို မသွားဘဲ ဇွတ်ရှင်းနေသော သူ့ကို အရမ်းကို ခါးသက်လာတာမို့ ထအော်ပစ်လိုက်သည်။

"မကြားချင်ဘူး။ ရှင့်ကို မုန်းတယ် ... သွား။ ထွက်သွား"

"သမီး ... စစ ... ဘာဖြစ်တာလဲ"

စစက ဒေါသတကြီး အော်ချပစ်လိုက်တာကို လူကြီးတွေက ကြားသွားကာ စစ အခန်းထဲကို အပြေးအလွှား ဝင်လာကြလျှင် ဖေဖေ မေမေတို့နဲ့ သူက တည့်တည့်ကို ပက်တိုးတော့တာပဲဖြစ်သည်။

"ဟင် ... မင်း ... ဟေ့ကောင်၊ မင်း ဘာလာလုပ်တာလဲ။ မင်းက သူများအိမ်ကို ကျူးကျူးကျော်ကျော်နဲ့"





"မင်းက သိပ်အတင့်ရဲနေတာပေါ့လေ ဟုတ်လား။ သမီး ... လာစမ်း"

မေမေက စစလက်ကို ဆောင့်ဆွဲခေါ်လိုက်လျှင် စစက မေမေ့ဘက်ကို ပြန်ပါလာသည်။ အန်တီမေက ကြားထဲက ဖေဖေတို့ ဒေါသကို ဝင်ထိန်းပေးနေတာဖြစ်သည်။

"ကဲ ... တော်ပါတော့ ညကြီးမိုးချုပ်။ ပတ်ဝန်းကျင်ကြား မကောင်းအောင်"

"ကျွန်တော် စစနဲ့ စကားပြောချင်တာပါ အဖေနဲ့အမေ။ ကျွန်တော် ရှင်းပြပါရစေ"

"ဟေ့ ... တော်စမ်း။ မင်းက သိပ်ကို သတ္တိတွေ ကောင်းနေတယ်ပေါ့ ဟုတ်လား။ ဒီမှာ ... ဂုဏ်ရှိးမာန်။ မင်းမိဘတွေ မျက်နှာကြောင့် ငါတို့ ဒီလောက်ထိ သည်းညည်းခံနေတာ၊ မင်း အေးဆေးသွားလိုက်တာ ကောင်းမယ်"

"အမေရယ် ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော့် ဘာမှကို ရှင်းခွင့်မရဘဲနဲ့တော့ ကျွန်တော် မပြန်နိုင်ဘူး"



Scanned by CamScanner

စစက ဒီပွဲမှာ ဘေးလူအဖြစ် ရပ်ကြည့်နေရုံကလွဲပြီး ဘာမှ အရေးမပါခဲ့ပေ။ လူကြီးတွေ ကြားသွားလို့ ပြဿနာက ပိုရှုပ်သွားပြီ ဖြစ်တာကြောင့် စစက နောက်ဆုံးကြွင်းကျန်တဲ့ စိတ်တစ်ခုဖြင့် ဝင်ပြောလိုက်တော့သည်။

"ကိုဂုဏ်ရှိ ... ရှင်ပြန်ပါတော့။ အေးအေးဆေးဆေးပြန်လိုက်ပါ"

"ဟင့်အင်း ... ကိုယ်ကတော့ မင်းကို နားလည်အောင် ရှင်းမပြရမချင်း လုံးဝမသွားနိုင်ဘူး။ ကိုယ် ဒီကိုဝင်လာကတည်းက ကိုယ့်ရဲ့သစ္စာတရားအတွက် မင်းဆီကိုရအောင် လာခဲ့တာပဲ စစ"

"ဟား ... တော်တော် လေကြောရှည်တဲ့ကောင်။ မင်းသိပ်ရှင်းချင်နေရင် စခန်းရောက်မှသာ ရှင်းကွာ"

ဖေဖေက ဧဒါတွေထွက်ကာ စခန်းကို ဖုန်းလှမ်းဆက်၏။ ဘယ်လိုမှကို တားဆီးမရနိုင်တော့တဲ့အတွက် စစက မျက်ရည်မကျမိအောင်သာ အံကိုတင်းတင်းဖိကြိတ်ထားလိုက်မိသည်။



"အားလုံးတော့ ဒုက္ခပါပဲဟယ်။ စစ ... ညည်းအဖေကို မတားတော့ဘူးလား။ ညည်းယောက်ျားကို ရဲတွေဖမ်းသွားတာကို နင် ဒီအတိုင်း ကြည့်ရက်သလား။ အမုန်းတွေတော့ ပိုပွားတော့မှာပဲဟယ်"

အန်တီမေက ဖေဖေတို့ ဒေါသလည်း ဆွဲမရ၊ စစကိုလည်း ပြောမရဖြင့် ကြားထဲက ဆွေ့ဆွေ့ခုန်နေပေမယ့် နာကျင်မှုတွေ များနေသော နှလုံးသားသည် ကိုကို့ကို တာဝန်ရှိသူတွေက ခေါ်သွားကြတာတောင် စစက မျက်ရည်တစ်စက်မှ မကျဘဲ တိတ်ဆိတ်စွာ ခံစားရလေသည်။

၁၀

ကိုယ့်ကို တကယ် အလေးအနက်ထားသူဟာ
သံသယများတတ်တယ်။
ရွေးချယ်စရာတွေ အများကြီးထဲကမှ
ကိုယ့်ဝဲစ်ယောက်ကသာ အရွေးချယ်ခံရရင်
သံသယများပါစေ
ချစ်ရမှာပဲ။





## ၁၅

"သူတို့ကို ပြန်ပြောလိုက်ပါ မေမေ။ အမှုမပိတ်ပေးလည်း ရတယ်လို့။ ကျွန်တော့်ဘက်က လုံးဝမကွာပေးနိုင်ဘူး"

သူ့ဘက်က အပြတ်စကား ဆိုလိုက်တာမို့ မေမေက ဘာ,ဆိုပြီး သူ့ကိုမျက်လုံးပြူးကြည့်သည်။ ပြီးတော့ စကားတောင် ဆက်မပြောနိုင်သေးဘဲ တရှုံ့ရှုံ့ငိုနေလေသည်၊ မေမေ ငိုနေတာကို မြင်ရတော့ သူ့ရင်ထဲလည်း မချိအောင်ကို ခံစားရလေသည်။ သူ့ အချုပ်ထဲမှာ နေရတာဟာ အရမ်းကို စိတ်ညစ်ရပါသည်။ ပိုင်နက်ကျူးလွန်မှုကြောင့် သူက အထဲမှာ ရောက်နေရချိန်မှာ ဒါ သက်သက် အကြပ်ကိုင်တာဖြစ်သည်။



Scanned by CamScanner

"သားရယ် ... မိုက်လိုက်တာ။ ကိုယ့်ကိုယ်ကိုယ် အနှစ်မွှန်းခံပြီး မင်းသစ္စာရှိပြရသလား။ ဒီမှာ သား ... မေမေပြောတာ နားထောင်ပါ။ ဒီမိန်းကလေးကို မင်းကွာပလိုက်။ သူ့ထက် အဆတစ်ရာသာတဲ့သူနဲ့ အမေရှာပေးစားမယ်။ သူတို့အသိုင်းအဝိုင်းထဲကို မပတ်သက်ပါနဲ့ သားရယ်။ ငါ့သားလေးကို ဒီလိုနေရာမျိုးမှာ မြင်နေရတာ အမေ ရင်တွေကွဲတော့မယ် သားရဲ့"

ဂုဏ်ရှိးက သူ့ရှေ့မှာ တရှုံ့ရှုံ့ငိုနေသော မေမေ့ကို နှစ်သိမ့်ဖို့ စကားလုံး ရှာမတွေ့ပေ။ မေမေ ဘယ်လောက်ခံစားနေရရှာမလဲဆိုတာ သူ သိသည်။ ဒါပေမဲ့ သူ တောင့်ခံနိုင်မှရမည်။ ဂုဏ်ရှိးက အံကို တင်းတင်းကြိတ်ကာ စိတ်ကိုတင်းထားလိုက်သည်။

❦ ○ ❦





"မင်း ခုနက အဖြစ်အပျက်ကို မြင်တယ်မှလား အမ်မရတ်။ ကျေးဇူးပြုပြီး မင်း လူသားချင်း စာနာစိတ်ကလေးနဲ့တောင် ကူညီမပေးနိုင်ဘူးလားကွာ။ ဟမ်"

ကိုမင်းယံက ဒေါကြီးမောကြီးဖြင့် မေးကာ ပြောလျှင် အမ်မရတ်ချိုက အနည်းငယ်တော့ တွေကာ ငြိမ်ကျသွားလေသည်။

ပြောရမယ်ဆိုရင် ဂုဏ်ရှိးမာန်လို gentleman တစ်ယောက်ဟာ ဒီလို အချုပ်ရောက် ဂတ်ရောက်ဖြင့် ပြဿနာတွေ တက်တာဟာ ချိုရဲ့စနက် မကင်းဘူးလို့ ခံစားရလေသည်။

"အဲဒါ ချိုနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ။ သူ့ဘာသာ အချုပ်ထဲ ရောက်သွားတာကို ချိုလည်း အာမခံထုတ်ပေးလို့ မရဘူးလေ"



Scanned by CamScanner

"ဟား ... အမ်မရတ်ချို၊ မင်း ... အဲဒီလောက် မဂေါက်စမ်းနဲ့။ မင်းသာ ဂုဏ်ရှိးရဲ့မိန်းမကို မင်းတို့ မပတ်သက်ဘူးဆိုတာ ရှင်းပြပေးရင် အားလုံး အဆင်ပြေသွားမှာ။ ဒီမှာ မင်း ငွေဘယ်လောက်လိုသလဲ ... ပြော။ အမ်မရတ်ချို ... မင်းဟာ သူများအသိုက်အမြုံကို ဖျက်ဆီးတတ်တဲ့ မိန်းမမျိုးလား"

"ဘာ"

အမ်မရတ်ချိုက ဆတ်ဆတ်ခါ နာသွားကာ သူ့ကို မီးဝင်းဝင်းတောက်ကြည့်ကာ ...

"ကျွန်မကို ငွေစကား ခဏခဏ လာပြောမနေနဲ့၊ ငွေထက် ပိုပြီး အရေးပါတဲ့ အရာတွေအတွက် ကျွန်မ အလုပ်လုပ်နေရတာ။ ရှင် ကျွန်မကို စွပ်စွဲတာတွေ သိပ်များနေပြီ ကိုမင်းယံ။ ကျွန်မက ဘဝပေး မကောင်းခဲ့လို့ ကျွန်မ မလုပ်ချင်တဲ့ အလုပ်တွေ လုပ်နေရပေမယ့် ကျွန်မမှာ အဲဒီလောက် သေးသိမ် နိမ့်ကျပျင်းတဲ့စိတ်ဓာတ် မရှိဘူး။ ကောင်းပြီ ... ကိုမင်းယံ၊ ကိုဂုဏ်ရှိးမာန်ဇနီးရဲ့ဖုန်းနံပါတ် ကျွန်မကို ပေးပါ"





"မင်း မကျေနပ်တာကို ငါနဲ့ တိုက်ရိုက်ရှင်းလို့ရတယ် အမ်မရတ်။ ဂုဏ်ရှိးကို ဒုက္ခထပ်ရောက်အောင် မင်းလုပ်ဖို့ ထပ်မစဉ်းစားနဲ့တော့"

"နံပါတ်သာပေးပါ။ ကျွန်မရဲ့စကားကို အဲဒီအမျိုးသမီးနားထောင်ပြီးသွားရင် သူတို့တွေ အဆင်ပြေသွားမှာ သေချာပါတယ်။ ချို့ကို ဖုန်းနံပါတ်သာပေးပါ"

သူက ချို့ကို အကဲခတ် လေ့လာမိသည်။ အမ်မရတ်ချိုရဲ့ ဖြေရှင်းချက်က တစ်ခုခုတော့ အကျိုးရှိကောင်း ရှိနိုင်လိမ့်မည်။ ဂုဏ်ရှိးတို့ ဒီလို ဖြစ်နေကြကုန်တာ သူမြှောက်ပေး၊ သွေးထိုးပေးတာတွေကြောင့်လည်း အများကြီး ပါဝင်လေတာမို့ အရမ်းပဲ စိတ်မကောင်း ဖြစ်ရလေသည်။



Scanned by CamScanner

အပျိုဘဝတုန်းက ရည်းစားမထားခဲ့ အသည်းမကွဲခဲ့ဘူးခဲ့သော စစသည် အသည်းကွဲတာ ဘယ်လိုဆိုတာကို မကျေညက် မသင်ကြားခဲ့ရတော့ အခုကျမှ အသည်းကွဲတာကို အလူးလူး အလိမ့်လိမ့် ခံစားရတော့တာဖြစ်သည်။ စစလည်း ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေတယ်မှန်း မသိတော့ပေ။ သူ့ကို မုန်းတာက မုန်းနေသလို တစ်ဖက်မှာလည်း သူ အချုပ်ထဲမှာ ဒုက္ခဆင်းရဲပင်ပန်းမှုတွေ ဘယ်လောက်တောင် ခံစားနေရမလဲလို့ တွေးမိကာ ရင်ထဲမှာ စူးနင့်ခံစားရလေသည်။

စစက အခန်းထဲက အခန်းပြင်လည်း မထွက်ကာ အိပ်ရာထက်မှာပဲ ခွေခေါက်နေနေတာဖြစ်၏။ ဘေးက ချထားတဲ့ ဖုန်းလေးက အသံမြည်လာလျှင် စစက ဖုန်းပြောချင်စိတ်လည်း မရှိတာကြောင့် မကိုင်ဘဲ ပစ်ထားလိုက်သည်။





"ဟဲ့ ... စစရေ ... ဖုန်းလာနေတယ်လေ။ ဘာလို့မကိုင်တာလဲ"

အန်တီမေက အခန်းထဲ ဝင်လာကာ လှမ်းပြောလျှင် စစက လှည့်ကြည့်ဘဲ လက်အသာခါပြသည်။ စစ ဘာဖြစ်နေတယ်ဆိုတာသိတဲ့ အန်တီမေက ဘာမှဆက်မပြောတော့ဘဲ သူ့ဘာသာ ဖုန်းကိုင်လေသည်။

"ဟယ်လို"

"........."

"ဪ ... အေး ... ဘာကိစ္စများ ရှိလို့လဲ သမီး။ အန်တီက သူ့အဒေါ်ပါ။ အန်တို့ကို ပြောရင်လည်း ရပါတယ်"

"........."

"အင်း ... အဲဒါဆို ခဏလေးနော်"

အန်တီမေက စစကို အတင်းလှုပ်နှိုးကာ ထခိုင်းနေတာမို့ စစက ဘာလဲဆိုတဲ့သဘောဖြင့် မေးဆတ်ပြလိုက်သည်။

"အမ်မရတ်ချိုတဲ့။ မင်းကို ဂုဏ်ရီးကိစ္စ ရှင်းပြချင်လို့တဲ့"

စစက ဒီနာမည် ကြားလိုက်တာမို့ နှလုံးသွေးတွေ ဆူပွက်လာလေသည်။

"ဟင့်အင်း ... စစ မပြောချင်ဘူး အန်တီမေ"

"ခဏ ပြောလိုက်ပါ။ ဒီမိန်းကလေး ဆက်တယ်ဆိုကတည်းက ဒါ တစ်ခုခု ထူးနေပြီ။ ရော့ ... နားထောင်လိုက်။ ကဲပါ ... ရော့"

စစ လက်ထဲကို ဖွတ်ထည့်ပေးတာမို့ စစက ဖုန်းကိုယူကာ နားထောင်ကြည့်လိုက်သည်။

"ဟယ်လို"

"မခင်ဦးသစ်စ ... ချို့က အမ်မရုတ်ချို့ပါ။ ယူ သိမယ်လို့ ထင်ပါတယ်"

"မင်း ဘာကိစ္စရှိလို့ တို့ဆီ ဖုန်းဆက်တာလဲ"

စစက ဒေါသသံစွက်နေတဲ့ လေသံဖြင့် ပြောလိုက်လျှင် တစ်ဖက်က အေးဆေးလေသံဖြင့် ပြန်ပြောလေသည်။

"ချို့ အခုဆက်တာ ယူနဲ့ ကိုမာန်တို့ အဆင်ပြေဖို့အတွက်ပါ။ ဖုံးကွယ်ထားတဲ့ အမှန်တရား တစ်ခုကိုလည်း သိစေချင်လို့ပါ။ ကျေးဇူးပြုပြီး တို့ ပြောတာကို ဆုံးအောင်နားထောင်ပေးပါ မခင်ဦးသစ်စ ...





ချို့က KTV မှာ အလုပ်လုပ်တဲ့ မိန်းကလေးပါ။ ချို့ဘဝမှာ ငွေရေးကြေးရေးဆိုတာ သိပ်ကို လိုအပ်ပါတယ်။ ချို့မိသားစု ရပ်တည်နိုင်ဖို့ ချို့ မောင်လေးတွေ ကျောင်းဆက်တက်ဖို့ ငွေကို ချို့ အခု အလုပ်လုပ်တဲ့ဆိုင်ရဲ့သူဌေးကပဲ အမြဲထောက်ပံ့ပေးခဲ့တာပါ။ ချို့အတွက်တော့ သူက ကျေးဇူးရှင်ပါပဲ"

စစက နားထောင်ရင်း နားမလည်ဖြစ်တာမို့ သူ စကားမဆက်ခင် ဖြတ်ပြောလိုက်သည်။

"နေပါဦး။ မင်းက ဘာကိစ္စ ဒါတွေ တို့ကိုလာပြောနေရတာလဲ"

"တို့စကားမဆုံးသေးပါဘူး မခင်ဦးသစ်စ။ အကြောင်းရှိလို့ အချိန်ကုန်ခံပြီး ပြောနေရတာပါ။ ချို့စကားကိုဆုံးအောင် နားထောင်ပါဦး။ ချို့ အဲဒီဆိုင်မှာ အလုပ်လုပ်ရင်းနဲ့ ကိုမင်းယံနဲ့ ခင်တယ်။ ပြီးတော့ ကိုမင်းယံ မိတ်ဆက်ပေးလို့ ချို့ ကိုမာန်နဲ့ ရင်းနှီးခဲ့တယ်။ ဩော် ... ရင်းနှီးတယ်ဆိုတာကလည်း ရိုးရိုးသာမန်ခင်မင်တာမျိုးပါ။ ပြီးတော့ မှတ်မှတ်ရရ ယူ ဆိုင်ကိုလာခေါ်တဲ့ နေ့လေ။ အဲဒီ



Scanned by CamScanner

နေ့က တစ်ခါပဲ ကိုမာန်က ဆိုင်ကိုရောက်ဖူးတာပါ။ ပြီးတော့ ယူလာခေါ်တဲ့ အချိန်မှာ သူက ပိုက်ဆံအိတ်နဲ့နာရီ ကျန်ခဲ့ပါတယ်။ ဟိုတစ်နေ့ကမှ ပြန်ပေးဖြစ်သွားတာ"

"ဒီမှာ ... ခဏလေး။ အခု မင်းက တို့ကို ရှင်းပြနေတာလား"

စစက လေကြောရှည်နေတဲ့ တစ်ယောက်ကို စိတ်မရှည်တော့ဟန်ဖြင့် ဖြတ်မေးလိုက်လျှင် တစ်ဖက်ကလည်း ခပ်ဟန်ဟန်လေး ပြန်ဖြေလေသည်။

"ကျွန်မ အခုပြောနေတာ အားလုံး ယူ့တို့ကောင်းဖို့အတွက်ချည်းပဲ။ အမှန်တရားကို မသိချင်ဘူးဆိုလည်း ဆက်မပြောတော့ဘူး။ ယူ သိထားဖို့က တို့က ယူ့ကို ရှင်းပြနေတာ မဟုတ်ဘူးနော် အသိပေးတာ။ ဆုံးဖြတ်တာ ယုံတာမယုံတာက ယူ့ကိစ္စပဲ"

"မင်းစကားတွေက ထူးဆန်းနေတယ်။ ဘာအမှန်တရားလဲ"

စစက နည်းနည်းတော့ ယုံချင်သလို ဖြစ်လာသည်။ အမ်မရတ်ချို့ အသံကို နားထောင်ရတာ အတည်အတံ့ကြီး ဖြစ်နေတာမို့ ဆက်နားထောင်ဖို့ ဆုံးဖြတ်လိုက်တော့သည်။





"အိုခေ ... အတိုချုပ် ပြောရရင်တော့ ဆိုင်မှာကျန်ခဲ့တဲ့ အိတ်နဲ့ နာရီက တို့သူဌေးဆီ အရင်ရောက်သွားတာလေ။ ပြီးတော့ တို့ကို အဲဒီအိတ်နဲ့ နာရီကို ပြန်ပေးခိုင်းတယ်။ ယူ့ကို ပြောပြပြီးသားနော်။ သူဌေးက တို့ရဲ့ကျေးဇူးရှင်လို့။ သူက ဘာပြောပြော ဘာခိုင်းခိုင်း တို့က တာဝန်ကျေပေးရမှာ တို့အလုပ်ပဲ။ တို့သူဌေးက အဲဒီအိတ်နဲ့နာရီကို ပြန်ပေးခိုင်းပြီး အကူအညီပါ တစ်ခုတောင်းခဲ့တယ်။ အင်း ... အကူအညီလို့ ပြောရမှာထက် ခိုင်းတယ်လို့ ပြောရင် ပိုမှန်မယ်၊ သူက တို့ကို ဘာခိုင်းလဲ သိလား။ ယူနဲ့ ကိုမာန့်ကို ကွဲအောင် တို့ကို ခလောက်ဆန်ပေးပါတဲ့"

"ဘယ်လို"

စစက နားထောင်နေရင်းက နားမလည်နိုင် ဖြစ်သွားရလေသည်။ စစနဲ့ ကိုကို့ကို ကွဲအောင်လုပ်ခိုင်းတယ်။ အဲဒါ ဘာသဘောလဲ။

"အဲဒါ ဘာသဘောလဲ အမ်မရတ်ချို။ မင်းရဲ့သူဌေးက တို့တွေအပေါ်မှာ ဘာရန်စရှိခဲ့လို့လဲ။ မင်းသူဌေးက ဘယ်သူလဲ"



Book Sharing

Scanned by CamScanner

"ဘာရန်စရှိလဲတော့ ချိုလည်း မသိဘူး။ ဒါပေမဲ့ ချို့သူဌေးက ဘယ်သူဆိုတာတော့ ပြောပြနိုင်ပါတယ်။ တို့သူဌေးနာမည်က နေခြည်ပန်တဲ့။ တို့အလုပ်လုပ်တဲ့ KTV က သူပိုင်တာလေ"

နေခြည်ပန် ...။ ဒီနာမည်ကို ရင်းရင်းနှီးနှီးသိ ...။ သြော် ...။ စစက နေခြည်ပန် ဘယ်သူလဲ စဉ်းစားနေရင်းကမှ ဘယ်သူဆိုတာကို မျက်လုံးထဲမှာ ဒိုင်းခနဲ ပေါ်မြင်သွားသည်။ ဒီမိန်းမက ကိုကို့ရည်းစားဟောင်း။

"သူက ကွဲသွားဖို့ အကူအညီတောင်းထားတာ။ ဒါပေမဲ့ တို့ဘက်က ကြိုးကြိုးမားမားတောင် အားမထုတ်ရဘဲနဲ့ အစမှာတင် ယူတို့က ပြတ်သွားကြတယ်။ ပြီးခဲ့တဲ့ရက်တွေကဆို ယူ့ကိုရှင်းပေးဖို့ ကိုမာန်နဲ့ ကိုမင်းယံ လူကိုယ်တိုင်လာပြီးတစ်မျိုး ဖုန်းနဲ့တစ်မျိုး တောင်းပန်ကြတာ။ ဒါပေမဲ့ အဲဒီတုန်းကတော့ တို့သူဌေးက ခိုင်းတဲ့တာဝန်ကို ကျေရမယ်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ တို့ မရှင်းပေးနိုင်ဘူး ဆိုပြီး ဘူးခံခဲ့တာ။ မနေ့တုန်းက ကိုမင်းယံ လာပြီး တို့ကို ကိုမာန် ရောက်နေတဲ့နေရာကို ခေါ်သွားပြတယ် ...





အဲဒီမှာပဲ တို့စိတ်တွေ ပြောင်းသွားခဲ့ပါတယ်။ ကိုယ့်ကျေးဇူးရှင်ကို သစ္စာရှိ တာဝန်ကျေချင်တာနဲ့ ချိုက သူများအသိုက်ကို ဖျက်ရလောက်အောင် မမိုက်မဲပါဘူး။ မခင်ဦးသစ်စ ယုံကြည်ပါ။ ချိုက ဘဝပေးမကောင်းခဲ့လို့ မလုပ်ချင်တဲ့နေရာမှာ အလုပ်လုပ်နေရပေမယ့် ချို့စိတ်ဓာတ်တွေက အောက်တန်းမကျပါဘူး။ ကိုဂုဏ်ရှိးမာန်က တကယ်ပဲ သစ္စာရှိတဲ့ ယောကျ်ားပါ၊ မခင်ဦးသစ်တို့ ဒီလောက်အခြေအနေတွေ ဖြစ်သွားခဲ့တာ ချို့အပြစ်တွေကြောင့်ပါ။ ချို့ကို ခွင့်လွှတ်ပေးပါ"

ဟား ...။ ဒါဆို ... ဒါဆို။ အားလုံးက အခုမှသိလည်း လွန်ကုန်ပြီဖြစ်သည်။ တကယ်တမ်း ယုတ်မာခဲ့တာဟာ နေခြည်ပန်ပဲ ဖြစ်၏။ သူ စစတို့ကို မနာလိုပြီး ယုတ်မာတဲ့ ဖန်တီးမှုကြောင့် အခုတော့ အားလုံးခက်ပြီဖြစ်သည်။

"ကျေးဇူးတင်ပါတယ် အမ်မရုတ်ချို။ မင်းသာ မပြောခဲ့ရင် တို့တွေ တကယ်ကွဲသွားကြမှာပါ။ ကျေးဇူးအရမ်းတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး။ ပြီးတော့ မခင်ဦးသစ်စကို တစ်ခု တောင်းဆိုချင်ပါတယ်"

"ဘာများလဲ ... ပြောပါ"

"ဒီလိုပါ ... ချို့ သူဌေးကို သစ္စာဖောက်မိတဲ့အကြောင်းကို ချို့သူဌေးနဲ့တွေ့ခဲ့ရင် လျှို့ဝှက်ပေးပါလို့ တောင်းဆိုချင်တာပါ။ မမနေခြည်က မခင်ဦးသစ်စအတွက် မကောင်းတဲ့သူ ဖြစ်ပေမယ့် ချို့အတွက်တော့ အကောင်းဆုံးကျေးဇူးရှင်ပါ။ အဲဒါကြောင့် ကျေးဇူးပြုပြီး ..."

"တို့ နားလည်ပါတယ်။ ပြီးတော့ ကတိပေးပါတယ် အမ်မရတ်ချို။ မင်းကို တို့က တကယ်ကို ကျေးဇူးတင်နေတာပါ"

စစက ရင်ထဲက အလုံးတွေ ရှင်းထုတ်နိုင်ပြီမို့ စိတ်က နည်းနည်းတော့ ပေါ့သွားသလို ခံစားရလေသည်။

"ဟုတ်ကဲ့။ အဲဒါဆို ဖုန်းချလိုက်တော့မယ်နော်။ Good Luck "

အမ်မရတ်ချိုက ဖုန်းချသွားသောအခါ စစကို အကဲခတ် လေ့လာနေသော အန်တီမေ့ ရင်ခွင်ထဲ အပြေးဝင်ကာ အန်တီမေ့ အကူအညီကို အရတောင်းရတော့သည်။

"အန်တီမေ ... စစ ဒုက္ခရောက်ပြီ။ ကယ်ပါဦး။ ကိုကို့ကို ကယ်ပါဦး အန်တီမေရယ်"





"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာတုံး"

စစက အန်တီမေ့ကို ပြောပြဖို့ စကားလုံးတွေ အမြန်ရွေးကာ ပြောပြချင်ပေမယ့် စစ မှားလေပြီဆိုတဲ့ ဆို့နင့်မှုကြောင့် စကားလုံးတွေက လည်ချောင်းထဲမှာသာ ဆို့နေ၍ အပြင်ကို ကန်ထွက်ဖို့ကို မနည်းထုတ်နေရလေသည်။ စစအမှားကြီးမှားပြီဆိုတဲ့ အသိက ရင်ဝဖနှောင့်နဲ့ ဆောင့်ကန်ခံရသလို အလူးအလဲကို နာကျင်အောင့်မျက်စွာ ခံစားရပါသည်။

❦ ○ ❦



Scanned by CamScanner

အချစ်ဆိုတာ
ကန္တာရထဲက မိုးဟာပ်လိုမျိုးပဲ။
စိုစွတ်တဲ့ဒေသ ရောက်ပြန်တော့
မနေတတ်ပြန်ဘူး။
ကန္တာရထဲ နေပြန်တော့လည်း
ငြိမ်ငြိမ်မနေတတ်ဘူး။





၁၆

"ဒါကတော့ မေ့မေ မတရားတာပဲ။ အဖြစ်မှန်က ဘာဆိုတာလဲ သိပြီဟာ။ အဲဒါ ခွင့်လွှတ်လိုက်လို့ ရပြီပေါ့လို့"

စစက စိတ်ပေါက်ပေါက်ဖြင့် မေမေ့ကို အကန်ပြောမိလျှင် မေမေ့ဒေါသက ငယ်ထိပ်ဆောင့်တက်ကာ စစခေါင်းကို တိန်ခနဲမြည်အောင် ခေါက်ကာ ...

"ဟဲ့ ... တော်စမ်း။ ဒီမှာ စစ၊ ငါ နင့်ကို နောက်ဆုံးစကား ပြောလိုက်မယ်။ နင် အဲဒီကောင်ကို ပေါင်းမယ်ဆိုရင် ငါတို့မိသားစုကိုဖြတ်၊ ဒါပဲ"

ပြန်အဆင်ပြေသွားပြန်တော့လည်း မေမေက ဘယ်လိုမှ သဘောမတူနိုင်ပါဘူးဆိုတော့ စစမှာ အခက်တွေ့ရပြန်ပါ



Scanned by CamScanner

သည်။ မေမေ့ဒေါသကို စစက သိနေတာကြောင့် ဘယ်က ဘယ်လို ညှိယူရမလဲတောင် မသိပါ။ မေမေက ဘယ်လိုမှ သဘောမတူပါဘူးဆိုပြီး အပြတ်ပြောနေတာကြောင့် စစ တကယ်ပဲ စိတ်ဆင်းရဲရပါသည်။

"မေမေရယ် ... စစ တကယ် စိတ်ညစ်လာပြီ၊ အဲဒီယောကျ်ားက မေမေတို့ပဲ သဘောတူလို့ သမီးနဲ့ယှဉ်ခိုင်းခဲ့တာမှုလား။ အခု စစက သူနဲ့ကွာလိုက်ရင် အလကားနေရင်း တစ်ခုလပ် ဖြစ်ဦးမယ်။ သမီး နောင်ရေးကို ဘယ်လိုစခန်းသွားရမှာလဲ မေမေရဲ့"

"ဟဲ့ ... မလိုအပ်ဘူး။ ဒီမှာ ခင်ဦးသစ်စ ... ငါကယောကျ်ားပေးစားတယ်ဆိုတာ သမီးမိန်းကလေး သီးချိန်တန်သီးပွင့်ချိန်တန်ပွင့်မို့ ယူခိုင်းတာ။ အဲဒီအကောင်က နင့်ဘဝအတွက် သင့်တော်မယ်ထင်လို့ ယူခိုင်းတာ။ ညည်းနဲ့အေအုံပါရဲ့။ ညည်းမို့ မနာနိုင်တယ်။ မွေးထားတဲ့ ငါအမေကတော့ သိပ်စိတ်နာတယ်။ ငါတယုတယ မွေးမြူထားတဲ့ ငါ့သမီး နုနုထွတ်ထွတ်ကို သင်းက ရိုက်မယ်တဲ့။ ငါနာတယ်ဟဲ့ နာတယ်။ သင်းကို အချုပ်ထဲကနေ ငါကထွက်





ကိုမထွက်စေချင်တာ။ အကြောင်းကြောင်းတွေကြောင့် ငါတို့ဘက်က အမှုကျေအေးပေးလိုက်ရတာ ...

ဒီမှာ စစ ... ညည်း မှတ်ထား။ အကြောင်းရှိလို့ အကျိုးဆိုတာ ဖြစ်လာတာ။ ဂုဏ်ရိုးမာန်သာ ဇာတ်လမ်းတွေ မရှုပ်ခဲ့ဘူးဆို လက်စားချေတာတွေ၊ အကွက်ဆင်တာတွေ ဘာမှ ရှိလာမှ မဟုတ်ဘူး။ သိပ်ရှက်စရာကောင်းတယ်။ သင်းတို့ တစ်မျိုးလုံး ရှုပ်ထွေးပွေလီတဲ့ဟာချည်းပဲ။ ငါ ပြောပြီးပြီ ခင်ဦးသစ်စ။ နင် နင့်အကောင်ကို စိတ်မနာဘဲ ပြန်ပေါင်းမယ် ဆိုလို့ကတော့ ငါ့ကို့ အပြီးပြတ်ဒါပဲ ...

ငါ့သမီးက ဘယ်ယောကျ်ားမှ အားကိုးစရာမလိုတဲ့ အစွမ်းအစနဲ့ အရည်အချင်းမျိုးကို ငါ သင်ပေးခဲ့ပြီးသား။ ဘာယောကျ်ားမှ မလိုဘူး"

"မေမေရယ်"

"တိတ်တော့ ... ငါ့ကို အဲဒီအကောင်အကြောင်း လာမပြောနဲ့။ မေလေး ... နင့်တူမကို နင်ကြည့်ပြော။ ဒီအိမ်မှာ ဂုဏ်ရိုးမာန် အကြောင်း လာမပြောနဲ့"



Scanned by CamScanner

မေမေက အန်တီမေ့ကိုပါ တစ်ခါတည်း ပြောသွားကာ အပေါ်ထပ်ကို ပြန်တက်သွားလေသည်။ စစက ငိုနေရုံကလွဲပြီး ဘာမှမတတ်နိုင်ပါချေ။ မေမေ့ဒေါသကို စစ အသိဆုံးဖြစ်တာကြောင့် မေမေက ဘယ်လိုမှ လက်မခံဘူးဆိုတဲ့ ကိုကို့အတွက် စစ ဘာမှ အယူခံဝင်လို့ မရပေ။

✿ ○ ✿





"ကျွန်တော် ကလေးမှ မဟုတ်တော့တာ မေမေရာ။ ကိစ္စတွေ ဒီလောက်ရှင်းသွားပြီ။အဲဒါတောင် မေမေက ဘာလို့လက်မခံရတာလဲ။ စစက ကျွန်တော့်မိန်းမ။ ခုပြန်အဆင်ပြေသွားတာကို မေမေတို့က ဘာလို့ သဘောမတူနိုင်ဖြစ်နေရတာလဲ"

"မတူဘူး။ လုံးဝမတူဘူး။ ဂုဏ်ရှိးမာန် ... နင် အရှက်မရှိဘူးလား။ နင့်ကို သူ့အမေ ဘယ်လိုပြောခဲ့သလဲ။ ဟမ် ... ငါ့သားလို လူမျိုးကို အချုပ်ထဲပို့ ဂုဏ်သိက္ခာကျအောင် လုပ်ခဲ့တဲ့ မိန်းမရဲ့သမီးနဲ့ ငါက ပြန်သဘောတူ ကြည်ဖြူပြီး ပေးစားရမယ်တဲ့လား။ ဒီမှာသား ... နင့်ကို စစထက် အဆတစ်ရာသာတဲ့ မိန်းမမျိုးနဲ့ ပေးစားမယ်"

Book Sharing



Scanned by CamScanner

"ကျစ် ... မေမေရာ။ ဘယ်လောက်သာတဲ့ မိန်းမပဲဖြစ်ဖြစ် ကျွန်တော် စိတ်မဝင်စားဘူး။ ကျွန်တော် စစကိုပဲချစ်တာ"

ဂုဏ်ရိုးက လုံးဝသဘောမတူပါဘူး ဆိုနေတဲ့ မေမေ့ကို ပြန်အတိုက်အခံပြုကာ ပြောနေရတာဖြစ်သည်။ စစဘက်က အသိုင်းအဝိုင်းတွေကလည်း သူ့ကို မကြည်ဖြူတော့သလို သူ့ဘက်က အသိုင်းအဝိုင်းကလည်း စစကို မကြည်ဖြူ ဖြစ်ကုန်တာမို့ အရမ်းကို စိတ်မောလှမော ဖြစ်ရလေသည်။

အဆိုးဆုံးကတော့ မကြည်ဖြူတဲ့ လူကြီးတွေထဲမှာ အမေနှစ်ယောက်က အဆိုးဆုံးဖြစ်သည်။ စစရဲ့မေမေကလည်း သမီးဇောနဲ့ သူ့ကိုမုန်းကာ သူ့ရဲ့အမေကလည်း သားဇောနဲ့မို့ စစကို ကြည့်မရတွေ ဖြစ်ကုန်တာမို့ အားလုံးက ရှော့ခ်တက်ကုန်တာဖြစ်သည်။ မေမေနဲ့ ဘယ်လိုမှ ညှိမရတဲ့အဆုံး သူက စိတ်ညစ်ညစ်ဖြင့် အခန်းထဲမှာပဲ အောင်းနေရတော့သည်၊ လူကြီးတွေ မကျေလည်တဲ့ကြားမှာ သူတို့နှစ်ယောက်က တကယ်ညပ်နေပြီဖြစ်သည်။

ဂုဏ်ရိုးက အကြံထုတ်နေရင်းက စစဆီက အခြေအနေ ဘာထူးလေမလဲဆိုပြီး ဖုန်းဆက်ကြည့်ရသည်။

"ဟယ်လို"





စစရဲ့ဖုန်းဖြေသံက တိုးညက်ညက်လေးမို့ သူက အခြေအနေ သိပ်မကောင်းဘူးဆိုတာ သဘောပေါက်ရကာ အရင်ဆုံး ရာသီဥတုကို မေးရလေသည်။

"စစ ... ပြောလို့ ရရဲ့လား၊ အိုခေရဲ့လား"

"အင်း ... ပြောလို့ရတယ်။ အခြေအနေကတော့ နီးပဲကိုကို။ မေမေက စစကို အိမ်ထဲက အိမ်ပြင်တောင် ထွက်ခိုင်းတာ မဟုတ်ဘူး။ စစ အလုပ်တွေတောင် အိမ်မှာပဲ ယူလုပ်ခိုင်းတာ"

"ဟား ... ဒုက္ခပါပဲကွာ။ ကိုယ့်မားသားကြီးလည်း ရေလည်ပွားနေတာကွာ။ စိတ်ညစ်တယ်"

သူက သက်ပြင်းမောကြီး တစ်ခုချကာ ဘာမှမပြောဘဲ ခဏလေး နှုတ်ဆိတ်နေချိန်မှာ စစက ...

"အဲဒါတွေ အားလုံးက ကိုကို့ကြောင့်။ ကိုကို သင်ခန်းစာယူပါတော့နော်"

"အေးပါကွာ။ စစ တားနေလို့သာ ကိုယ် ဟိုမိန်းမ နေခြည်ကို သွားမရှင်းတာ။ နို့မို့ဆို အဲဒီဆော် ... ကွာ ... သူလုပ်လို့"



Scanned by CamScanner

"တော်တော့ ကိုကို။ အဲဒါတွေ ပြောမနေနဲ့တော့။ စစ တားထားပြီးသားနော်။ ကိုကို စိတ်လိုက်မာန်ပါလုပ်ပြီး သွားရှင်းရင်တော့ ဖြစ်လာမယ့် အကျိုးဆက်ကို စစတို့ ဘာမှမတတ်နိုင်ဘူးနော်"

စစရဲ့တားမြစ်သံလေး ကြားရတဲ့အခါ သူက အရမ်းကို ကြေကွဲခံစားရလေသည်။ စစကို သူ ဘယ်လိုမှ မဝေးချင်။ မဝေးနိုင်။ လူကြီးတွေ ပြန်အဆင်ပြေမယ့် အချိန်ကိုသာ စောင့်နေရရင် သူတို့နီးဖို့ ဝေးနေဦးမည်။ မဖြစ်ဘူး ...။ ဂုဏ်ရှိးက ရဲရဲတင်းတင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေသည်။

"စစ ... ကိုကိုပြောတာ သေချာနားထောင်နော်။ ကိုယ် စစကို လာခိုးမယ်။ မဖြစ်‌,ဖြစ်တဲ့နည်းနဲ့ စစကို ရအောင် ပြန်ခေါ်မယ်"

သူ့စကားကြောင့် စစဘက်က ဘာမှအသံထွက်မလာတာမို့ သူက ဖုန်းလိုင်းများ ပြတ်သွားသလားဆိုပြီး "ဟယ်လို" ပြန်လုပ်ရသည်။

"စစ ... ဟယ်လို ... စစ ... ကြားလား"

"ဟုတ် ... ကြားပါတယ်"





"ကြားရင် ပြန်ပြောဦးလေကွာ။ ကိုကို စစကို လာခိုးမယ် လို့နော်။ စစ အဆင်သင့် ပြင်ထားနော်"

စစဘက်က တုံ့ပြန်မှု ဘာမှထွက်မလာတာကြောင့် သူက ရင်တော့တုန်သွားရလေသည်။ စစက ဘာလို့ပြန်မပြောတာလဲ။ လက်မခံတဲ့ သဘောလား။

"စစ ... တစ်ခုခု ပြောဦးလေ"

"ကိုကို ... စစ စဉ်းစားနေတာ"

"ဘာကိုလဲ စစ။ ဘာကိုလဲဟင်"

"စစကို နောက်တစ်ခါ ထပ်လိမ်မှာ စိုးတာ။ စစ ကြောက်တယ် ကို။ ယောကျ်ားတစ်ယောက်ရဲ့ ချစ်တဲ့ အချစ်ကို စစ မယုံရဲတော့ဘူး။ ဒီတစ်ခါရော ကိုကိုက စစကို လိမ်ဦးမှာလား"

သူ့ရင်ထဲမှာ ဆို့သွားရသည်။ စစကို သူ သိပ်ချစ်ပါသည်။ ဒါပေမဲ့ တစ်ခါတစ်ရံ ချုပ်ချယ်မှုဘောင်တွေများလာတဲ့အခါ ရုတ်တရက် လွတ်ထွက်သွားကာ လိမ်မိတာမျိုးဖြစ်သည်။ ဒါပေမဲ့ သူ အခုတော့ အများကြီးကို သဘောပေါက်ခဲ့ပြီဖြစ်သည်။



Scanned by CamScanner

"စစရယ် ... ကိုယ် အများကြီး သင်ခန်းစာ ရနေပါပြီ။ တကယ်တော့ အိမ်ထောင်ရေးဆိုတာ အရမ်းကို ထိန်းကျောင်းရခက်တဲ့ ဝေါဟာရတစ်ခုပါ။ အခု ကိုယ် အများကြီး နားလည်သွားပြီ။ အိမ်ထောင်တစ်ခုသာယာဖို့ အချစ်နဲ့ ပေါင်းသင်းနေရုံနဲ့ မရဘူးဆိုတာလည်း ကိုယ်နားလည်ပြီ။ ကိုယ့်ကိုယုံပါ စစရယ်။ ကိုယ် မိန်းမကို အရမ်းလွမ်းတယ်။ ကိုကို့ကို နောက်တစ်ကြိမ် အခွင့်အရေး ပြန်ပေးပါ စစရယ် ... နော်"

"မေမေတို့က သဘောမှမတူတော့တာ"

"အရေးကြီးတာ ကိုယ်တို့နှစ်ယောက်ပဲလေ စစရယ်။ ကိုကိုတို့ သာယာတဲ့ အိမ်ထောင်ရေးကို ထူထောင်ပြနိုင်ရင် ဖေဖေ မေမေတို့ စိတ်ပြေသွားကြမှာပါ။ ကိုယ့်အပြစ်တွေကို အားလုံး သင်ပုန်းကြေအောင် ကိုယ် စစကို အရင်ထက်ပိုပြီး တာဝန်ကျေရစေမယ်။ ကိုကို့ကို အခွင့်အရေးလေးပေးပါ မိန်းမရယ်"

"အဟင်း ... ကြော်ငြာကတော့ ညွှန်းနေတာပဲ။ ကောင်းပြီလေ။ စမ်းကြည့်တာပေါ့။ ကိုကို ... စစကို လိမ်မပြော





ရဘူးနော်။ ပြီးတော့ အရင်လို အပေါင်းအသင်းတွေလည်း မမက်ရဘူးနော်"

"ယုံပါကွာ။ အော် ... စစ ... အရေးကြီးတာ မေးစရာ ရှိသေးတယ်။ ကိုယ့်ကို ချစ်သေးရဲ့လားဟင်"

သူက စစဆီက အဖြေကို မျှော်လင့်တကြီး စောင့်စားနေလျှင် စစက အရမ်းကို ရင်ခုန်စရာကောင်းစွာ ကပ်ချုပ်သွားလေသည်။

"စစ ကိုကို့ကို ချုပ်ချယ်နေတာ ဘာကြောင့်လဲလို့ ကိုကို မမေးခဲ့တာ မှားတာပဲ။ ကိုကို့ကို ချုပ်ချုပ်တာ မဟုတ်ပါဘူး။ ချစ်လို့ ယူထားတဲ့ယောကျ်ားကို အချစ်တွေနဲ့ ချည်နှောင်ထားတဲ့ သဘောပါ"

"ဟား ... ကြွေတယ်ကွာ။ မတွေ့ရတဲ့ရက်တွေအတွက် ဒီတစ်ခွန်းနဲ့တင် သေလို့ရပြီ။ ကိုကို အခုလာခိုးတော့မယ်"

"အာ ... မရဘူးလေ။ အဲဒီလို။ ဖေဖေ အိမ်မှာရှိတယ်"

"အဲဒါဆို မနက်ဖြန်။ အဆင်ပြေတဲ့အချိန် ခိုးမယ်ကွာ။ စစ စောင့်နေနော်"



Scanned by CamScanner

"ဟုတ်"

ဂျက်ရီးက သေချာ အချိန်အချက် လုပ်ပြီးသွားလျှင် သူဟာ မနက်ဖြန်အတွက် ရင်တွေခုန်လာလေသည်။ ယူထားတဲ့ မိန်းမကို ပြန်ခိုးရတာဟာ အသစ်ဆုံး ရင်ခုန်မှုပဲ ဖြစ်ပါလိမ့်မည်။

❦ ○ ❦





သံသယ မိုးယိုနေသည်။
ရင်ဘတ်ခေါင်မိုး မလုံ၍ဖြစ်၏။
နားလည်မှုတိပ်ဖြင့် ဖာထေးလိုက်ပါ။
မိုးလုံလေလုံ အိမ်ထောင်ပြုလို့ ရပါသည်။



Scanned by CamScanner

## ၁၇

အခြေအနေက ဘယ်တော့မှပေးမလဲ စောင့်နေရင်း နေရင်းက ညက မိုးချုပ်သွားလေသည်။ စစနဲ့ ဖုန်း Contat မိနေသော်လည်း စစကလည်း အိမ်ထဲက ထွက်လာလို့မရသလို သူကလည်း အိမ်ထဲကို ဝင်လို့မရပေ။ စစကလည်း ဘယ်လိုမှမလစ်သလို သူ့မှာလည်း ခြံရှေ့ မလှမ်းမကမ်းနားကနေ ရစ်သီရစ်သီ လုပ်နေရတာပြစ်သည်။

"ကိုကို ... ပြန်လိုက်ပါတော့။ အခြေအနေက ဘယ်လိုမှမဟန်ဘူး"

"အာ ... မပြန်ပါဘူး။ စစ ဘာမှစိတ်မပူနဲ့။ ဘယ်လိုမှလူမလစ်ဘူးဆိုရင် ဟိုတစ်ခါတုန်းကလို ဆယ့်တစ်လောက်ကိုကို စစအခန်းကို တက်လာပြီး စစကို လာခေါ်မယ်ကွာ။ ဘာမှမပူနဲ့ ... နဲ့ ... ဟော ... စစ ... ဟိုမှာ စစ





အမေကား ထွက်သွားပြီ။ ကိုယ် ဝင်လာခဲ့တော့မယ်။ စစ ဒါပဲနော်"

သူက ဖုန်းအမြန်ချကာ အပြေးအလွှားသွား၍ ခြံထဲဝင်လေလျှင် ခြံစောင့်က သူ့ကို ဖွတ်တားလေသည်။

"ဟော့ကောင် ... ငါလေကွာ။ မင်း မမလေးယောကျ်ား။ ဖယ်စမ်းပါကွာ"

"မရဘူး အစ်ကိုလေး။ မေမေကြီးက မှာထားတယ်။ အစ်ကိုလေးကို လုံးဝခြံထဲပေးမဝင်ရဘူးတဲ့"

"ဟော့ကောင် ... မင်း သေတော့မှာပဲ။ ဖယ်စမ်းပါကွာ"

"ကိုတိုး ... ဖယ် ... စစ ခေါ်ထားတာ"

စစက သူ့ဆီ အပြေးအလွှား ရောက်လာလျှင် သူက စစ မျက်နှာ မြင်ရတော့ အားတက်သွားသည်။

"ကိုကို ... လာ ... သွားမယ်"

စစက သူ့လက်ကိုဆွဲကာ ထွက်လာလျှင် ခြံရှေ့မှာ ကားတစ်စီး ထိုးဆိုက်လာကာ ဆင်းလာသူကို ကြည့်လိုက်လျှင် သူကော စစပါ အရမ်းအံ့အားသင့်သွားသည်။

"မေမေ ... မေမေ"



Book Sharing

Scanned by CamScanner

သူတို့နှစ်ယောက်ရဲ့ နှစ်ဖက်မိဘစုံညီကို မျက်နှာချင်းဆိုင် မြင်ရတာမို့ သူက အရမ်းအံ့သြသွားသလို စစကလည်း သူ့လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ကာ သူ့နောက်အကွယ်မှာ ဝင်ရပ်သည်။ ဂုဏ်ရိုးက ရင်ဆိုင်ဖို့ အသင့်ရှိနေစဉ်မှာ စစအဖေက သူ့ကို ခပ်အေးအေးလေသံဖြင့် ပြောလေသည်။

"မင်းက သိပ်ကို သတ္တိကောင်းနေတာပဲ။ ကဲ ... အိမ်ထဲဝင်ပါဦး။ လာကြ"

သူက ခေါင်းတစ်ချက်ညိတ်ပြကာ စစတို့နဲ့အတူ အိမ်ထဲဝင်လိုက်လာခဲ့သည်။ အိမ်ထဲမှာ လူစုံတက်စုံ ရှိနေကာ တစ်စုံတစ်ခုပြောဖို့ အသင့်ရှိနေချိန်မှာ စစရဲ့ဖခင်ကပဲ စကားစပြောတာ ဖြစ်သည်။

"မောင်ဂုဏ်ရိုး ... မင်း ဘာဖြစ်လို့ ဒီအထိရောက်လာရတာလဲ။ သမီးနဲ့ မင်းကအဆင်မပြေလို့ လမ်းခွဲထားတာလေ"

"ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော်တို့ကြောင့် တစ်သက်လုံး ခင်မင်လာတဲ့ လူကြီးတွေ နှစ်ဖက်မျက်နှာ





ပျက်ရတာကို တကယ် စိတ်မကောင်း ဖြစ်ရပါတယ်။ ကျွန်တော် အသိတရားတွေ အများကြီး ရခဲ့ပြီးပါပြီ အဖေ။ အဖေတို့ အမေတို့ ကျွန်တော့်ကို နောက်တစ်ကြိမ် အခွင့်အရေး ထပ်ပေးပါ။ ကျွန်တော် လူကြီးတွေကို စိတ်မပျက်စေရပါဘူး။ စစကိုလည်း စိတ်ချမ်းချမ်းသာသာနဲ့ အဆင်ပြေတဲ့ အိမ်ထောင်ရေးမျိုးဖြစ်အောင် ထူထောင်ပါ့မယ်"

သူ့ရဲ့စကားအဆုံးမှာ သူ့မိဘတွေကပါ ရယ်၍ မေမေက ဝင်ပြော၏။

"သား ... မေမေတို့ လူကြီးတွေ အဆင်မပြေတာက ညှိယူလို့ရတယ်။ အိမ်ထောင်ရေးကတော့ အဆင်မပြေတာတွေများလာတာနဲ့ အမြဲ ညှိယူဖို့ဆိုတာ မလွယ်ကူတော့ဘူး။ အိမ်ထောင်ရှင်ဖြစ်လာတဲ့ သားနဲ့သမီး ဒီလိုပဲ တကျက်ကျက်ဆို ကြာရင် ပိုဆိုးသွားမှာစိုးလို့ မေမေတို့တွေ စိတ်သဘောထားချင်းတောင် မတိုက်ဆိုင်ဘူး ဖြစ်သွားခဲ့ရတယ်"



Scanned by CamScanner

အခြေအနေက ကောင်းမယ့် အလားအလာမှာ ရှိနေတာမို့ ဂုဏ်ရှိန်က နည်းနည်းတော့ နားလည်သွားသည်။ သူ့ အသိတရားတွေလည်း အများကြီး ရသွားခဲ့ပြီဖြစ်သည်။ သူက စစကို မျက်လုံးဖြင့် အချက်ပြလိုက်ကာ ဆိုဖာက ဆင်းကာ အောက်ကြမ်းပြင်မှာထိုင်၍ ရှိသေစွာ ကန်တော့လိုက်သည်။

"ဖေဖေ မေမေတို့ အပေါ်ကို ကျွန်တော် ပြောမှားဆိုမှား ရှိခဲ့တာတွေအတွက် တောင်းပန်ပါတယ်။ ကျွန်တော့်ကို နောက်တစ်ကြိမ် ထပ်အခွင့်အရေးပေးပါ ...

အိမ်ထောင်တစ်ခုရဲ့ အနှစ်သာရက ဘာဆိုတာလဲ ကျွန်တော် သိပါပြီ။ အိမ်ထောင်သည်ဘဝမှာ တစ်ယောက်ကိုတစ်ယောက် နားလည်မှုတွေနဲ့ ကိုယ့်အိမ်ထောင်ဖက်ကို အာရုံစိုက် အလေးထားရမယ်ဆိုတာ ကျွန်တော်သိပါပြီ။ ကျွန်တော် တာဝန်ကျေတဲ့ ယောကျ်ားကောင်း ဖြစ်စေရပါမယ်လို့ ကတိပေးပါတယ်"

"ကဲ ... သမီးကကော ဘယ်လိုလဲ"

"စစလည်း ဖေဖေ မေမေတို့ကို ပြောမှားဆိုမှား ရှိခဲ့တာတွေ အတွက် ကန်တော့ပြီး တောင်းပန်ပါတယ်။ စစလည်း





မှားခဲ့တာတွေ အများကြီးရှိပါတယ်။ စစတို့ကို အခွင့်အရေးပေးပါလို့ တောင်းပန်ပါရစေ။ သမီးလည်း အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားပါ့မယ်"

သူတို့နှစ်ယောက်က လူကြီးတွေကို ကတိပြုပြီး နောက်မှာတော့ လူကြီးတွေက အေးဆေးသဘောကျသော အပြုံးတစ်ခုဖြင့်ပြုံးကာ စစတို့ စိတ်ပူနေသော အဆင်မပြေဘူးထင်နေသော အမေနှစ်ယောက်က အပြုံးကိုယ်စီဖြင့် စစတို့ကို ကြည့်ကာ ...

"သား ... မင်း ကတိကို တည်အောင် ကြိုးစားရမယ်။ မင်း အပေါင်းအသင်းမက်ပြီး ဟိုသွား ဒီသွား သွားတာတွေ လျှော့ဖို့လိုပြီနော်။ သမီး စစကို စိတ်ချမ်းသာအောင် ထားရမယ်"

"ဟုတ်ကဲ့ ... မေမေ။ ကျွန်တော် ကတိပေးပါတယ်"

စစနဲ့ သူဟာ ဒီကမ္ဘာမှာ အပျော်ဆုံးလူသားဖြစ်သွား၍သည်၊ ဒီတစ်လျှောက် စိတ်ဆင်းရဲ ပင်ပန်းခဲ့သမျှ အားလုံး ပြေပျောက်တဲ့နေ့ပဲ ဖြစ်၏။ ဂုဏ်ရှိန်က စစ အနား,နား တိုးကပ်ကာ ...



Scanned by CamScanner

"ကိုကိုတို့ အိမ်ထောင်ရေးမှာ ဘာအနှောင့်အယှက်မှ မရှိအောင် နားလည်မှုပါပေါင်းပြီး ချစ်ကြမယ်။ စစကို အရမ်းချစ်တယ်"

စစက သွားတက်ကလေးတွေ ပေါ်လာအောင်ပြုံးကာ အသာခေါင်းညိတ်ပြသည်။ အချစ်တွေ နားလည်မှုတွေ အပြည့်ဖြည့်ကာ ယိုယွင်းနေတဲ့ ရင်ဘတ်ခေါင်မိုးကို ဖာထေးခဲ့ပြီးပြီဖြစ်သည်။

အချစ်ရယ် ...။ နားလည်မှုရယ် ...။ ရှိနေပြီဖြစ်တဲ့အတွက် မိုးလုံလေလုံ အိမ်ထောင်ပြုလို့ ရပါပြီ။

❦ ○ ❦

ကျေးဇူးတင်စွာဖြင့်

**မယ်မင်းဘုံ**

25. Oct. 2013 (Fri)

5:41 AM

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်

မယ်မင်းဘုံ

အမှတ်-၃၉(မြေညီ)၊ ဓမ္မဇိဋ္ဌာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**

Book Sharing

Scanned by CamScanner